The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 23 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | June 24, 2019

# စားသုံးသူများအတွက် အခွင့်အရေးကောင်း ဖြစ်နိုင်မှာ
# စီးပွားရေးပတ်ဝန်းကျင်ကောင်း ဖြစ်လာမည့် ယှဉ်ပြိုင်မှုကော်မရှင်

စာမျက်နှာ - ၈ ➢







## ယခုဘဏ္ဍာနှစ်အတွင်း မြန်မာ့စီးပွားရေး တိုးတက်မှုနှုန်း မြင့်တက်မည်ဟု ကမ္ဘာ့ဘဏ်မျှော်မှန်း

စာမျက်နှာ - ၁၃ ➢

## လယ်ယာထွက်ကုန်များ တိုးချဲ့တင်ပို့နိုင်ရန် အစီအမံများ ချမှတ်ရန်လိုပြီ

စာမျက်နှာ - ၂၅ ➢

## စီးပွားရေးလုပ်ငန်း
## အခွင့်အလမ်းကောင်းများ

### ကုန်သွယ်မှုသင်တန်းကျောင်းနှင့် သူတို့အမြင်

စာမျက်နှာ - ၁၂ ➢

## ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မည်

စာမျက်နှာ - ၂၆ ➢

Commitment 承諾

| | | | | |
|---|---|---|---|---|
| 價 | Price | - | Competitive | 最具競爭力 |
| 質 | Quality | - | Premier | 最優良 |
| 配 | Delivery | - | Timely | 最準時 |

三最引領, 譽享五洲; 福記糧品, 名揚四海




鴻福貿易有限公司

GREAT LUCK CO., LTD.

One of the Leading Export, group companies in Myanmar

旺福貿易有限公司

BOOMING LUCK CO., LTD.




: No. 119, Lower Kyeemyindine Rd, Ahlone Township, Yangon, Myanmar.
: greatluck@gmail.com
: +95 1 231 5556, +95 1 231 5589
+95 9 5500 440, +95 9 512 7073

ဗုဒ္ဓ ဓမ္မ သံဃ

# စိန်သီဟ

ပလတ်စတစ်ပုံနှိပ်လုပ်ငန်း

Since:1982

# SEIN THI HA PLASTIC PRINTING WORK



- အမှတ် (H.182) ၊ (၆၁)လမ်း နှင့် ဓဝရတ်လမ်းထောင့်၊ (ကနောင်မင်းသားကြီးလမ်း-မြောက်ဘက်တစ်ပြ)၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၁)၊ မန္တလေးမြို့။
- Factory: 02-5154183, 5153788, Hot Line: 09-2005744, 792005744, 450050070
- Email:www.facebook.com/SEIN THIHA Plastic Printing,Cutting & Packing Co.,Ltd.

ခေတ်မှီ လုပ သေသပ် ခိုင်ခံ့သော ထုပ်ပိုးအိတ်နှင့် အလိပ်များကို အရည်အသွေးအကောင်းဆုံးနှင့် အလျင်မြန်ဆုံးဖြစ်အောင် ဝန်ဆောင်မှုပေးနေပါသည်။

ရေသန့်ဗူးပလပ်စတစ်ပတ်များကိုလည်း ဆောင်ရွက်ပေးပါသည်။

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီအစည်းအဝေးတက်ရောက်



မော်တော်ယာဉ် တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ (၂/ ၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ဇွန် ၂၁ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီအနေဖြင့် ၂၀၁၉ ခုနှစ် မေလအထိ မော်တော်ယာဉ် အရောင်းစင်တာ ၁၂၀ နှင့် အရောင်းပြခန်း ၄၄ ခုတို့အား ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်းတွင် Automobile တပ်ဆင်ထုတ်လုပ်သည့် လုပ်ငန်းစဉ်ကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှ ၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ CKD/SKD စနစ်နှင့် မော်တော်ယာဉ် တင်သွင်းထုတ်လုပ်သည့် ကုမ္ပဏီရှစ်ခုအား ထုတ်လုပ်ရန်အတွက် တင်သွင်းခွင့်ပြုခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်သည့် ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ SKD သတ်မှတ်ချက်များနှင့်အညီ တင်သွင်းထုတ်လုပ်မှုမှတစ်ဆင့် နိုင်ငံအတွင်း နည်းပညာအခွင့်အလမ်းများကို ရရှိနိုင်သဖြင့် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာဌာနများ၊ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့်အညီ တွေ့ကြုံရသည့် အခက်အခဲများကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခြင်းဖြင့် အခက်အခဲများအား ဖြေရှင်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

စာမျက်နှာ ၁၆ သို့

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် တတိယအကြိမ်ပုံမှန်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် တတိယအကြိမ် ပုံမှန်အစည်းအဝေးကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမှာစကားပြောကြားရာတွင် ကော်မရှင်အနေဖြင့် အကောင်အထည်ဖော်ရန် ကဏ္ဍများစွာရှိနေကြောင်း၊ ယှဉ်ပြိုင်မှုဆိုင်ရာ အသိပညာပေးခြင်းများကို နည်းလမ်းပေါင်းစုံအသုံးပြုပြီး ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဥပဒေချိုးဖောက်မှုများကိုလည်း ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးတွင် ကော်မရှင်၏ စီမံရေးရာကိစ္စရပ်များ ဆောင်ရွက်ပြီးစီးခဲ့မှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များ၊ အထူးသဖြင့် ယှဉ်ပြိုင်မှုဥပဒေ လေးစားလိုက်နာမှုမြှင့်တင်ရန်အတွက် အစီအစဉ်ချမှတ်ဆောင်ရွက်ရေး ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက် ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

# ဒုတိယဝန်ကြီး ဦးအောင်ထူး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးကို ဇွန် ၁၈ ရက် နံနက် ၁၁ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ကျင်းပရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC)မှ ကိုယ်စားလှယ်အဖွဲ့က ၂၀၂၀-၂၀၂၅ ခုနှစ်တွင် အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) ကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် ဦးစားပေးကဏ္ဍများ အဆိုပြုတင်ပြမှုကို ရွေးချယ်အတည်ပြုနိုင်ရန် ဆွေးနွေးခဲ့ပြီး ဆွေးနွေးချက်များအပေါ် ITC မှ အဆိုပြုရွေးချယ်တင်ပြထားသည့် ဦးစားပေးကဏ္ဍများနှင့် အထောက်အကူပြုကဏ္ဍများကို အပြီးသတ်ရွေးချယ် အတည်ပြုရန်ဖြစ်ကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းကို နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ရင်းနှီးမြှုပ်နှံမှုနှင့်

စာမျက်နှာ ၁၆ သို့

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မြင့်လွင်
မင်းမင်း
ဦးဦးဟန်
မြတ်ထွန်းကျော်
**စာတည်းမှူးချုပ်**
အောင်သူရ
**အုပ်ချုပ်ရေးမှူး**
အေးအေးမော်
**တာဝန်ခံစာတည်း**
စိန်သံ
**စာတည်းအဖွဲ့**
ရဲမင်းနိုင်
**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း
**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)
**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်
**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃
**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး
**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)
**ကွန်ပျူတာ**
သင်းသီရိအောင်
**Layout Design & Graphic Design**
CJ Design Group
**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
**Email Address**
commercejournal.editor@gmail.com

# ဇွန်ဒုတိယပတ်အတွင်း ဆန်နှင့်ဆန်ကွဲတန်ချိန် ငါးသောင်းကျော်တင်ပို့

ဇွန်ဒုတိယပတ်ဖြစ်သည့် ၈ ရက်မှ ၁၄ ရက်အထိ ကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာနှစ်သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၇၇၅၀ကျော် တင်ပို့ခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ်တွင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဧည့်ထဆန်နှင့်ငစိန်ဆန် တန်ချိန်၇၅၉၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှတန်ချိန်၁၆၀နီးပါး၊လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှငါးတန်တင်ပို့ခဲ့သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန်၁၈၀၀ခန့် ပိုမိုတင်ပို့နိုင်ကြောင်းသိရသည်။ ယခုတစ်ပတ်တွင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှဆန်ကွဲ တန်ချိန် ၅၀၀ နှင့် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲ ၂၂ တန်ကျော် တင်ပို့ခဲ့သည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇွန် ၉ ရက်မှ၁၅ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၃၆၅၀၀ ကျော် တင်ပို့ခဲ့ပြီး အာရှ၊ အာဖရိနှင့်ဥရောပနိုင်ငံများသို့ တင်ပို့ခဲ့သည်။ အာရှတွင် ဖိလစ်ပိုင်၊ တရုတ်၊ မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ရုရှားနိုင်ငံများသို့တင်ပို့ခဲ့ပြီး ဖိလစ်ပိုင်သို့ တန်ချိန် ၇၀၀၀ ခန့်နှင့် တရုတ်သို့ တန်ချိန် ၂၁၀၀ကျော် တင်ပို့ခဲ့သည်။ အာဖရိကတွင် ကင်မရွန်နိုင်ငံသို့ တန်ချိန် ၁၀၀၀၀ ကျော်၊ အိုင်ဗရီကို့စ်သို့ တန်ချိန် ၅၄၀၀ ကျော်၊ မက်ဒါဂါစကားနိုင်ငံသို့ တန်ချိန် ၃၄၀၀နီးပါး ၊တိုဂိုသို့တန်ချိန် ၁၀၀၀ ကျော်တင်ပို့ခဲ့ပြီး အီးယူနိုင်ငံများသို့ တန်ချိန် ၄၄၀၀ကျော်တင်ပို့ခဲ့ကြောင်းသိရသည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၁၅၀၀၀ နီးပါး ပိုမိုတင်ပို့ခဲ့သည်။

ယခုတစ်ပတ် ရေကြောင်းမှ အမေရိကန်ဒေါ်လာနှစ်သန်းကျော် တန်ဖိုးရှိ ဆန်ကွဲတန်ချိန်၁၀၀၀၀ ကျော်တင်ပို့ခဲ့ပြီး အီးယူနိုင်ငံများသို့တန်ချိန် ၉၀၀၀ကျော်နှင့် အာဖရိကနှင့် ဗီယက်နမ်၊ စင်ကာပူနိုင်ငံများသို့တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန်ချိန် ၃၀၀၀ ကျော် ပိုမိုတင်ပို့နိုင်ကြောင်းသိရသည်။ ယခုတစ်ပတ်ဆန်နှင့်ဆန်ကွဲတင်ပို့မှုစုစုပေါင်းမှာ ဆန်တန်ချိန်၄၄၀၀၀ ကျော်နှင့် ဆန်ကွဲတန်ချိန် ၁၀၀၀၀ ကျော်ဖြစ်ပြီး ယခင်တစ်ပတ်ထက် ဆန်ရောဆန်ကွဲပါ ပိုမိုတင်ပို့နိုင်ခဲ့သည်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၁-၆-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၀၁ | ၄၀၂ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၁ | ၃၉၂ | △ | ၃၃၅ | ၃၃၀ | ▽ | ၃၀၀ | ၃၉၀ | △ | ၃၆၃ | ၃၆၀ | ▽ |
| ဆန်ဖြူ ၁၀% | ၃၉၀ | ၃၉၁ | △ | ၃၃၀ | ၃၂၈ | ▽ | - | - | - | ၃၅၈ | ၃၅၅ | ▽ |
| ဆန်ဖြူ ၁၅% | ၃၈၆ | ၃၈၇ | △ | ၃၂၅ | ၃၂၅ | □ | - | - | - | ၃၅၃ | ၃၅၀ | ▽ |
| ဆန်ဖြူ ၂၅% | ၃၇၆ | ၃၇၈ | △ | ၃၀၇ | ၃၀၇ | □ | ၃၅၅ | ၃၆၀ | △ | ၃၃၀ | ၃၂၀ | ▽ |
| ပေါင်းဆန် | ၄၂၃ | ၄၂၇ | △ | - | - | - | ၃၆၃ | ၃၆၆ | △ | - | - | - |

*Source: liverice*

# မြောင်းမြ၊ မအူပင်နှင့်ဖျာပုံခရိုင်တို့တွင် မိုးညှင်းမထစပါးဈေး အနည်းငယ်မြင့်တက်

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြောင်းမြ၊ မအူပင်နှင့် ဖျာပုံခရိုင်တို့တွင် မိုးညှင်းမထစပါးဈေးနှုန်းများ ယခင်တစ်ပတ်ထက် မြင့်တက်လျက်ရှိပြီး မြောင်းမြခရိုင် မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာနှင့် မော်လမြိုင်ကျွန်းမြို့နယ်များတွင် ယခင်မိုးညှင်းမထစပါး ၄၆ ပေါင်၊ တင်း ၁၀၀ကို ကျပ် ၅၈၀၀၀၀ ဝန်းကျင်မှ ယခုကျပ် ၅၉၀၀၀၀ ခန့်၊ မအူပင်ခရိုင်၊ ပန်းတနော်၊ ညောင်တုန်းနှင့် ဓနုဖြူမြို့နယ်များတွင် ယခင်မိုးညှင်းမထ စပါး ၄၆ ပေါင်၊ တင်း ၁၀၀ ကို ကျပ် ၅၈၈၀၀၀ မှ ယခု ကျပ် ၅၉၈၀၀၀၊ ဖျာပုံခရိုင်၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ်များတွင် ယခင်မိုးညှင်းမထစပါးဈေး ၄၆ ပေါင်၊ တင်း ၁၀၀ ကို ကျပ် ၅၃၃၀၀၀ မှ ယခု ကျပ် ၅၄၅၀၀၀ ဖြစ်သွား၍ စပါးတင်း ၁၀၀ ကို ကျပ် ၁၀၀၀၀ ဝန်းကျင် မြင့်တက်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်သတင်းများမှ သိရသည်။

မြောင်းမြခရိုင်၊ မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်အများစုတွင် စပါးလက်ကျန်နည်းပါးလာခြင်း၊ ရန်ကုန်ဈေးကွက်အရောင်းအဝယ်သွက်၍ အညာဈေးကွက်သို့ တင်ပို့နေရခြင်းတို့ကြောင့် စပါးဈေးနှုန်း အနည်းငယ်မြင့်တက်လျက်ရှိပြီး ကျန်သည့်ခရိုင်၊ မြို့နယ်များတွင် အရောင်းအဝယ်ပုံမှန်ရှိနေ၍ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း ဈေးကွက်သတင်းမှ သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

# ပြည်တွင်းမြို့ကြီးများ၏ (၂၁-၆-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၃၂၀ | ▽ | ၂၀၀၀၀ | □ | ၉၁၅၀ | □ | ၄၀၀၀၀ | □ |
| ပုသိမ် | ၅၇၀၀ | □ | ၂၃၀၀၀ | □ | ၉၂၀၀ | △ | ၄၁၀၀၀ | □ |
| ပဲခူး | ၅၄၅၀ | □ | ၂၂၀၀၀ | □ | - | - | ၄၃၀၀၀ | □ |
| ရွှေဘို | ၈၅၀၀ | △ | ၃၂၀၀၀ | □ | ၁၄၅၀၀ | □ | ၄၆၀၀၀ | □ |
| စစ်တွေ | ၅၅၀၀ | △ | ၂၄၀၀၀ | △ | ၉၆၀၀ | △ | ၄၁၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၇၀၀ | ▽ | ၂၆၀၀ | □ | - | - | ၄၇၅၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၂၀၀ | □ | ၂၈၀၀၀ | □ | - | - | ၅၂၀၀၀ | □ |
| မန္တလေး | ၇၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၇၅၀၀ | □ | ၂၄၀၀၀ | △ | - | - | ၅၃၀၀၀ | △ |
| မော်လမြိုင် | ၅၅၀၀ | □ | ၂၂၀၀၀ | □ | ၉၆၆၀ | □ | ၃၈၀၀၀ | □ |
| လှိုင်ကော် | ၈၆၉၀ | □ | ၄၃၀၀၀ | □ | - | - | ၆၇၀၀၀ | □ |
| မြိတ် | ၅၆၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| ဘားအံ | ၅၅၀၀ | □ | ၂၁၀၀၀ | □ | - | - | ၄၈၅၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# မြစ်ကြီးနားတွင် လျှော်ဖြူနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပ ကချင်ပြည်နယ် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း ဖွဲ့စည်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူးပြီး လျှော်ဖြူတိုးမြှင့်စိုက်ပျိုးထုတ်လုပ်ခြင်း၊ တန်ဖိုးမြင့်ထုတ်လုပ်မှုနည်းစဉ်နှင့်ဈေးကွက်ဖော်ဆောင်မှုအလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ဇွန် ၁၉ရက် နံနက် ၉ နာရီတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ ပြည်နယ်သမဝါယမအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားသို့စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း တက်ရောက်၍ လျှော်ဖြူစိုက်တောင်သူများအနေဖြင့်ပြည်တွင်းဈေးကွက်သာမက နိုင်ငံခြားဈေးကွက်အထိ ချဲ့ထွင်ပြီး ဈေးကွက်ခိုင်မာရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး တိုးတက်အောင်မြင်ရန်အတွက် နိုင်ငံတော်၏မူဝါဒ၊ ပြဋ္ဌာန်းချက်၊ ညွှန်ကြားချက်များကို သိရှိလိုက်နာပြီး အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့များဖြင့် စည်းလုံးညီညွတ်စွာလုပ်ကိုင်၍ ဈေးကွက်သတင်းအချက်အလက်များကိုသိရှိပြီး ထုတ်ကုန်အရည် အသွေးများကိုတိုးမြှင့်ရမည်ဖြစ်ကြောင်း စသည်တို့ကို အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဖေသန်းဝင်းက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းအကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ဆန်းလင်းက လျှော်ဖြူဈေးကွက်၊ ဆေးကုလားမစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လျှော်ဖြူစိုက်တောင်သူ ဦးစံရွှေက လျှော်ဖြူအစေးထုတ်ခြင်းနည်းပညာနှင့် နည်းစနစ်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းလွင်ဦးက ပြည်ပတင်ပို့ခြင်း နည်းစဉ်များ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲပြီးဆုံးပြီးနောက် တက်ရောက်လာသော လျှော်ဖြူစိုက်ပျိုးသည့် တောင်သူများသည် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်ရောင်းချသူများ၏အခွင့်အရေးကာကွယ်ရန်နှင့် မျှတသောအကျိုးစီးပွားကို ဖော်ဆောင်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကချင်ပြည်နယ် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ကချင်ပြည်နယ် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းအနေဖြင့် အရည်အသွေးကောင်းမွန်သော မျိုးကောင်းမျိုးသန့်များရရှိရန် ၊ လျှော်ဖြူစိုက်ပျိုးသည့်တောင်သူများ လျှော်ဖြူ ဖြစ်ထွန်းအောင်မြင်ပြီး ဈေးကောင်းရရှိရန်၊ ဈေးကွက်သစ် ရှာဖွေဖော်ဆောင်ရန်၊ လျှော်ဖြူ ကုန်ကြမ်းများကို ပြည်တွင်း၌ကုန်ချောထုတ်လုပ်လာနိုင်ရန် စသည့်လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြသည်။ အဆိုပါ ကချင်ပြည်နယ် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ဘဏ္ဍာရေးမှူး၊စာရင်းစစ် စသည်တို့ဖြင့်ဖွဲ့စည်းကြပြီး အသင်းအဖွဲ့ဝင် စုစုပေါင်း ၁၉ ဦးဖြင့်ဖွဲ့စည်းခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့မှပုဂ္ဂိုလ်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ စိုက်ပျိုးရေး ဆောင်ရွက်နေသောတောင်သူများ ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်းလူဦးရေ ၇၂ ဦး တက်ရောက်ခဲ့ကြောင်းသိရှိရသည်။

**ခွာညို(မနောမြေ)**

| ၁၄-၆-၂၀၁၉ မှ ၂၀-၆-၂၀၁၉ ထိ Online CO Application မှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း | | | | | | | |
|---|---|---|---|---|---|---|---|
| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 384 | 14 | - | - | 1 | 399 |
| | Form AANZ | 13 | 1 | - | - | - | 14 |
| | Form AI | 91 | 9 | - | - | - | 100 |
| | Form AJ | 25 | 1 | - | - | - | 26 |
| | Form AK | 119 | 10 | - | - | - | 129 |
| | Form CNINA | - | - | - | - | - | - |
| | Form D | 238 | 14 | - | - | - | 252 |
| | Form DFTP | 6 | 1 | - | - | - | 7 |
| | Form E | 112 | 5 | - | - | - | 117 |
| | Form Korea | 12 | - | - | - | - | 12 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 1000 | 55 | - | - | 1 | 1056 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၁-၆-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၄/၆ | ၂၁/၆ | ပြောင်းလဲမှု | ၁၄/၆ | ၂၁/၆ | ပြောင်းလဲမှု | ၁၄/၆ | ၂၁/၆ | ပြောင်းလဲမှု | ၁၄/၆ | ၂၁/၆ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၄၀၄ | ၁၄၁၉ | ▲ | ၁၃၆၇ | ၁၄၀၀ | ▲ | ၁၃၀၀ | ၁၃၀၀ | ■ | ၁၃၇၅ | ၁၄၀၀ | ▲ |
| ပဲစင်းငုံ | ၁၅၃၄ | ၁၅၄၃ | ▲ | ၁၇၀၀ | ၁၇၁၇ | ▲ | ၁၆၇၅ | ၁၇၀၀ | ▲ | ၁၆၇၅ | ၁၇၀၀ | ▲ |
| ပဲတီစိမ်း | ၁၆၆၅ | ၁၇၀၀ | ▲ | ၁၇၇၈ | ၁၆၇၁ | ▼ | ၁၇၃၇ | ၁၆၀၅ | ▼ | ၁၇၉၀ | ၁၅၃၀ | ▼ |
| ကုလားပဲရိုးရိုး | ၁၉၀၀ | ၁၉၂၅ | ▲ | ၁၄၅၉ | ၁၄၅၉ | ■ | ၁၄၅၃ | ၁၄၄၇ | ▼ | ၁၄၅၀ | ၁၄၆၀ | ▲ |
| ပဲလွန်းဖြူ | ၁၀၈၀ | ၁၁၀၀ | ▲ | ၁၀၈၅ | ၁၁၃၃ | ▲ | ၁၉၀၀ | ၁၉၀၀ | ■ | ၁၁၀၅ | ၁၁၀၅ | ■ |
| ထောပတ်ပဲ | ၁၇၃၅ | ၁၇၃၅ | ■ | ၁၀၄၉ | ၁၇၉၆ | ▼ | ၁၅၇၉ | ၁၅၇၉ | ■ | ၁၅၈၀ | ၁၅၈၀ | ■ |

✳ မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၈.၆.၁၉)ထိ | ယခုတစ်ပတ် (၁၅.၆.၁၉)ထိ | (၁.၁.၁၉) မှ (၁၅.၆.၁၉) ထိ |
| မတ်ပဲ | ၁၄၆၇၃၈ | ၄၈၅၅ | ၁၅၁၅၉၃ |
| ပဲတီစိမ်း | ၁၃၂၈၀၆ | ၃၉၈၀ | ၁၃၆၇၈၆ |
| ပဲစင်းငုံ | ၄၀၃၆၇ | ၁၃၅၁ | ၄၁၇၁၈ |
| ကုလားပဲ | ၄၅၆၄၈ | ၄၀၄ | ၄၆၀၅၂ |
| ပဲလွန်းဖြူ | ၂၆၉၇၆ | ၅၅၂ | ၂၇၅၂၈ |
| မြေထောက်ပဲ | ၆၉၄၂ | ၂၇၂ | ၇၂၁၄ |

## ပြည်မတ်ပဲသီးနှံဈေး တရိပ်ရိပ်တက်ရိပ်ပြ

ယခု ဇွန်လလယ်တွင် ပြည်ပဲဈေးကွက်သို့မတ်ပဲသီးနှံ ဝင်ရောက်မှုအနေဖြင့် တစ်ရက်အိတ် ၁၀၀/၁၅၀ ကျော်ရှိခဲ့ပြီး အရောင်းအဝယ်လည်း နေ့စဉ်ဖြစ်လျက်ရှိသည်။ ရန်ကုန်ဝယ်လက် ပုံမှန်ဝယ်ယူနေရာ တစ်ရက်လျှင် အိတ် ၂၀၀၊ ၃၀၀ ကျော် ရောင်းဝယ်မှုဖြစ်နေသည်။ ပဲဈေးမှာတစ်တင်းလျှင် ကျပ် ၂၈၈၀၀ ဖြင့် ဈေးတရိပ်ရိပ်တက်နေသည်။

ယခင်နှစ် ဇွန်လလယ်မတ်ပဲသီးနှံဈေးမှာ တစ်တင်း ၁၆၀၀၀ ကျပ်ဖြင့် ရောင်းဝယ်ခဲ့သည့်အတွက် ယခုနှစ်မတ်ပဲသီးနှံဈေးကောင်းနေခြင်းကြောင့် လယ်သမားများ အကျိုးအမြတ်ထိုက်သင့်သလောက်ရရှိခဲ့ကြောင်း သိရပါသည်။

**ခင်ဆွေဝင်း(ပြည်)**

## ပြည်မြေပဲဆန် ဈေးမြင့်သော်လည်း အရောင်းအဝယ်ဖြစ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်သို့ မြေပဲဆန်အိတ်များ ဝင်ရောက်မှုရှိပြီး အဝယ်ရှိ၍ ဈေးပြန်မြင့်လာသည်ကို တွေ့ရသည်။ ရန်ကုန်၊ မန္တလေးဝယ်လက်နှင့် မြို့တွင်းဆီစက်များက ဝယ်ယူမှုရှိ၍ ဈေးမြင့်လာကြောင်း၊ ဝင်ရောက်မှုမှာ မပြတ်သေးဘဲ ဝယ်လက်လည်းရှိနေ၍ ဈေးကွက်တွင် အရောင်းအဝယ်မှာ ပုံမှန်ဖြစ်လျက်ရှိကြောင်း၊ ယခုတစ်ပတ်မြေပဲဆန်ဈေးများမှာ တစ်ပိဿာလျှင် ဆီဆန်(ဖြူ)မှာကျပ် ၃၀၀၀ နှင့်ဆီဆန်(နီ)မှာ ကျပ် ၃၁၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးမြင့်လာပြီး လုံးဆန်(ဖြူ)မှာ ကျပ် ၃၃၅၀ နှင့်လုံးဆန် (နီ)မှာ ကျပ်၃၅၅၀ဖြင့်ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**ဝေဝေမင်း(ပြည်)**

## ပြည်ပဲစင်းငုံ ယခင်နှစ်ထက် ဈေးကောင်းပိုရလျက်ရှိ

ပြည်ပဲဈေးကွက်မှာ ပဲစင်းငုံသီးနှံဈေးကွက်အတွင်း နေ့စဉ်ရောင်းဝယ်မှုမဖြစ်သော်လည်း ရက်ခြားရောင်းဝယ်မှု ဖြစ်နေခဲ့တာကိုတွေ့ရသည်။ ပဲအဝင်မရှိသော်လည်း လှောင်ပဲလက်ကျန်များရှိခြင်းကြောင့် ရန်ကုန်ဝယ်လက် ဝယ်လိုအားရှိသည့်ရက်တွင် အရောင်းအဝယ်လိုသလောက် ရောင်းချနိုင်ခဲ့သည်။

ထို့ကြောင့် အိတ် ၂၀၀/၃၀၀ ကျော်ရောင်းဝယ်သည့်ရက်တွင် ရောင်းချခဲ့ကြရကာ ပဲဈေးမှာတစ်တင်း ကျပ် ၃၄၅၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးပိုလာသလို ယခင်နှစ်ကဈေးထက်လည်း ကျပ်နှစ်သောင်းခန့်ဈေးပိုနေကြောင်း သိရသည်။

**ခင်ဆွေဝင်း(ပြည်)**

## ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုအခြေအနေ

၂၀၁၉ ခုနှစ် ဇွန် ၁ ရက်မှ ၁၄ ရက်အထိ မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်သို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၇၀၀တန်ဖိုးရှိကြက်သွန်နီ ၃၀၀၀ ကီလိုဂရမ် တင်ပို့နိုင်ခဲ့ပြီး ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်ဘက်မှ တစ်ဆင့် ပြန်လည်တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၇၈၀၀ တန်ဖိုးရှိ ဟင်းချိုမှုန့် ၆၅၀၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၃၀၀ တန်ဖိုးရှိ ပလတ်စတစ်အခင်း ၃၀၀ ကီလိုဂရမ်တို့ဖြင့် စုစုပေါင်းကုန်သွယ်မှုပမာဏတန်ဖိုး ၈၈၀၀ဒေါ်လာ ကုန်သွယ်မှု ပြုနိုင်ခဲ့ကြောင်းမယ်စဲ့ကုန်သွယ်ရေးစခန်းစာရင်းများအရ သိရှိရသည်။

ဇွန် ၁၂ ရက်မှ ၁၉ ရက်အထိ ကယားပြည်နယ်မှ မန္တလေးမြို့သို့ ဒေသထွက် ဧည့်မထဆန်အိတ် စုစုပေါင်း ၃၅၀ အိတ် တန်ချိန်အားဖြင့် ၁၇ တန်ခန့် တင်ပို့ခဲ့ကြောင်း၊ရန်ကုန်မှ လွိုင်ကော်သို့ ဆန်တင်သွင်းမှာ အိတ် ၄၀၉၀၊ မန္တလေးမြို့မှ အိတ် ၂၅၂၀၊ ရွှေဘိုမြို့မှ ၄၈၅ အိတ် တင်သွင်းခဲ့ရာ ဆန်အိတ်စုစုပေါင်း ၆၅၉၅ အိတ် တန်ချိန်အားဖြင့် ၃၃၁ ဒသမ ၁၄ တန် တင်သွင်းခဲ့ကြောင်း သိရှိရသည်။

ပြောင်းတင်ပို့မှုအနေဖြင့် ကယားပြည်နယ်မှ မန္တလေးနှင့်အခြားမြို့ကြီးများသို့ စုစုပေါင်း ပြောင်း ၁၈၃၆၅ အိတ် တန်ချိန်အားဖြင့် ၈၉၉ ဒသမ ၆၄ တန်ခန့် တင်သွင်းခဲ့ကြောင်း ပြည်နယ် အထွက်ဂိတ်စာရင်းများအရ လေ့လာသိရှိရသည်။

ကယားပြည်နယ်အတွင်း လက်ရှိဈေးနှုန်းများမှာ ပြောင်း (ခြောက်) တစ်ပိဿာလျှင် ကျပ် ၃၉၀၊ ငရုတ်သီးခြောက်အရှည် တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ ငရုတ်သီးခြောက်အပု တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၁၀၀၀၊ စားသုံးဆီဈေးနှုန်းများမှာ ပဲဆီ (စည်ပင်လက်လီဈေး) ကျပ် ၆၀၀၀၊ နှမ်းဆီ (စည်ပင်လက်လီဈေး) ကျပ် ၇၀၀၀၊ စားအုန်းဆီ (စည်ပင် လက်လီဈေး) ကျပ် ၂၃၀၀၊ စပါးဈေးနှုန်းများမှာ ဧည့်မထ (မိုး) စပါးတင်(၁၀၀)လျှင် ကျပ် ၈၆၉၀၀၀ ဈေးပေါက်ကြောင်း၊ ဆန်ဈေးနှုန်းများမှာ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၆၇၀၀၀၊ ဧည့်မထဆန်တစ်အိတ်လျှင် ကျပ် ၄၃၀၀၀၊ ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၂၇၅၀၀ဈေးပေါက်ကြောင်း ကယားပြည်နယ်စားသုံးသူ ကုန်ဈေးနှုန်းသတင်းများအရ သိရှိရသည်။

**ဖြိုးဝေအောင်(ကယား)**

## ပခုက္ကူနှင့်ရေစကြိုကုန်စည်ဒိုင်တို့တွင် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်နေ



ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ၂၀၁၉ ခုနှစ်ထွက် ပဲစင်းငုံနီ အသစ်တစ်တင်းလျှင် ကျပ် ၃၅၀၀၀ဖြင့် အိတ် ၅၀ မှ ၁၀၀ ခန့်၊ ၂၀၁၈ ခုနှစ်ထွက် ပဲစင်းငုံနီတစ်တင်းလျှင် ကျပ် ၂၉၅၀၀ ဖြင့်အိတ် ၅၀၊ ၂၀၁၇ ခုနှစ်ထွက် ပဲစင်းငုံနီအဟောင်းတစ်တင်းလျှင် ကျပ် ၂၉၉၀၀ဖြင့် အိတ် ၅၀ မှ ၁၀၀ခန့်၊ ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၇၅၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲဖြူV2တစ်တင်းလျှင် ကျပ် ၂၇၇၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၇၆၀၀ ဖြင့် အိတ် ၅၀၊ ပဲတီစိမ်းကြီးတစ်တင်းလျှင် ကျပ် ၃၀၄၀၀ ဖြင့်အိတ် ၅၀ မှ ၁၀၀၊ ပြောင်းဖူးစေ့တစ်တင်းလျှင် ကျပ် ၈၆၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ ၊မန်ကျည်းတောင့် တစ်ပိဿာလျှင် ကျပ် ၉၁၀ ကျပ်ဖြင့် ကုန်ချိန် ၁၀၀၀ မှ ၂၀၀၀ထိ ဥပုသ်နေ့မှလွဲ၍ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။

ထို့အတူ ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲနီလုံးဆန်တစ်ပိဿာလျှင် ကျပ် ၃၂၀၀ မှ ကျပ် ၃၃၀၀၊ ကျွန်းမြေပဲနီလုံးဆန်တစ်ပိဿာလျှင် ကျပ် ၃၀၀၀ မှ ကျပ် ၃၁၀၀ ၊ စွန်တာနီ တစ်တင်းလျှင် ကျပ် ၁၈၀၀၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၈၀၀၀၊ ပဲနီပြားတစ်တင်းလျှင် ကျပ် ၂၂၀၀၀၊ ပဲတီစိမ်းကြီးတစ်တင်းလျှင် ကျပ် ၃၀၀၀၀ မှ ကျပ် ၃၁၀၀၀ ဖြင့် အိတ် ၃၀၀၊ ပြောင်းဖူးစေ့ တစ်တင်းလျှင် ကျပ် ၈၃၀၀ မှ ကျပ်၈၅၀၀ ဖြင့် အိတ် ၁၀၀၀၊ နှမ်းဖြူသန့် တစ်တင်းလျှင်ကျပ် ၅၇၀၀၀ မှ ကျပ် ၆၀၀၀၀ ဖြင့်အိတ် ၂၀၀ ထိ ဥပုသ်နေ့မှလွဲ၍အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်ကုလားပဲ ခွဲစက်သမား ပုံမှန်ဝယ်ယူပြီး ဈေးငြိမ်

ယခုတစ်ပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာမတ်ပဲ၊ ပဲစင်းငုံသီးနှံများ ဈေးပိုလာပေမယ့် ပြည်တွင်းဝယ်လက် အဓိကရှိသော ပဲကြီး၊ ကုလားပဲသီးနှံများ ဈေးငြိမ်လျက်ရှိတာကို တွေ့ရပါတယ်။ ပဲဝင်ရောက်မှုနည်းသော်လည်း လှောင်ပဲသမားများ ရှိတဲ့အတွက်နေ့စဉ် ဝယ်လိုအားအပေါ် ရောင်းချရလို့အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ ဒေသတွင်းခွဲစက် သမားများ ဝယ်ယူနေကြပြီး ပဲဈေးမှာတစ်တင်းကျပ် ၂၉၀၀၀ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးဆက်ငြိမ်နေတာ တွေ့ရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## ဟသ်ာတကုန်စည်ဒိုင်တွင် မတ်ပဲနှင့်ပဲတီစိမ်း(ဝါးခယ်မ) ဈေးငြိမ်

ဟသ်ာတကုန်စည်ဒိုင်တွင် ဇွန်လ ဒုတိယပတ်၌ မတ်ပဲတစ်တင်းလျှင်ကျပ် ၂၈၁၀၀မှ ၂၈၄၀၀အတွင်း၊ ပဲတီစိမ်း(ဝါးခယ်မ) တစ်တင်းလျှင် ကျပ် ၃၁၅၀၀ မှ ၃၂၀၀၀အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ရန်ကုန်ဝယ်လက်ပုံမှန်ရှိပြီး တစ်ရက်လျှင် မတ်ပဲ အိတ် ၃၀၀၀ မှ ၃၅၀၀ အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ တောင်သူများထံတွင် မတ်ပဲ လက်ကျန်နည်းပြီး မတ်ပဲ လှောင်လက်သမားများကလည်း အတက်ဈေးစောင့်လျက်ရှိကြောင်း သိရှိရသည်။

**မောင်မောင်မြတ်ခိုင်**

## ပြည်စားတော်ပဲ လက်လီရောင်းဝယ်မှုဖြစ်ပြီး ဈေးကောင်းရ

ပြည်ပဲဈေးကွက်အတွင်း လက်လီရောင်းဝယ်နေတဲ့ ပဲထဲမှာ စားတော်ပဲသီးနှံပါဝင်နေပြီး နေ့စဉ်လက်လီအိတ် ၃၀ ကျော် ဒေသတွင်း လက်လီဝယ်ယူသူများဖြင့် ရောင်းဝယ်နေခဲ့ကြပါတယ်။ စားတော်ပဲသီးနှံမှာနှစ်စဉ်လိုလို ဈေးကောင်းရတဲ့သီးနှံဖြစ်ခဲ့ပြီး ယခုနှစ်တွင်လည်း ဈေးကောင်းရနေတာကြောင့် တစ်တင်း ကျပ် ၂၈၀၀၀နှင့် သုံးသောင်းအကြား ရောင်းဝယ်မှုဖြစ်ခဲ့ပါတယ်။ ယခုနှစ် လက်လီပဲဈေးကွက်အတွင်း အခြားပဲများ ဈေးအေးပေမယ့် ထောပတ်ပဲ၊ ပဲနီပြား၊ စားတော်ပဲသီးနှံကဈေးပိုနေတယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

# ယခုနှစ် မိုးရာသီတွင် ငါး/ပုစွန်လက်လီ၊ လက်ကား ဈေးနှုန်းများ မြင့်တက်မည်

မြန်မာနိုင်ငံတွင်နှစ်စဉ် မေ၊ ဇွန်၊ ဇူလိုင်သုံးလကို ငါးရစ်၊ ငါးသန်ပေါက်ပွားသည့် ရာသီအဖြစ် သတ်မှတ်ကာ မြစ်၊ ချောင်း၊ အင်း၊ အိုင်များတွင် ငါးဖမ်းဆီးခွင့် ပိတ်ပင်တားဆီးထားသည့်အတွက် ဈေးကွက်များအတွင်း သဘာဝအင်း၊ အိုင်ငါးများ ဝင်ရောက်မှု လျော့နည်းခဲ့သည်။

၂၀၁၉ ခုနှစ် ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ သုံးလတိတိကို မြန်မာ့ပင်လယ်ပြင်တွင် ငါး၊ ပုစွန်သယံဇာတထိန်းသိမ်းရေးနှင့် ရေရှည်ထုတ်ယူ သုံးစွဲနိုင်ရေးအတွက် ငါးမဖမ်းရရာသီအဖြစ် သတ်မှတ်ပိတ်ပင်ထားသည်။ ယခင်နှစ်များတွင် ပိတ်ပင်တားဆီးသည့်ကာလအတွင်း ငါးဖမ်းဆီးမှုကို ရာခိုင်နှုန်းဖြင့် လျှော့ပေါ့ဖမ်းဆီးခွင့်ပြုခဲ့သော်လည်း ယခုနှစ်တွင် ရာနှုန်းပြည့်ပိတ်ပင်တားဆီးလိုက်သည့်အတွက် ဈေးကွက်အတွင်းသို့ ရက်ပေါင်း ၁၂၀ ခန့် ပင်လယ်ငါးဝင်ရောက်မှုလုံးဝနီးပါးလျော့နည်းသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံရေချို ငါးမွေးမြူရေးလုပ်ငန်းတွင် ငါးမြစ်ချင်း၊ ငါးတန်၊ ရေချိုငါးမုတ်၊ ငါးသိုင်းခေါင်းပွ၊ ငါးကြင်းဖြူ၊ တီလားပီးယား၊ ထိုင်ဝမ်ငါးခုံးမ၊ ရွှေဝါငါးကြင်း အစရှိသည့် ငါးမျိုးစုံကို ပြည်တွင်းစားသုံးရန်နှင့် ပြည်ပတင်ပို့ရန် မွေးမြူထုတ်လုပ်လျက်ရှိသည်။ ၂၀၁၈ခုနှစ်တွင် မြန်မာနိုင်ငံက မွေးမြူထုတ်လုပ်သော ရေချိုမွေးမြူရေးငါးများအား ဆော်ဒီအာရေးဗီးယားနိုင်ငံဈေးကွက်သို့ တင်ပို့ရောင်း ချခွင့်ယာယီရပ်ဆိုင်းခဲ့ရသည့်အတွက် ငါးမြစ်ချင်းအပါအဝင် ရေချိုမွေးမြူရေးငါးများ ဈေးနှုန်းကျဆင်းမှုနှင့် ငွေလဲနှုန်းမြင့်တက်မှုကြောင့် အစာဈေးနှုန်းများမြင့်တက်ကာ ထုတ်လုပ်စရိတ်များကြီးမြင့်လာသဖြင့် ငါးမွေးမြူရေးလုပ်ငန်းများ အရှုံးဖြင့် ရင်ဆိုင်ကြုံတွေ့ရကာ ထုတ်လုပ်မှုကို လျှော့ချမွေးမြူကြသည်အထိ ဖြစ်ပေါ်ခဲ့သည်။ သို့ဖြစ်ပါသောကြောင့် ပြည်တွင်းနှင့်ပြည်ပတင်ပို့မှုဈေးကွက်များအတွင်း ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလခန့်မှစတင်၍ ငါးမွေးမြူရေးများ ဝင်ရောက်မှု လျော့ကျကာ ငါးဈေးနှုန်းများ ပြန်လည်မြင့်တက်လာပြီး ယခင်က မဖြစ်ပေါ်ခဲ့ဘူးသည့် ဈေးနှုန်းများအထိ စံချိန်တင်ရောက်ရှိလာခဲ့သည်။

၂၀၁၉ ခုနှစ် မိုးရာသီကာလတွင် ငါး၊ ပုစွန်လက်လီ၊ လက်ကားဈေးကွက် များအတွင်း ပင်လယ်ငါးနှင့်အင်းအိုင်ငါးများဝင်ရောက်မှု လုံးဝနီးပါး လျော့နည်းကျဆင်းကာ မွေးမြူရေးငါး တစ်မျိုးတည်းသာ ဝင်ရောက်မှုရှိမည်ဖြစ်ပါသဖြင့် မွေးမြူရေးငါးဈေးနှုန်းများ ယခင်နှစ်များထက်များစွာ မြင့်တက်နေသည့်အခြေအနေသို့ ရောက်ရှိနေသည်။ ၂၀၁၉ခုနှစ် အင်း၊ အိုင်ငါးဖမ်းရာသီနှင့် ပင်လယ်ငါးဖမ်းလုပ်ငန်း ပိတ်ပင်ထားသည့် ကာလလွန်မြောက်မှသာ ဈေးကွက်များတွင် ဖမ်းဆီးရေး ငါး၊ ပုစွန်များ ပြန်လည်ဝင်ရောက်လာမည်ဖြစ်သဖြင့် ၂၀၁၉ခုနှစ် မိုးကာလအတွင်း ရေချိုမွေးမြူရေးငါးများသာ ဈေးကွက်အတွင်း အဓိကဝင်ရောက်မည်ဖြစ်သဖြင့် ငါး၊ ပုစွန်ဈေးနှုန်းမြင့်တက်မှုများ ဆက်လက်ဖြစ်ပေါ်နေမည်ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် တာဝန်ရှိသူထံမှ သိရှိရသည်။

**သဥ္ဇာ၊ မြင့်တင်ပြည်တွင်း(ရန်ကုန်)**

# မြန်မာ့ဆိပ်ကမ်းတွင် ၂၀.၆.၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

## (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၁) | - IAL 001 | TEU440တင်TEU603ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - CAPE FLORES | TEU769တင်TEU 494ချဆဲ |
| အေးရှားဝေါလ်(၁) | - SINAR BALI | TEU 745 တင်TEU 851 ချဆဲ |
| အလုံဆိပ်ကမ်း(၁) | - BISCAYNE LIGHT | ဆန်တန်ချိန် ၂၀၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၁) | - OCEAN CROSS | ဆန်တန်ချိန် ၁၇၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၃) | - ATLANTIC TRADE | ဆန်တန်ချိန် ၂၅၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၆) | - TRUON MINH STAR | Urea (In Bulk) ၈၅၈၅ချဆဲ |
| သီလဝါဆိပ်ကမ်း(၃) | - RAINBOW FAIRY | Steel& Fertilizer ၉၉၉၆ ချဆဲ |
| သီလဝါဆိပ်ကမ်း(၄) | - PROMISE-1 | Steel& Fertilizer ၂၆၀၀၀ ချဆဲ |
| သီလဝါဆိပ်ကမ်း(၅) | - JIN ZHOU HAI | Steel တန်ချိန် ၂၀၀၀၀ ချဆဲ |
| MMTM JETTY | - MT OCEAN SEAL | MOGAS (92 Ron) ၄၂၉၈ ချဆဲ |
| PUMA JETTY | - MT OCEAN EFL | JET A.1 ၁၁၉၀၁ ချဆဲ |

## (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| TAN BINH -257 | Steel Product ၁၆၀၅၀ ချရန် | - | ၂၀.၆.၂၀၁၉ |
| BBC U TAH | Machines ၁၂ ချရန် | GERMAN | ၂၁.၆.၂၀၁၉ |
| SIBI | Clinker (In Bulk) ၂၃၅၀၀ချရန် | MALAYSIA | ၂၁.၆.၂၀၁၉ |
| SUN SHINE | Concrete X Block ၁၆၁၂ ချရန် | CCA | ၂၄.၆.၂၀၁၉ |
| VENTO GRECALE | Steel D,Bars ၂၅၀၀၀ ချရန် | UAE | ၂၇.၆.၂၀၁၉ |
| SPRING AMIR | PKG Project Cargo ၅၂ ချရန် | COLOMBO | ၂၈.၆.၂၀၁၉ |
| LADA | G/C,(4 Unite Contr) ၇၃ ချရန် | RUSSIA | ၁.၇.၂၀၁၉ |
| HONG KAI | Steel ၁၈၀၀၀ ချရန် | CHINA | ၅.၇.၂၀၁၉ |

## (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၀.၆.၂၀၁၉ |
| ORNELLA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၅.၆.၂၀၁၉ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၅.၆.၂၀၁၉ |
| MCC SEOUL | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၄.၆.၂၀၁၉ |
| ALS SUZURAN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၆.၂၀၁၉ |
| UNI ANGEL | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၆.၂၀၁၉ |
| SINAR BINTAN | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၅.၆.၂၀၁၉ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၆.၂၀၁၉ |
| PACAO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၆.၂၀၁၉ |
| XETHA BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၆.၆.၂၀၁၉ |
| BOX ENDEAVOUR | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၇.၆.၂၀၁၉ |

## (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN COD | DIESEL OIL | MMTM JETTY | ၂၀.၆.၂၀၁၉ |
| MT.FLY GURNARD | MOGAS 92 RON | SINGAPORE | ၂၂.၆.၂၀၁၉ |
| MT.YU DUONG | DIESEL OIL | SINGAPORE | ၂၂.၆.၂၀၁၉ |
| MT.ROYAL 36 | P.Oil(In Bulk) | INDONESIA | ၂၂.၆.၂၀၁၉ |
| MT.SKLINE-1 | P.Oil(In Bulk) | INDONESIA | ၂၂.၆.၂၀၁၉ |
| MT.OCEAN MARLIN | MOGAS 92 RON | SINGAPORE | ၂၃.၆.၂၀၁၉ |
| MT.OCEAN JACK | DIESEL OIL | SINGAPORE | ၂၄.၆.၂၀၁၉ |
| MT.ORCA PACIFIC | DIESEL OIL | SINGAPORE | ၂၅.၆.၂၀၁၉ |
| MT.VL-21 | P.Oil(In Bulk) | INDONESIA | ၂၅.၆.၂၀၁၉ |
| MT.CHAO ANOMA | P.Oil(In Bulk) | INDONESIA | ၂၆.၆.၂၀၁၉ |
| MT.AU VIRGO | P.Oil(In Bulk) | INDONESIA | ၂၇.၆.၂၀၁၉ |
| MT.KIRANA HASTA | DIESEL OIL | SINGAPORE | ၂၇.၆.၂၀၁၉ |
| MT.VIET STAR | P.Oil(In Bulk) | INDONESIA | ၂၈.၆.၂၀၁၉ |
| MT.PRIMROSE | P.Oil(In Bulk) | INDONESIA | ၂.၇.၂၀၁၉ |
| MT.MESON | P.Oil(In Bulk) | INDONESIA | ၆.၇.၂၀၁၉ |

# စာသင်ဆောင်များသို့ ရှောင်တခင်ကွင်းဆင်းစစ်ဆေးမှုဆောင်ရွက်

စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၀) ကြိမ်မြောက် (၄/၂၀၁၉) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စားသုံးဆီများ အတုပြုလုပ်နေမှုကိစ္စကိုကွင်းဆင်းစစ်ဆေးရန် စားသုံးဆီရောင်းချသော ဆိုင်များအပြင် ဘော်ဒါဆောင်များ၌ ချက်ပြုတ်ရာတွင် အသုံးပြုသော စားသုံးဆီများအား စစ်ဆေးရန်လိုအပ်ကြောင်း လမ်းညွှန်ခဲ့သဖြင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆောင်၍ ဇွန် ၂၀ ရက်တွင် မိတ်ဖက်ဌာနများပါဝင်သော စုစုပေါင်းလူအင်အား ၁၃ ဦး ဖြင့် ကွင်းဆင်းအသိပညာပေး စစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် ရွှေနှလုံးသားဘော်ဒါဆောင်၊ ပန်းဝေလက်ဘော်ဒါဆောင်၊ အားမာန်ဘော်ဒါဆောင်များသို့သွားရောက်၍ ကျောင်းသားများသို့ ချက်ပြုတ်ကျွေးမွေးရာတွင် အသုံးပြုသော ဆီများ စစ်၊ မစစ်ကိစ္စရပ်များ၊ သန့်ရှင်းမှု ရှိ/မရှိ၊ စားသောက်ဆောင်များ သန့်ရှင်းသပ်ရပ်ရေးကိစ္စရပ်များအပြင် ပညာရေးဝန်ဆောင်မှုပေးခြင်းနှင့်ပတ်သက်၍ မိမိဘော်ဒါဆောင်မှ ပန်းဖလက်တွင် ကြေညာထားသော အချက်အလက်များကို မိမိတို့ဘက်မှတာဝန်ယူရမည်ဖြစ်ပြီး မိဘများနှင့် ကျောင်းသူကျောင်းသားများသို့လည်း ကျောင်းစတင်အပ်စဉ်ကတည်းကပင် တရားဝင်အသိပေးထားရန် လိုအပ်ကြောင်း အာမခံချက်များ ပေးထားသည်နှင့်အညီ တာဝန်ယူမှုတာဝန်ခံမှုများအတိုင်း မိမိတို့ဘက်မှ တာဝန်ယူမှု (မပျက်မကွက်) လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ စားဖိုဆောင်အတွင်း ချက်ပြုတ်ရာတွင်အသုံးပြုသည့် ဆီများစစ်ဆေးရာတွင် ကျောင်းသားမိဘများက မိမိတို့ယာခင်းမှ ထွက်ရှိသော နေကြာများကိုဆီကြိတ်ခဲ့ပြီးအဆောင်ခအဖြစ် ပေးသွင်းသည့်အတွက် ၎င်းဆီများကိုသာ အသုံးပြုကြောင်း၊ တွေ့ရှိရသည့်အတွက် ကျောင်းသားမိဘများမှ ပေးသွင်းသော နေကြာဆီစစ်ကြောင်း၊ အာမခံမှုကိစ္စများဖြင့်လက်ခံသင့်ကြောင်း စားသုံးသူရေးရာဦးစီးဌာနခရိုင်ဦးစီးမှူး ဦးစိုးအောင်က ဆွေးနွေးပြောကြားခဲ့သည်။

**စန္ဒာမွန်**

# ရေနံချောင်း၌ ပဲတီစိမ်းကေတစ်သောင်းကျော် မိုးသီးနှံအဖြစ် စိုက်ရန်လျာထားဆောင်ရွက်နေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ပဲတီစိမ်းဧကတစ်သောင်းကျော်မိုးသီးနှံအဖြစ် လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနစာရင်းအရသိရသည်။

ပဲတီစိမ်းကို ယခုနှစ် ရေသွင်းသီးနှံအဖြစ် ပြီးခဲ့တဲ့မေလဆန်းက စိုက်ကြပြီး ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၃၃၀၀၀ ရောင်းရကြောင်း စိုက်ပျိုးစရိတ်နှင့်တောင်သူများအတွက် အကျိုးအမြတ်ရရှိသည့်အတွက် တွက်ခြေကိုက်ကြောင်း ဒေသခံဦးထွန်းဝင်းက ပြောသည်။

အထက်ပါဒေသတွင် ပဲတီစိမ်းကို မိုးသီးနှံ၊ ဆောင်းသီးနှံ၊ ရေသွင်း၍ သီးညှပ်အဖြစ် တွင်ကျယ်စွာစိုက်ပျိုးကြကာအပိုဝင်ငွေရနေကြကြောင်းသိရသည်။ ၂၀၁၉/၂၀၂၀ခုနှစ်စိုက်ပျိုးရာသီတွင် ရေနံချောင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပဲတီစိမ်းကိုဧက ၁၂၉၄၅ စိုက်ပျိုးရန်လျာထားဆောင်ရွက်နေပြီး တစ်ဧက လျှင် ၁၁ ဒသမ၄၅တင်းထွက်ရှိရန်လျာထားဆောင်ရွက်နေကြောင်း သိရသည်။

**ရွှေဇင်(ရေနံချောင်း)**

# ကလေးတွင် စားသုံးသူရေးရာအဖွဲ့ငယ် ဖွဲ့စည်း၊ ဈေးတန်းများစစ်ဆေး

ကလေးခရိုင် စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးစိုးအောင် ဦးဆောင်၍ အခြားမိတ်ဖက်ဌာနအဖွဲ့အစည်းများဖြစ်ကြသော ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့နှင့် ပူးပေါင်းပါဝင်သော အဖွဲ့သည် ကလေးမြို့ အောင်မင်္ဂလာရပ်ကွက် ( အ. လ. က-၃ ) အလယ်တန်းကျောင်းသို့ သွားရောက်၍ အဖွဲ့ဝင် ခုနစ်ဦးပါ ကျောင်းစားသုံးသူရေးရာ အဖွဲ့ငယ်ဖွဲ့စည်းပေးခဲ့သည်။

ထို့နောက်ခရိုင်ဦးစီးမှူးဦးစိုးအောင်က စားသုံးသူရေးရာ အဖွဲ့ငယ်ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များ လုပ်ငန်းစဉ်များ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ မိမိဌာနမှ လုပ်ဆောင်နေသည့် လုပ်ငန်းစဉ်များအား ကျောင်းအုပ်ကြီးနှင့်ဆရာ/ ဆရာမများအား ချပြဆွေးနွေးခဲ့သည်။

ဆက်လက်၍အဖွဲ့ဝင်များသည် ( အ. လ. က-၃ ) အလယ်တန်းကျောင်းတွင် ရောင်းချလျက်ရှိသော မုန့်ဈေးတန်းလေးဆိုင်တွင် ရောင်းချနေမှုများ ကြည့်ရှုစစ်ဆေးပြီး ရောင်းချသူများအား အသိပညာပေးဆွေးနွေးပြောကြားခဲ့သည်။ ကျောင်းဝင်းပြင်ပတွင် ရောင်းချလျက်ရှိသောဝက်သားတုတ်ထိုးဆိုင်၊ အသုပ်စုံဆိုင်၊ ရပ်ကွက်အတွင်း ရောင်းချလျက်ရှိသောဈေးဆိုင် ၁၀ ဆိုင်တို့အား ကွင်းဆင်းစစ်ဆေးခဲ့ပြီး အသိပညာများဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိရသည်။

**ဇင်မိုးဝါ**

## ကြက်သွန်

# ပြည်ကြက်သွန်နီဈေးကွက်အတွင်း ဈေးနှုန်းများ မြင့်တက်လျက်ရှိ

ပြည်ကြက်သွန်ဈေးကွက်သို့ ယခုတစ်ပတ်တွင်လည်း အရည်အသွေးကောင်းပြီး အထားခံ/အလှောင်ခံသည့် ကြက်သွန်နီများ ဈေးနှုန်းအမြင့်ဖြင့် ဝင်ရောက်မှုရှိနေကြောင်း သိရသည်။

ဆိပ်ဖြူ၊ အောင်လံ၊ တောင်တွင်း၊ ပခုက္ကူနယ်ဘက်မှ ကြက်သွန်နီများ ပိဿာ ၃၀ ဝင် အိတ် ၃၀၀/၄၀၀ ခန့် အဝင်ရှိပြီး ဆိပ်ဖြူနယ်ဘက်မှ ဝင်ရောက်သော ကြက်သွန်နီမှာ အရည်အသွေးကောင်းသဖြင့် ပိုမိုဝင်ရောက်ကာ ဈေးနှုန်းမှာလည်း ဈေးကောင်းနေကြောင်း သိရသည်။

ပြည်ဈေးကွက်အတွင်း အရောင်းအဝယ်အနေဖြင့် ပုံမှန်ဒေသတွင်း ဝယ်လက်များ၊ အိတ်ဆွဲဝယ်ရောင်းသမားများ၊ ဧရာဝတီ၊ရခိုင်တို့သို့ နယ်ကျော်တင်ပို့မှုအပါအဝင်ဝင်ရောက်မှု၏ အားလုံးနီးပါးခန့်မှာ အရောင်းအဝယ်ဖြစ်သည့်အတွက် ဈေးမြင့်သော်လည်း အရည်အသွေးကောင်းသဖြင့် အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။ ဈေးနှုန်းများအနေနှင့် ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင် (ကြီး/လတ်/သေး) ကျပ် (၉၀၀/၈၅၀/၈၀၀) နှင့် လက်လီဈေးအသေးများတွင် (ကြီး/လတ်/သေး) ကျပ် (၁၂၀၀/၁၁၀၀/၉၀၀) နှုန်းတို့ရှိသည့်အတွက် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင် လက်လီရော လက်ကားပါ တစ်ပိဿာကျပ် ၂၀၀ခန့်ဆက်လက်မြင့်တက်သွားသဖြင့် ကြက်သွန်နီဈေးနှုန်းမှာ အမြင့်ဘက်သို့ ဦးတည်လျက်ရှိနေကြောင်းသိရသည်။ **ဝင်းလဲ့ဝါ(ပြည်)**

# ပခုက္ကူနှင့်ဆိပ်ဖြူကုန်စည်ဒိုင်တို့တွင် ကြက်သွန်နီဈေး အနည်းငယ်တက်

ယခုတစ်ပတ်ပခုက္ကူကြက်သွန်နီကုန်ဝယ်ဒိုင်တွင် ကြက်သွန်နီဈေးမှာ အနည်းငယ်ဈေး တက်နေသည်။ ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်ရာဒေသများဖြစ်သော ပေါက်၊ ဆိပ်ဖြူ၊ ရေပြာ၊ ကမ္မနယ်ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်ပြီး အရောင်းအဝယ်ဖြစ်နေသည်။ ယခုတစ်ပတ်၏ကြက်သွန်နီလက်ကားဈေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၇၃၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၆၀၀ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၄၅၀ ဖြင့် နေ့စဉ်ကုန်ချိန် ၄၀၀၀၀ မှ ၇၀၀၀၀ ကြားတွင် အရောင်းအဝယ်ဖြစ်နေသည်။

ကြက်သွန်နီလက်လီဈေးမှာ ထိပ်စ တစ်ပိဿာလျှင် ကျပ်၁၀၀၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၉၀၀၊ အနိမ့်စ တစ်ပိဿာလျှင် ကျပ် ၈၀၀ ပေါက်ဈေးဖြင့်အရောင်းအဝယ်ဖြစ်နေသည်။ဆိပ်ဖြူကုန်စည်ဒိုင်တွင် ကြက်သွန်နီလက်ကားဈေးမှာ ထိပ်စ တစ်ပိဿာလျှင် ကျပ် ၇၄၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၆၄၀၊ အနိမ့်တစ်ပိဿာလျှင် ကျပ် ၅၀၀ ဖြင့် ကုန်ချိန် ၃၀၀၀၀ မှ ၆၀၀၀၀ထိ ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။ **လှိုင်ဉမ္မာဦး(ပခုက္ကူ)**

# အညာဒေသထွက် ကြက်သွန်နီ အဝယ်သွက်ပြီးဈေးတက်

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်မှ ထွက်ရှိသော ကြက်သွန်နီများ ပြည်တွင်းပြည်ပဝယ်လိုအားကြောင့် ကြက်သွန်နီအရောင်းအဝယ်ရှိနေပြီး မြင့်တက်နေကြောင်း ကြက်သွန်နီဈေးကွက်မှသိရသည်။

ဇွန်ပထမပတ်၌ကြက်သွန်နီတစ်ပိဿာကျပ် ၃၀၀ ဈေးပေါက်ပါတယ်။ အရောင်းအဝယ်ကလည်းအေးပါတယ်။ယခုတစ်ပတ်မှာ ကြက်သွန်အသေးတစ်ပိဿာ ကျပ် ၆၀၀ နှင့် ပေါက်ဈေးပေးဝယ်ပြီး ကျေးရွာအထိ လိုက်လံ၍ပွဲစားများ အဝယ်ရှိနေတယ်"ဟု ရေနံချောင်းမြို့ ကြက်သွန်တောင်သူ ဦးတင်မြင့်က ပြောသည်။

ရေနံချောင်းမြို့နယ်ထွက် ကြက်သွန်နီမှာအသစ်ပေါ်ချိန်ဧပြီလဆန်းကစ၍ ကြက်သွန်နီတစ်ပိဿာကျပ်၃၅၀ ဈေးကျဆင်းနေခဲ့ပြီး ယခုပြည်ပဈေးကွက်ရှိ၍ ပြန်တက်လာကြောင်း ကြက်သွန်ဈေးကွက်မှ ပွဲစားကိုစိုးလွင်က ပြောသည်။

ဈေးကွက်၌ယခုနှစ်တွင် ကြက်သွန်ကို စိုက်ဧကသုံးထောင်ကျော်စိုက်ပျိုးခဲ့ပြီး အထွက်နှုန်းတင်း ၁၃၉၆၈၅၀၀ ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေနံချောင်းမြို့နယ်ထွက် ကြက်သွန်သည် ရန်ကုန်နှင့် မန္တလေးဈေးကွက်အပြင် ပြည်မြို့နှင့်ရခိုင်ပြည်နယ်စစ်တွေမှ အသုံးများကြောင်းသိရသည်။ **ဆန်းညွန့်(ရေနံချောင်း)**

# မူဆယ်(၁၀၅)မိုင်မှ တရုတ်သို့တင်ပို့ ကြက်သွန်နီ ဆက်လက် ဈေးမြင့်

ဇွန် ၁၁ ရက်မှ ၁၈ ရက်အထိ ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၆၀၀-၆၇၀ ဝန်းကျင်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဇွန် ၅ ရက် မှ ၁၀ ရက်အထိ ကြက်သွန်နီ တစ်ပိဿာဈေးနှုန်းမှာ ကျပ် ၅၀၀ ဝန်းကျင်ဖြင့် ရောင်းခဲ့ရသဖြင့် ကြက်သွန်နီမှာ တဖြည်းဖြည်းဈေးမြင့်လာခဲ့သည်။

ကြက်သွန်နီဈေးမှာ မတ်လတွင် တစ်ပိဿာကျပ် ၄၀၀ ဝန်းကျင်၊ ဧပြီနှင့် မေလအတွင်း ကျပ် ၄၅၀ ဝန်းကျင်နှင့် ဇွန်လပထမပတ်တွင် ကျပ် ၄၅၀-၅၀၀ ဝန်းကျင်နှင့်ရောင်းဝယ်ခဲ့ရပြီး ဇွန်လဒုတိယပတ်တွင် ကျပ် ၆၀၀-၆၅၀၀ဝန်းကျင် တတိယပတ်တွင် ကျပ် ၆၅၀-၆၇၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သဖြင့် ကြက်သွန်နီဈေးမှာ အနိမ့်ဆုံးအခြေအနေမှ တဖြည်းဖြည်းမြင့်တက်လာခဲ့သည်။

ဇွန် ၁၂ ရက်မှ ၁၈ ရက်ထိ မူဆယ်(၁၀၅)မိုင်မှ တရုတ်သို့ တင်ပို့မှုမှာ ကားစီးရေ ၇၂စီး တန်ချိန် ၁၂၆၇ ဒသမ ၅ တန်၊ ဇွန် ၅ ရက်မှ ၁၁ ရက်ထိ တင်ပို့မှုမှာ ကားစီးရေ ၁၅၇ စီး၊ တင်ပို့တန်ချိန် ၂၆၇၂ ဒသမ၅ တန်ဖြစ်သဖြင့် ရက်သတ္တနှစ်ပတ်နှိုင်းယှဉ်လျှင် တင်ပို့မှုနည်းသွားခဲ့သည်။

ဇွန် ၁၂ ရက်မှ ၁၈ ရက်အတွင်း တရုတ်ငွေဈေးမှာ တစ်ယွမ်လျှင် ၂၁၇-၂၂၀ ကျပ်ဈေးဖြစ်ပြီး ကြက်သွန်နီတစ်တန်လျှင် မြန်မာငွေကျပ် ၃၉၅၀၀၀-၄၁၆၇၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ဇွန် ၁၈ရက်တွင် ကြက်သွန်နီ တစ်ပိဿာဈေးမှာကျပ် ၆၇၀ ဝန်းကျင် တရုတ်ယွမ် သုံးယွမ်ခန့်ရရှိကြောင်း ပဲ၊ ပြောင်း၊ နှမ်း၊ ကုန်စည်ဒိုင်စာရင်းအရ သိရှိရသည်။ **စိုးသန္တာထွန်း(မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

## တောင်းပန်လွှာ

၂၀၁၉ ခုနှစ် ဇွန်လ ၁၇ ရက်နေ့ထုတ် ကောမတ်စ်ဂျာနယ် အတွဲ (၁၉)အမှတ်(၂၂)စာမျက်နှာ ၁၅ တွင် ဖော်ပြခဲ့သော **"သကြားပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း"** သတင်းတွင် ဖော်ပြခဲ့သောဇယားမှာ စာမျက်နှာ ၁၇ မှ ဆန်ဇယားဖြင့် မှားယွင်းဖော်ပြမိပါသဖြင့် စာဖတ်ပရိသတ်အား ကောမတ်စ်ဂျာနယ်မှ အနူးအညွတ်တောင်းပန်အပ်ပါသည်။

**အယ်ဒီတာအဖွဲ့**

## နနွင်း

# နနွင်းတန်ချိန် ၅၀၀ကျော် တင်ပို့

ဇွန် ၉ ရက်မှ ၁၅ ရက် သီတင်းပတ်အတွင်း နနွင်း ၅၅၈ ဒသမ ၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၃၇၄ တန်၊ မလေးရှားနိုင်ငံသို့ ၁၆ ဒသမ ၈ တန်၊ စင်ကာပူနိုင်ငံသို့ ၅၆ တန်၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံသို့ ၅၆ တန်နဲ့ ဗီယက်နမ်နိုင်ငံသို့ ၅၆ တန် တင်ပို့ခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သည်။

ယခုတစ်ပတ်နနွင်း(ရှမ်းစ)က တစ်တန်လျှင်ပျမ်းမျှအမေရိကန်ဒေါ်လာ ၈၅၀ ဝန်းကျင်၊ နနွင်း(အသစ်)က တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၅၈၀ ဝန်းကျင်ရရှိခဲ့ပြီး (ဒေါ်ထွေး)နနွင်းမှုန့်လည်းတင်ပို့ခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က နနွင်း ၂၉၁ ဒသမ ၁၅ တန်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၂၆၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၄၅၈၆၀ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

## ချင်း



# ချင်းတန်ချိန် ၁၀၀ကျော်တင်ပို့

ဇွန် ၉ ရက်မှ ၁၅ ရက် သီတင်းပတ်အတွင်း ချင်း၁၀၆ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် အာရပ်နိုင်ငံသို့ ၂၅ တန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၈၁ တန် တင်ပို့ခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့သည်။

ယခင်သီတင်းပတ်က ချင်း ၂၀ ဒသမ ၇ တန် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန်၈၀ကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ ချင်းစိုက တစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၀၀-၂၅၀ ဝန်းကျင်ရရှိခဲ့ပြီး ချင်းခြောက်က တစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၉၀၀-၉၅၀ ဝန်းကျင်ရရှိခဲ့သည်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၁၁၇၅ ဒေါ်လာဝင်ငွေရရှိခဲ့ကြောင်း သိရသည်။ **သီတာဝင်း(DOT)**

## မန်ကျည်း

# ယခုတစ်ပတ် မန်ကျည်းတင်ပို့မှုလျော့

ဇွန် ၉ ရက်မှ ၁၅ ရက်သီတင်းပတ်အတွင်း မန်ကျည်း ၉၆ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ပါကစ္စတန်နိုင်ငံသို့ တင်ပို့ခဲ့သည်။ မန်ကျည်းတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၂၀ ကျော်ရရှိခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က မန်ကျည်း၁၉၇ ဒသမ ၅ တန် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၀၀ ကျော် တင်ပို့မှုလျော့နည်းခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၀၆၈၅ ဒေါ်လာ ဝင်ငွေရရှိခဲ့သည်။ **သီတာဝင်း(DOT)**

## နှမ်း

# မိုးနှင့်အတူ အေးနေသည့် ပြည်နှမ်းဈေးကွက်

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်တွင် မိုးဆက်တိုက်ရွာနေသဖြင့် နှမ်းအရောင်းအဝယ်အနည်းငယ်အေးနေကြောင်း သိရသည်။ မိုးနှမ်းများ စိုက်ပျိုးနေချိန်ဖြစ်၍ အဝင်နည်းနေသည်။

ပွဲရုံများတွင်လည်း နှမ်းအဝင်မရှိခြင်းကြောင့် ယခင်လှောင်ထားသည့် နှမ်းများထဲမှ ဝယ်လက်များကိုထုတ်၍ ရောင်းချရသဖြင့်ဈေးမှာလည်း အတက်အကျအနည်းငယ်သာဖြစ်ကြောင်း ပွဲရုံအသိုင်းအဝိုင်းမှ သိရသည်။

နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၅၆၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၆၃၀၀၀ နှင့်စမုံနက်နှမ်း တစ်တင်းလျှင် ကျပ် ၇၆၆၀၀ ဖြင့် ယခင်အပတ်ကထက် စာရင်ဈေးပြန်ကျလာပြီး အရောင်းအဝယ်မှာလည်း မိုးနှင့်အတူ အေးနေသည်ကို တွေ့ရသည်။ **ဝေဝေမင်း(ပြည်)**

# စားသုံးသူများအတွက် အခွင့်အရေးကောင်းနှင့် စီးပွားရေးပတ်ဝန်းကျင်ကောင်း ဖြစ်လာမည့် ယှဉ်ပြိုင်မှုကော်မရှင်




[ဟန်လင်းဇော်]

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ကဏ္ဍများစွာရှိသည့်အနက် ယှဉ်ပြိုင်မှုမူဝါဒနှင့်ဥပဒေသည် မည်သည့်အတိုင်းအတာအထိ လွှမ်းခြုံနိုင်မှုရှိနေခြင်းဆိုသည့် အချက်ပေါ်တွင်လည်း မူတည်လျက်ရှိကြောင်း နိုင်ငံအများအပြားက လက်ခံယုံကြည်ထားကြသည်။

စီးပွားရေးနယ်ပယ်တွင် ယှဉ်ပြိုင်မှုဥပဒေသာ လွှမ်းခြုံမှုရှိလာပါက စားသုံးသူပြည်သူများအတွက် အကျိုးကျေးဇူးများစွာကို ရရှိလာနိုင်မည်ဖြစ်သည်။ အကျိုးကျေးဇူးကောင်းများအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များ၏ မလိုလားအပ်သည့်၊ တရားသဖြင့်ယှဉ်ပြိုင်ဆောင်ရွက်မှုများကို ပျက်ပြားစေမည့် စီးပွားရေးဆောင်ရွက်မှုဆိုင်ရာ အပြုအမူများဖြစ်သော ဈေးကွက်လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်းများ၊ ဈေးနှုန်းညှိနှိုင်း၍ ဈေးကစားမှုပြုခြင်းများကို ထိန်းချုပ်ကြပ်မတ်တားဆီးမှုများ ဆောင်ရွက်ပေးနိုင်မှုရှိခြင်း၊ သက်ဆိုင်ရာဈေးကွက်ကို လွှမ်းခြုံထားနိုင်စွမ်းရှိသော လုပ်ငန်းကြီးတစ်ခုမှ ၎င်း၏ ထိန်းချုပ်လွှမ်းမိုးနိုင်သည့် စွမ်းအားကို အလွဲသုံးစားပြုပြီး အခြားသောလုပ်ငန်းများအပေါ် အနိုင်ကျင့်ဆောင်ရွက်မှုများ မပြုလုပ်အောင် တားဆီးပေးနိုင်ခြင်း၊ ပြိုင်ဘက် လုပ်ငန်းရှင်များနှင့် စားသုံးသူများအပေါ် ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သည့် လုပ်ငန်းရှင်များအချင်းချင်းကြား ယှဉ်ပြိုင်မှုကိုကန့်သတ်ထားသော၊ထိန်းချုပ်ထားသော သဘောတူညီချက်များ၊ အစီအမံများပြုလုပ်ခြင်းများ မဖြစ်ပေါ်လာအောင် တားဆီးကာကွယ်ပေးနိုင်ခြင်း၊ ဈေးကွက်အတွင်း တရားမျှတသည့် ယှဉ်ပြိုင်မှုများ ပေါ်ပေါက်လာခြင်းအားဖြင့် ကုန်ပစ္စည်းအသစ်အဆန်းများနှင့် ကောင်းမွန်သော ဝန်ဆောင်မှုများ ရရှိလာနိုင်ခြင်း၊ ပိုမိုသက်သာ၍ ထိုက်သင့်သည့်ကုန်စည်နှင့် ဝန်ဆောင်မှုနှုန်းထားများဖြင့် ရရှိလာနိုင်ခြင်း၊ စားသုံးသူများမှ မိမိတို့စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်သည့် အခွင့်အရေးများပြားလာခြင်း၊ လုပ်ငန်းရှင်များ၊ ရောင်းချသူများမှ ၎င်းတို့ရောင်းချလိုက်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ် ယခင်ထက်ကောင်းမွန်သည့် တာဝန်ခံမှု၊ တာဝန်ယူမှုများပြုလုပ်ပေးလာခြင်း စသည့် စားသုံးသူအခွင့်အရေးများကို ကောင်းမွန်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်မည်ဖြစ်သည်။

၂၀ ရာစုခန့်မှစ၍ စီးပွားရေးလုပ်ငန်းများသည် နိုင်ငံအများအပြားကိုဖြတ်ကျော်၍ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လာသောကြောင့် လုပ်ငန်းများအချင်းချင်းကြား ယှဉ်ပြိုင်ကြသည့် ပုံစံများသည်လည်း အမျိုးမျိုးအဖုံဖုံ ကျင့်သုံးလာကြပြီး ဈေးကွက်စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်တွေ့ကြုံလာရသည်။

ယှဉ်ပြိုင်ဆောင်ရွက်မှုများ ပြင်းထန်လာသောကြောင့် ပြိုင်ဆိုင်မှု၏နောက်ဆက်တွဲ ဆိုးကျိုးများစွာကိုလည်း ခံစားလာရပါတော့သည်။ အဆိုပါစိန်ခေါ်မှုများနှင့် ဆိုးကျိုးများသည် ဈေးကွက်အတွင်းရှိ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများထံသို့သာမကဘဲ စားသုံးသူများထံသို့ပင်ရောက်ရှိပြီး နိုင်ငံစီးပွားရေးနှင့် စားသုံးသူပြည်သူများ၏ အခွင့်အရေးများ ထိပါးဆုံးရှုံးမှုများစွာတို့ကို ကြုံတွေ့ခံစားလာရသည့်အခြေအနေများနှင့် ရင်ဆိုင်လာရသည်။

ဈေးကွက်အတွင်း လုပ်ငန်းကြီးတစ်ခု သို့မဟုတ် လုပ်ငန်းစုကြီးတစ်ခုတည်းကသာ လုပ်ကိုင်နိုင်ခွင့်ရရှိထားခြင်း၊ အခွင့်ထူးများရရှိထားခြင်းတို့ကြောင့် အခြားအမျိုးအစားတူ၊ အဆင့်တူလုပ်ငန်းများမှ ၎င်းနှင့်တန်းတူ ယှဉ်ပြိုင်နိုင်ခြင်းမရှိတော့ဘဲ ဈေးကွက်အတွင်း ၎င်းတစ်ဦးတည်းကသာ ချုပ်ကိုင်လွှမ်းမိုးထားသည့် အခြေအနေမျိုးဖြစ်ပေါ်နေပါက ယင်းဈေးကွက်ကို လက်ဝါးကြီးအုပ်ထားသည့် ဈေးကွက် (Monopoly) ဟု ခေါ်ဆိုရမည်ဖြစ်သည်။

ဈေးကွက်လက်ဝါးကြီးအုပ်ရာတွင် ထုတ်လုပ်သူ၊ ရောင်းချသူဘက်မှ ဈေးကွက်ကို လက်ဝါးကြီးအုပ်ထားမှုများရှိသလို ရောင်းလိုအားများပြီး ဝယ်လိုအားနည်းသည့်ဈေးကွက်မျိုးတွင် ဝယ်သူဘက်မှ ဈေးကွက်လက်ဝါးကြီးအုပ်မှုမျိုးလည်း ပေါ်ပေါက်တတ်သည်။ ယင်းသို့ ဈေးကွက်လက်ဝါးကြီးအုပ် ဆောင်ရွက်မှုများပြုလုပ်ပါက ယှဉ်ပြိုင်မှုဥပဒေကို ချိုးဖောက်ရာကျမည်ဖြစ်သည်။

ဈေးကွက်လွှမ်းမိုးနိုင်စွမ်းရှိသည့် အခြေအနေအပေါ် အခွင့်အရေးယူ၍ အလွဲသုံးစားမှုပြုခြင်း (Abuse of Dominance Position) ဆိုသည်မှာ အင်အားကြီးမားနေသည့် စီးပွားရေးလုပ်ငန်းရှင် တစ်ဦး သို့မဟုတ် စီးပွားရေးလုပ်ငန်းစုတစ်ခုမှ ဈေးကွက်အတွင်း ၎င်းရရှိထားပြီးဖြစ်သော လွှမ်းမိုးထားနိုင်သည့်အင်အားကို အသုံးပြု၍ မိမိတို့၏ ပြိုင်ဘက်ဖြစ်သည့် သို့မဟုတ် ပြိုင်ဘက်ဖြစ်လာနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်အား ဈေးကွက်အတွင်းမှ ထွက်ခွာသွားစေရန် သို့မဟုတ် အင်အားလျော့နည်းသွားစေရန်ရည်ရွယ်၍ တရားမျှတစွာ ယှဉ်ပြိုင်ခြင်း မဟုတ်ဘဲ ဥပဒေနှင့်ဆန့်ကျင်သည့် နည်းလမ်းများဖြင့် တိုက်ခိုက်ဖယ်ရှားသည့် ဆောင်ရွက်ချက်များ ပြုလုပ်ခြင်းဖြစ်သည်။

ယင်းကဲ့သို့ပြုလုပ်မှုကြောင့် ဈေးကွက်အတွင်းရှိ ကုန်စည်နှင့် ဝန်ဆောင်မှုများကို စားသုံးသူများအနေဖြင့် စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်သည့်အခွင့်အရေးဆုံးရှုံးရပြီး ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းမြင့်တက်လာခြင်း၊ စားသုံးသူများ၏ အခွင့်အရေးများ မရရှိနိုင်ခြင်း၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် အဆင့်အတန်းများ နိမ့်ကျလာခြင်း စသည့် ဖြစ်ပေါ်လာနိုင်မည့် အကျိုးဆက်အန္တရာယ်များကို ကာကွယ်နိုင်စေရန်၊ ဈေးကွက်စီးပွားရေးစနစ် ကောင်းမွန်စွာ ရှင်သန်ကြီးထွားလာစေရန်တို့အတွက် အဓိကဦးတည်၍ ယှဉ်ပြိုင်မှုဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၉)ဖြင့် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုဥပဒေတွင် ယင်းဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များကို ဥပဒေပုဒ်မ-၃ တွင် ပြဋ္ဌာန်းထားရာ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ရန်၊ ပြည်တွင်း၊ ပြည်ပကုန်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အပေါ်တွင် မျှတမှုမရှိသော ဈေးကွက်ပြိုင်ဆိုင်မှုကို ထိန်းချုပ်နိုင်ရန်၊ ဈေးကွက်အပေါ် ထိန်းချုပ်နိုင်စွမ်းကို အလွဲသုံးစားပြုခြင်းမှ တားဆီးနိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းများအကြား ကန့်သတ်ထားရှိသော သဘောတူညီချက်နှင့် အစီအမံများကို ထိန်းချုပ်နိုင်ရန်တို့ ပါဝင်နေသည်ကို တွေ့ရသည်။

အဆိုပါပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံယှဉ်ပြိုင်မှုဥပဒေတွင် ပါရှိသော လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ကို ပြည်ထောင်စုအစိုးရအဖွဲ့မှ အမိန့်ကြော်ငြာစာအမှတ် ၁၀၆/၂၀၁၈ နဲ့ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

ယှဉ်ပြိုင်မှုကော်မရှင်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိ ငါးဦး၊ ပြင်ပမှ ဥပဒေပညာရှင်နှင့် စီးပွားရေးပညာရှင် ငါးဦး၊ စုစုပေါင်း ၁၁ ဦးဖြင့် ဖွဲ့စည်းထားသည်။

ယှဉ်ပြိုင်မှုကော်မရှင်အနေဖြင့် ပြည်သူလူထုက ယုံကြည်အားကိုးနိုင်သော၊ တောင့်တင်းခိုင်မာသော၊ စွမ်းဆောင်ရည်ပြည့်ဝသော ကော်မရှင်ကောင်းဖြစ်ဖို့လည်း လိုအပ်သည်။ ထို့အတူ ဥပဒေကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အခြေခံအကျဆုံးလိုအပ်ချက်မှာ ဥပဒေကိုသိရှိလိုက်နာရမည့် ပြည်သူလူထု အထူးသဖြင့် စီးပွားရေးလုပ်ငန်းရှင်များ ဥပဒေကိုသိရှိနားလည်ရေးဖြစ်သည်။ ထို့ကြောင့် ကော်မရှင်မဖွဲ့စည်းမီ ဥပဒေ၊ နည်းဥပဒေရေးဆွဲစဉ်ကာလကတည်းက ယှဉ်ပြိုင်မှုဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို နိုင်ငံအနှံ့မြို့ကြီးများတွင် ကျင်းပပြုလုပ်ခဲ့ပြီး ယှဉ်ပြိုင်မှုဆိုင်ရာ လက်ကမ်းစာစောင်များ၊ စာအုပ်များကို ပုံနှိပ်ဖြန့်ဝေခဲ့သည်။

ကော်မရှင် တည်ထောင်ပြီးနောက်ပိုင်းတွင်လည်း ယှဉ်ပြိုင်မှုဥပဒေနှင့် ကော်မရှင် တည်ထောင်ဖွဲ့စည်းမှု အခြေအနေများကို ၃-၆-၂၀၁၉ ရက်နေ့တွင် ရန်ကုန်မြို့၌လည်းကောင်း၊ ၁၀-၆-၂၀၁၉ ရက်နေ့တွင် နေပြည်တော်၌လည်းကောင်း ကော်မရှင်ဥက္ကဋ္ဌဦးဆောင်၍ကျင်းပပြုလုပ်ခဲ့ပြီး ၂၄-၆-၂၀၁၉ ရက်နေ့တွင်လည်း မန္တလေးမြို့တွင် ကော်မရှင်မိတ်ဆက်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အသိပညာပေးခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသကဲ့သို့ ဥပဒေအကောင်အထည်ဖော်ရေးအတွက် ကော်မရှင်ပုံမှန်အစည်းအဝေးများကိုလည်း ယှဉ်ပြိုင်မှုဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျင်းပပြုလုပ်ခဲ့ရာ တတိယအကြိမ်ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ ထို့အတူ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း အလေးထားဆောင်ရွက်လျက်ရှိသည်။ ယှဉ်ပြိုင်မှုကော်မရှင်အနေဖြင့် လွတ်လပ်မျှတသော ယှဉ်ပြိုင်မှု ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးတည်ဆောက်ရန်အတွက် ယှဉ်ပြိုင်မှုဆိုင်ရာအသိပညာပေးမှုများကို ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဥပဒေချိုးဖောက်မှုများကိုလည်း ဖော်ထုတ်အရေးယူသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ယှဉ်ပြိုင်မှုဥပဒေ ပြဋ္ဌာန်းခဲ့ခြင်းသည် နိုင်ငံတော်က ကျင့်သုံးနေသည့် ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်အောင် ဦးတည်ဆောင်ရွက်ခြင်းဖြစ်သော်လည်း ယင်းသို့ ဈေးကွက်အတွင်း စီးပွားရေးလုပ်ငန်းများအချင်းချင်း တရားမျှတစွာ ယှဉ်ပြိုင်လုပ်ကိုင် ဆောင်ရွက်စေကြခြင်းအားဖြင့် စားသုံးသူများအတွက် ရွေးချယ် ဝယ်ယူနိုင်ခွင့်နှင့် ကုန်စည်နှင့်ဝန်ဆောင်မှုတို့၏ သတင်းအချက်အလက်များရရှိပိုင်ခွင့်တို့ကို ရရှိလာမည်ဖြစ်ကြောင်းနှင့် စားသုံးသူများအတွက် အခွင့်အရေးကောင်းနှင့် စီးပွားရေးပတ်ဝန်းကျင်ကောင်းများဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## ယခုတစ်ပတ် ခာတ်ဆီအဝင်ပိုပြီး ဒီဇယ်အဝင်လျော့

ဇွန် ၉ ရက်မှ ၁၅ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၆၉၉၇၁၀၆ ဒေါ်လာတန်ဖိုးရှိ ဒီဇယ် ၄၆၁၉၁ ဒသမ ၂၇ တန်နှင့် အမေရိကန်ဒေါ်လာ ၁၇၁၈၁၆၄၁တန်ဖိုးရှိခာတ်ဆီ ၃၂၅၉၈ ဒသမ ၇၇ တန်၊ စုစုပေါင်း ၇၈၇၉၀ ဒသမ ၀၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း(92)နှင့်အောက်တိန်း(95) တို့ တင်သွင်းခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က ဒီဇယ်တန်ချိန် ၆၅၈၅၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင်တန်ချိန် ၁၉၆၆၀ ကျော် တင်သွင်းမှုလျော့နည်းပြီး ယခင်သီတင်းပတ်ကတင်သွင်းခဲ့သည့် ခာတ်ဆီတန်ချိန် ၁၈၈၉၀ကျော်နှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၃၇၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့်ယခုတစ်ပတ် ခာတ်ဆီအဝင်ပိုခဲ့ပြီး ဒီဇယ်အဝင်လျော့ခဲ့သည်။

နယ်စပ်စခန်းဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၉၅၅၆၁ တန်ဖိုးရှိ ခာတ်ဆီ၆၁၁ ဒသမ ၈၆ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၉၀၀၃၄ တန်ဖိုးရှိ ဒီဇယ် ၅၃၆ ဒသမ ၁၅ တန် တင်သွင်းခဲ့ကြောင်းသိရသည်။ **သီတာဝင်း**

## ပြည်တွင်းရွှေဈေး ဆက်လက်မြင့်တက်

ပြည်တွင်းရွှေဈေးနှင့် နိုင်ငံတကာရွှေဈေးတို့မှာ ဇွန်လဒုတိယပတ်အတွင်း စံချိန်တင်မြင့်တက်ခဲ့ရာမှ ယခုတစ်ပတ်တွင်လည်း ဆက်လက်မြင့်တက်ခဲ့သည်။ ဇွန်လပထမပတ်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၈၁၀၀၀ ရှိခဲ့ရာမှ ယခုရက်သတ္တပတ်အတွင်း ကျပ် ၁၀၉၈၀၀၀သို့ မြင့်တက်ခဲ့ကြောင်း သိရသည်။

"ဒီတစ်ပတ်ထဲကို ရွှေဈေးက တောက်လျှောက်ထိုးတက်သွားတာ ၁၁ သိန်းအထိကို ရောက်သွားတယ်။ အတက်ကြမ်းတယ်လို့ ပြောလို့ရတယ်။ ပြည်တွင်းရွှေဈေးတင်မကဘဲ နိုင်ငံတကာရွှေဈေးကပါ လိုက်တက်နေတယ်။ ရွှေဈေးဘာဖြစ်လာမလဲဆိုတာတော့ ပြောလို့မရဘူး။ အဓိကကတော့ ကုန်သွယ်ရေးတင်းမာမှု ဖြေရှင်းလို့မရသေးတာပဲ။ ကမ္ဘာ့စီးပွားရေးအင်အားကြီး နှစ်နိုင်ငံဖြစ်နေတော့ ပိုဆိုးတာပေ့ါ။ အာဆီယံဒေသတွင်း ခေါင်းဆောင်တွေ ဆွေးနွေးပွဲမှာတောင် ဒီကိစ္စက ခေါင်းစီးရောက်နေတယ်"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇွန်၁၇ ရက်ကအခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၇၉၀၀၀ရှိခဲ့ရာမှ ဇွန်၁၉ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၈၃၀၀၀သို့ မြင့်တက်ခဲ့ပြီး ဇွန် ၂၁ ရက်တွင် ကျပ်၁၀၉၅၀၀၀သို့ထပ်မံမြင့်တက်ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ ဇွန်၁၇ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၃၃ဒေါ်လာရှိခဲ့ရာမှ ဇွန်၁၉ရက်တွင် တစ်အောင်စလျှင်အမေရိကန်ဒေါ်လာ၁၃၄၃ ဒေါ်လာသို့မြင့်တက်ခဲ့ပြီး ဇွန် ၂၁ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၈၈ဒေါ်လာဖြင့် ဆက်လက်မြင့်တက်လာခဲ့သည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

**June 21, 2019**
**Base Currency is United States Dollar - USD**

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.44 |
| BDT | Bangladesh Taka | 84.53 |
| CAD | Canada Dollars | 1.31 |
| CNY | China Yuan Renminbi | 6.87 |
| EUR | Euro | 0.88 |
| H KD | Hong Kong Dollars | 7.80 |
| I NR | India Rupees | 69.62 |
| I DR | Indonesia Rupiahs | 14160.61 |
| JPY | Japan Yen | 107.37 |
| MYR | Malaysia | 4.15 |
| PKR | Pakistan Rupees | 157.24 |
| PHP | Philippines Pesos | 51.47 |
| RUB | Russia Rubles | 63.13 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1162.39 |
| LKR | Sri Lanka Rupe | 176.79 |
| THB | Thailand Baht | 30.85 |
| GBP | United Kingdom Pounds | 0.78 |
| VND | VietnamDon | 23284.97 |

*Source:xe.com*

## World Gold Price

**June- 2019** **(USD/OZ)**

| Date | NY | London | Zurich |
|---|---|---|---|
| 17 | 1343 | 1341 | 1341 |
| 18 | 1349 | 1346 | 1344 |
| 19 | 1347 | 1346 | 1345 |
| 20 | 1384 | 1382 | 1381 |
| 21 | 1395 | 1393 | 1393 |

## ရေဦးမြို့နယ်တွင် မှတ်ပုံတင်သက်တမ်းတိုး လျှောက်ထားသည့် ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံသည် ဇွန် ၁၃ ရက်တွင် ရေဦးမြို့နယ် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်ပြီး အဖွဲ့ဝင် ခုနစ်ဦးပါဝင်သောအဖွဲ့နှင့်ပူးပေါင်း၍ ဆေးဝါးရောင်းချခွင့်မှတ်ပုံတင် သက်တမ်းတိုး လျှောက်ထားသည့်ဆေးဆိုင် ငါးဆိုင်သို့ ကွင်းဆင်းပြီး မူးယစ်ဆေးများ၊ တားမြစ်ဆေးများ၊ ထိန်းချုပ်ဆေးများ၊ ရက်လွန်ဆေးများ၊ စပ်ဆေးတွဲများ ရောင်းချမှုရှိ/ မရှိနှင့်မှတ်ပုံတင်သက်တမ်းတိုးခွင့်ပြုရန် လိုအပ်သောအချက်အလက်များ ပြည့်စုံမှုရှိ/မရှိလိုက်လံစစ်ဆေးခဲ့သည်။

ဈေးဆိုင်ငါးဆိုင်သို့ကွင်းဆင်းစစ်ဆေးရာတွင် ဆေးဆိုင်သုံးဆိုင်မှ သက်တမ်းလွန်နေသည့် Azithromycimဆေးပြားတစ်ကတ်၊ SQ.Mycetim မျက်စဉ်းတစ်ပုလင်း၊ Flojocimမျက်စဉ်းတစ်ပုလင်း၊ Sonexaမျက်စဉ်းတစ်ပုလင်း၊Chloramphenicolမျက်စဉ်းတစ်ပုလင်း၊ Betason-N မျက်စဉ်းရှစ်ပုလင်း၊ Dekortynမျက်စဉ်းလေးပုလင်း၊ Aprodexမျက်စဉ်းနှစ်ပုလင်း၊ Aristomolမျက်စဉ်းနှစ်ပုလင်း၊ Polydex Nမျက်စဉ်းသုံးပုလင်း၊ Compound Vitamin B Injudk;ပုလင်း၊ Vitamin B Complex Inj 10 ပုလင်း၊ ADREN ALINE Inj ခုနစ်ပုလင်း စုစုပေါင်း၁၃မျိုးတန်ဖိုးငွေကျပ်၃၉၀၀၀ သိမ်းဆည်းခဲ့သည်။

မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌက တာဝန်ယူသိမ်းဆည်းထားကြောင်းနှင့်ဆရာဝန်ကြီးက ဆေးဆိုင်များ စစ်ဆေးရခြင်းအကြောင်းကိုလည်းကောင်း၊မြို့နယ်ရဲတပ်ဖွဲ့မှူးက မူးယစ်ဆေးဝါးများအကြောင်းကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံက လုပ်ငန်းရှင်များ၏ တာဝန်များနှင့် စာသုံးသူကာကွယ်ရေးဥပဒေပါအခန်း(၁၈)ကိုလည်းကောင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှမီးသတ်ဆေးဗူး အသုံးပြုပုံအကြောင်းကိုလည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးပညာပေးခဲ့ကြောင်း သိရှိရသည်။ **အောင်ညွန့်(ရေဦး)**

## ပြည်တွင်းငွေလဲနှုန်း အနည်းငယ် ကျဆင်းခဲ့သော ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ယခုရက်သတ္တပတ်အတွင်း ဈေးနှုန်းအနည်းငယ်ကျဆင်းခဲ့ကြောင်း ပြည်တွင်းငွေလဲဈေးကွက်မှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို ဇွန်လဒုတိယပတ်က အမေရိကန်တစ်ဒေါ်လာလျှင်၁၅၂၆ ကျပ်မှ ယခုရက်သတ္တပတ်တွင် ၁၅၂၁ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်၌ ယခုရက်သတ္တပတ်တွင်အမေရိကန်ဒေါ်လာကို ရောင်းလိုအားများခဲ့သော်လည်း ဝယ်လိုအားနည်းနေခဲ့ကြောင်း၊ နိုင်ငံတကာဈေးကွက်တွင်လည်း အမေရိကန်က ရေနံဈေးကျဆင်းကာ ရွှေဈေးမြင့်တက်နေခြင်းကြောင့် ဒေါ်လာမှာ လူကြိုက်နေသေးကြောင်း၊ ပြည်တွင်းဈေးကွက်တွင်လည်း ရွှေအပေါ် လူစိတ်ဝင်စားမှု များပြားလာခြင်းကြောင့် ဒေါ်လာဈေးကို သက်ရောက်မှုရှိခဲ့ကြောင်း၊ မြန်မာ ကျပ်ငွေတန်ဖိုးတက်လာသည်ကို တွေ့ရကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဇွန် ၁၇ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၂၈ကျပ်၊ဝယ်ဈေး ၁၅၂၄ ကျပ်မှ ဇွန် ၁၉ရက်တွင်အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၂၅ကျပ်၊ ဝယ်ဈေး ၁၅၂၂ကျပ်ဖြင့် ဈေးဖြစ်ပေါ်ခဲ့ပြီး ဇွန် ၂၁ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၂၁ကျပ်၊ ဝယ်ဈေး ၁၅၁၇ ကျပ်ဖြင့်ဈေးပိတ်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 17-6- 2019 | 1081.50 | 1081.70 |
| 18-6- 2019 | 1096.00 | 1087.00 |
| 19-6- 2019 | 1081.50 | 1081.00 |
| 20-6- 2019 | 1096.50 | 1096.00 |
| 21-6- 2019 | 1104.50 | 1104.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇွန်လ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 17 | 6.92 | 31.28 | 84.71 | 69.83 |
| 18 | 6.92 | 31.35 | 84.43 | 69.80 |
| 19 | 6.90 | 31.24 | 84.50 | 69.66 |
| 20 | 6.89 | 30.95 | 84.24 | 69.60 |
| 21 | 6.87 | 30.85 | 84.53 | 69.62 |

## Potential of Myanmar Stock Market ဟောပြောပွဲ ပြုလုပ်မည်

Myanmar Securities Exchange Centre ကုမ္ပဏီက စီစဉ်ကျင်းပသော Potential of Myanmar Stock Marketဟောပြောပွဲကို ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်စတော့အိတ်ချိန်းဆွေးနွေးပွဲခန်းမ၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ယင်းဟောပြောပွဲသို့ တက်ရောက်သူများအနေဖြင့် ရင်ခုန်စိတ်လှုပ်ရှားဖွယ် Game အစီအစဉ်တွင် ပါဝင်နိုင်မှာဖြစ်ပြီး Game Winner ငါးဦးကိုတစ်ဦးလျှင် ကျပ် ၃၀၀၀၀ ချီးမြှင့်မည်ဖြစ်ပြီး ဆုပေးအပ်မည့် အစီအစဉ်၊ ဆုခံစားခွင့်ရှိသူအား ဟောပြောပွဲတွင် အသေးစိတ် ကြေညာမည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲတက်ရန်အတွက် ဖုန်း- ၀၁ -၃၇၆၈၂၂ လိုင်းခွဲ (၁၀၅၊ ၁၀၇ )သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းကို မြန်မာ့စီးပွားရေးဘဏ်၊ ဂျပန်နိုင်ငံမှ Diawa Institute of Researchနှင့် Japan Exchange Group တို့ ပူးပေါင်းတည်ထောင်ခဲ့သည်။

လက်ရှိအချိန်တွင် ရန်ကုန်စတော့ အိတ်ချိန်းတွင် FMI,MTSH, MCB, FPBနှင့် TMHအစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိသည်။ **သန်းထိုက်အောင်**

## Energy NYMEX

21-6-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 56.65 | 2.89 | 5.38 |
| Brent Crude Futr (USD/bbl) | 64.20 | -0.25 | -0.39 |
| Gasoline Rbob Fut (Cent/gal) | 177.63 | -1.00 | -0.56 |
| Natural Gas Futr (USD/MMBtu) | 2.21 | 0.03 | 1.28 |
| Heating Oil Futr (Cent/gal) | 188.10 | -0.33 | -0.18 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 17-June | 14.82 | 2591.68 | 1728.59 | 5812.17 | 799.00 |
| 18-June | 14.87 | 2572.51 | 1729.69 | 5811.07 | 792.00 |
| 19-June | 14.93 | 2590.36 | 1740.28 | 5882.04 | 801.00 |
| 20-June | 15.29 | 2595.21 | 1757.25 | 5919.50 | 813.00 |
| 21-June | 15.32 | 2553.33 | 1738.51 | 5919.72 | 804.00 |

## ဘိလပ်မြေ

# ယခုတစ်ပတ် ရေလမ်းမှရော နယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်လျော့

ဇွန် ၉ ရက်မှ ၁၅ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၆၇၅၀ တန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၂၀၀ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ထိုင်းနိုင်ငံမှသာတင်သွင်းခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၁၈၄၇၀ကျော်အဝင်ရှိခဲ့ပြီး ယခုတစ်ပတ် တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၁၈၂၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။ ဇွန် ၈ ရက်မှ ၁၄ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၅၁၅၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၀၈၉၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၅၇၄၀ ကျော်အဝင်လျော့ခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ်မှာ ရေလမ်းရောနယ်စပ်လမ်းပါ ဘိလပ်မြေအဝင်လျော့ခဲ့ကြောင်း သိရသည်။

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

ဘိလပ်မြေမှာ **တောင်ကြီးဈေးကွက်၌** အရောင်းအဝယ်အေးကြောင်း သိရသည်။ ယခုတစ်ပတ် ကမ္ဘောဇဘိလပ်မြေက ကျပ် ၃၀၀ ဈေးကျခဲ့ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနှင့်အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲအပါချီနှင့် ကမ္ဘောဇက ပစ္စည်းပြတ်နေပြီး ကြံ့က ဈေးကွက်ထဲဝင်လာကြောင်းသိရသည်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၄၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၆၇၀၀၊ ကမ္ဘောဇ ကျပ် ၆၄၀၀၊ ဆင်(ထိုင်း) ကျပ် ၇၈၀၀၊ ကြံ့ ကျပ် ၆၂၀၀ဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်၌** ယခင်တစ်ပတ်က အရောင်းအဝယ်အေးသော်လည်း ယခုတစ်ပတ်၌ အရောင်းအဝယ်ပြန်ကောင်းလာကြောင်းသိရသည်။ ယခုတစ်ပတ် အေသုံးလုံးဘိလပ်မြေက ကျပ် ၁၀၀ ဈေးမြင့်ခဲ့ပြီး ကျန်ဘိလပ်မြေ များက ယခင်ဈေးနှင့်အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ် ၅၄၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၃၀၀၊ အယ်လ်ဖာ ကျပ် ၅၃၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၆၀၀၊ အပါချီကျပ် ၅၁၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** မိုးများသည့်ကာလဖြစ်သောကြောင့် အရောင်းအဝယ်က ယခင်ထက်တော်တော်လေးအေးသွားကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ယခုတစ်ပတ် အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေသည့်ဈေးမှာ ကြံ့တစ်ကောင် (အပြာ)ကျပ် ၅၇၅၀၊ ဆင်မြန်မာ ကျပ် ၆၁၅၀၊ ကြံ့နှစ်ကောင်(နီ)(စိမ်း) ကျပ် ၆၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** မိုးများနေသောကြောင့် အရောင်းအဝယ် တော်တော်အေးကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီ ကျပ် ၅၀၅၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကြံ့ ကျပ် ၅၇၀၀၊ ကမ္ဘောဇ ကျပ်၄၃၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၄၃၀၀ နှင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

# မြေဩဇာတန်ချိန် ၃၀၀၀၀ ကျော်ဝင်

ဇွန် ၉ ရက်မှ ၁၅ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၇၆၅၄၆၅ တန်ဖိုးရှိ မြေဩဇာတန်ချိန် ၂၈၂၁၇ ဒသမ ၃၀၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၂၄၇၅ တန်၊ တရုတ်နိုင်ငံမှ ၁၂၁၁ ဒသမ ၅ တန်၊ ဂျာမနီနိုင်ငံမှ ၁၀၈၀ တန်၊ အီရန်နိုင်ငံမှ၇၃၁တန်၊ မလေးရှားနိုင်ငံမှ ၈၅၈၅ ဒသမ ၇၄ တန်၊ နယ်သာလန်နိုင်ငံမှ ၁၉၈ ဒသမ ၇၃၅ တန်၊ နော်ဝေနိုင်ငံမှ ၄၄၆ ဒသမ ၁၅ တန်၊ ရုရှားနိုင်ငံမှ ၁၂၈၇ ဒသမ၃၅ တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၂၀၃၅ ဒသမ ၈၄ တန်၊ စင်ကာပူ နိုင်ငံမှ ၁၉၉၉ ဒသမ ၅၆ တန်၊ ထိုင်းနိုင်ငံမှ ၃၃၅၆ ဒသမ ၈၈ တန်၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံမှ ၄၅၀၃ ဒသမ ၅၅ တန်နှင့် ဗီယက်နမ်နိုင်ငံမှ ၃၀၆ တန် တင်သွင်းခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ် မလေးရှားနိုင်ငံမှ အများဆုံး တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က မြေဩဇာ၁၈၅၀၈ ဒသမ ၂၂ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၉၇၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။ တင်သွင်းခဲ့သောအမျိုးအစားများမှာ ပိုတက်၊ မဂ္ဂနီဆီယမ်ဆာလဖိတ်၊ ကွန်ပေါင်း၊ ယူရီးယား(ရွှေကြာပန်း)၊ ယူရီးယား(၄၆%)၊ အော်ဂဲနစ်တို့ဖြစ်သည်။

# မြေဩဇာဈေးကွက်အရောင်းအေး

ဇွန် ၈ ရက်မှ ၁၅ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန် ၃၁၇၆၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၈၈၅၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၂၉၁၀ ကျော် အဝင်ပိုကြောင်းသိရသည်။ ပြည်တွင်း ဈေးကွက်များဖြစ်သည့်မော်လမြိုင်၊ မန္တလေးနှင့်တောင်ကြီး တို့တွင်အရောင်းအေးပြီး မကွေး၌အရောင်းပုံမှန်ရှိကြောင်းသိရသည်။

**မော်လမြိုင်ဈေးကွက်၌** ယခင်တစ်ပတ်က အရောင်းအဝယ်အေးကြောင်း သိရပြီး ယခုတစ်ပတ်မှာလည်း အရောင်းအဝယ်အေးပြီး ဈေးငြိမ်ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ပုလဲ-အကြီး (ထိုင်း) မြင်းပျံ ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ (အမ်ပီအီး) ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ (ရွှေတောင်-တရုတ်) ကျပ်၃၁၀၀၀၊ ကွန်ပေါင်း (အစိမ်း) (၁၅း၁၅း၁၅) ကျပ် ၄၈၀၀၀၊ မြန်မာ့ဩဘာ(ရွှေကောမတ်) ကျပ် ၄၀၅၀၀၀၊ ကွန်ပေါင်း (၁၆း၁၆း၈)(မြင်းပျံ-ထိုင်း) ကျပ် ၄၇၀၀၀၊ တီစူပါ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၇၀၀၀၊ပိုတက် (မြန်မာ့ဩဘာ)ကျပ် ၃၅၀၀၀၊တီစူပါ (၁၂း၁၃) (မြားကမ္ဘာ) ကျပ်၁၃၅၀၀၊ ပိုတက်(အာမို) ကျပ် ၃၁၅၀၀၊ ကွန်ပေါင်း(၄၆%)(စံပြ)ကျပ် ၄၇၃၀၀နဲ့အရောင်းအဝယ်ဖြစ်နေကြောင်းသိရှိရသည်။

**မန္တလေးဈေးကွက်၌** အရောင်း ဆက်လက်အေးကြောင်း သိရသည်။ ယခုတစ်ပတ် တီစူပါ(၄၆%)(သံကွင်း)နှင့် အာမို(၁၀း၁၀း၅)က ကျပ် ၃၀၀၊ မြားသီးစုံနှင့် ပန်းသီးစုံက ကျပ် ၂၀၀ဈေးကျခဲ့ပြီး အာမို ၁၅ပတ်လည်က ကျပ် ၂၀၀၊ ပိုတက်က ကျပ် ၁၀၀ ဈေးမြင့်ခဲ့ပြီး ကျန်မြေဩဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ် ဖြစ်ခဲ့ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၈၅၀၀၊ သံကွင်း (၄၆%-တရုတ်) ကျပ် ၂၅၀၀၀၊ မြားသီးစုံ ကျပ် ၁၈၂၀၀၊ ပန်းသီးစုံ ကျပ် ၁၈၂၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၂၀၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၀၀၀၀၊ ပိုတက်ကျပ် ၂၈၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

**မကွေးဈေးကွက်၌** ယခင်တစ်ပတ်က မြေဩဇာဈေးများလည်း မြင့်ခဲ့ပြီး အရောင်းအဝယ်လည်းကောင်းခဲ့ကြောင်းသိရပြီး ယခုတစ်ပတ်မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေသည့်ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၉၂၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၇၇၀၀၊ အာမို ၁၅း၁၅း ၁၅ ကျပ် ၄၀၇၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၈၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၃၀၀၊ သီးစုံ(ဝါစိမ်းပြာ)ကျပ်၁၇၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၉၃၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်)ကျပ် ၂၉၀၀၀၊ ဇာမနီကျပ် ၂၀၅၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၉၂၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၂၀၀၀၊တီစူပါက ကျပ် ၂၅၈၀၀၊တောင်သူမ ကျပ် ၁၈၈၀၀၊ တက်တိုးကျပ် ၂၄၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

## နို့ဆီ/နို့မှုန့်

# ယခုတစ်ပတ် နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့

ဇွန် ၉ ရက်မှ ၁၅ ရက်အတွင်း အမေရိကန်ဒေါ်လာ ၅၁၈၉၉၀ တန်ဖိုးရှိနို့ဆီ၄၄၁ ဒသမ ၄၀၈ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် စင်ကာပူနိုင်ငံမှ ၄၃၇ ဒသမ ၇၆ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၃ ဒသမ ၆၄၈ တန်တင်သွင်းခဲ့သည်။ ယခုတစ်ပတ် တင်သွင်းခဲ့သည့် တံဆိပ်များမှာ အိုကေနှင့် ဒွန်းတို့ဖြစ်သည်။ ယခင်သီတင်းပတ်က နို့ဆီတန်ချိန် ၂၁၈ ဒသမ ၈၈ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၂၂၂ ဒသမ ၅၂၈ တန် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။

အမေရိကန်ဒေါ်လာ ၄၃၀၃၄၀ တန်ဖိုးရှိ နို့မှုန့် ၁၄၉ ဒသမ ၄၀ တန်ကို တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ပိုလန်နိုင်ငံမှ ၂၃ တန်နဲ့ နယူးဇီလန်နိုင်ငံမှ ၁၂၆ ဒသမ ၄ တန် တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က နို့မှုန့်တန်ချိန် ၂၁၉ ဒသမ ၂၈၄ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် ၆၉ ဒသမ ၈၈၄ တန် တင်သွင်းမှုလျော့နည်းခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ယခုတစ်ပတ် နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့ခဲ့သည်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၆ မှ ၁၄/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁/၆ မှ ၇/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၅၂.၉၅ | ၈.၂၅ | (+) | ၄၄.၇၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | ၁၁၈၅.၀၀ | | ၁၁၈၅.၀၀ |
| ၅။ | တာချီလိတ် | ၅၁၀၀.၀၀ | ၆၆၅၀.၀၀ | (-) | ၁၅၅၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၅၀.၀၀ | (-) | ၅၀.၀၀ |
| ၈။ | မြိတ် | - | ၃၀၀၀.၀၀ | (-) | ၃၀၀၀.၀၀ |
| | စုစုပေါင်း | ၅၁၅၂.၉၅ | ၁၀၈၉၃.၂၅ | (-) | ၅၇၄၀.၃၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၆ မှ ၁၄/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁/၆ မှ ၇/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၀၁၀၅.၅၄ | ၁၀၀၄၀.၃၀ | (+) | ၆၅.၂၄ |
| ၂။ | လွယ်ဂျယ် | ၂၁၂၂.၀၀ | ၁၂၀၈.၀၀ | (+) | ၉၁၄.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၂၀၈၇.၅၀ | ၉၉၀၃.၀၀ | (+) | ၂၁၈၄.၅၀ |
| ၄။ | ကန်ပိုက်တီ | ၅၂၅၀.၀၀ | ၄၀၄၉.၀၀ | (+) | ၁၂၀၁.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၂၂၀၀.၀၀ | ၃၆၅၀.၀၀ | (-) | ၁၄၅၀.၀၀ |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၃၁၇၆၅.၀၄ | ၂၈၈၅၀.၃၀ | (+) | ၂၉၁၄.၇၄ |

ခင်မိုးသူ

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင်၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ် ဘုရားကြီးသိုလှောင်ရုံဝင်းရှိ မြေ ၆၉၃၅ စတုရန်းပေအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တစ်နှစ်သက်တမ်း တစ်နှစ်တစ်ကြိမ် စာချုပ်ဖြင့် ငှားရမ်းမည်ဖြစ်ပါသည်။

၂။ အဆိုပါ မြေအား ဇူလိုင် ၈ ရက်နောက်ဆုံးထား၍ အဆိုပြုလွှာကောက်လွှာ ဝယ်ယူရမည်ဖြစ်ပါသည်။ အဆိုပြုလွှာနှင့်အတူ မိမိဌာနမှ ငွေစာရင်း Account ဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ်များတွင် Deposit ပေးသွင်းထားသော P.O Cheque ပူးတွဲတင်ပြရပါမည်။ တင်ဒါယှဉ်ပြိုင်ရမည့် နေ့ကို ထပ်မံအကြောင်းကြားပါမည်။

၃။ စိတ်ဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြုလွှာကောက်လွှာ ဝယ်ယူနိုင်ပြီး ၎င်းရက်ထက်ကျော်လွန်ပါက လျှောက်လွှာများကို ရောင်းချမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၅၂-၂၂၂၁၈၄၄၊ ၀၅၂-၂၂၂၁၁၀၈ နှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူးမြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးဦးစီးမှူး**
**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့**
**စားသုံးသူရေးရာဦးစီးဌာန**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင်၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်မှ မြ-၁ သိုလှောင်ရုံနှင့် ကျောက်ဆည်မြို့နယ်၊ ဖောင်ရှာရပ်ရှိ မြ-၂ သိုလှောင်ရုံတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် သုံးနှစ်သက်တမ်းတစ်နှစ်တစ်ကြိမ် စာချုပ်ဖြင့် ငှားရမ်းမည်ဖြစ်ပါသည်။

၂။ အဆိုပါမြေအား ဇူလိုင် ၈ ရက်နောက်ဆုံးထား၍ အဆိုပြုလွှာကောက်လွှာ ဝယ်ယူရမည်ဖြစ်ပါသည်။ အဆိုပြုလွှာနှင့်အတူ မိမိဌာနမှ ငွေစာရင်း Account ဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ်များတွင် Deposit ပေးသွင်းထားသော P.O Cheque ပူးတွဲတင်ပြရပါမည်။ တင်ဒါယှဉ်ပြိုင်ရမည့်နေ့ကို ထပ်မံအကြောင်းကြားပါမည်။

၃။ စိတ်ဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြုလွှာကောက်လွှာဝယ်ယူနိုင်ပြီး ၎င်းရက်ထက်ကျော်လွန်ပါက လျှောက်လွှာများကို ရောင်းချမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၂-၄၀၃၆၃၃၈နှင့်စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးမြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးဦးစီးမှူး**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**
**စားသုံးသူရေးရာဦးစီးဌာန**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင်၊ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ ရွှေဘုံသာရပ်ရှိ အောက်ဖော်ပြပါ သိုလှောင်ရုံ (၃)လုံးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းသွားမည်ဖြစ်ပါသည်။

Lot (1) မြ-၃ (72' x 34' x 14') (သွပ်၊ သွပ်၊ ကွန်)

Lot (2) မြ-၄ (72' x 34' x 14') (သွပ်၊ သွပ်၊ ကွန်)

Lot (3) မြ-၆ (72' x 34' x 14') (သွပ်၊ သွပ်၊ ကွန်)

၂။ အဆိုပါ သိုလှောင်ရုံအား ဇူလိုင် ၈ ရက်နောက်ဆုံးထား၍ အဆိုပြုလျှောက်လွှာ တင်ပြရမည်ဖြစ်ပါသည်။ အဆိုပြု လွှာနှင့်အတူ မိမိဌာနမှ ငွေစာရင်း Account ဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ်များတွင် Deposit ပေးသွင်းထားသော P.O Cheque ပူးတွဲတင်ပြရပါမည်။ တင်ဒါယှဉ်ပြိုင်ရမည့် နေ့ရက်နှင့်အချိန်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၃။ စိတ်ဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြုလျှောက်လွှာ တင်သွင်းနိုင်ပြီး ၎င်းရက်ထက်ကျော်လွန်ပါက လျှောက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၃-၂၀၂၁၁၃၉၆၊ ၀၆၃-၂၀၂၁၁၃၉၇၊ ၀၆၃-၂၀၂၁၁၃၉၈ နှင့် တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အနော်ရထာလမ်း၊ စိုးကောမင်းရပ်၊ မကွေးမြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးဦးစီးမှူး**
**မကွေးတိုင်းဒေသကြီး**
**စားသုံးသူရေးရာဦးစီးဌာန**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၁-၆-၂၀၁၉) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၆၂၀၀ | ၆၀၀၀ | ▽ | ၆၆၀၀ | ၆၆၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မန္တလေး | ၆၀၀၀ | ၆၀၀၀ | □ | ၇၂၀၀ | ၇၂၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| ပဲခူး | ၆၄၀၀ | ၆၄၀၀ | □ | ၆၄၀၀ | ၆၄၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၆၅၀၀ | ၇၀၀၀ | △ | ၇၅၀၀ | ၇၅၀၀ | □ | ၁၈၀၀ | ၁၆၀၀ | ▽ |
| မုံရွာ | ၅၈၀၀ | ၅၈၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၁-၆-၂၀၁၉ US$/Ton

| အမျိုးအစား | ဇွန်ပထမပတ် | ဇွန်ဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၀၃.၀၀ | ၅၀၃.၅၀ | △ |
| RBD P.Olein | ၅၁၀.၀၀ | ၅၀၅.၅၀ | ▽ |
| RBD P.Stearin | ၄၇၀.၀၀ | - | |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၁-၆-၂၀၁၉) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၅၂.၁၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၃၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၇၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၂၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၇.၄၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၁.၀၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၄၇ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၄၉၁.၃၁၉ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၁-၆-၂၀၁၉ နေ့ (CIF ဈေး Cloud Point 8 ˚C Max 543 ဒေါ်လာနှင့် USD ဈေး ၁၅၂၄ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၁-၆-၂၀၁၉ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၂၄ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# စီးပွားရေးလုပ်ဖို့ အခွင့်အလမ်းတွေ ပိုရလာပါမယ်

(ကိုအောင်ဇော်လတ်)

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးရှိ ကုန်သွယ်မှုသင်တန်းကျောင်း၊ အမှတ် (၂၂၈/၂၄၀)၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်မှ ဇွန် ၈ ရက်အထိ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ် (၁၂) ကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ သင်တန်းသားများဖြင့် လေးလကြာ ဖွင့်လှစ်ပို့ချခဲ့သည်။ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်နေသူများအား နိုင်ငံတကာကုန်သွယ်မှုနှင့်ပတ်သက်၍ သိရှိနားလည်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်သည်။ အဆိုပါ သင်တန်း တက်ရောက်ခဲ့ပြီး ထူးချွန်စွာအောင်မြင်ခဲ့သည့် သင်တန်းသား၊ သင်တန်းသူတို့၏ အမြင်များကို မျှဝေ လိုက်ပါသည်။**

## ကုန်သွယ်မှုသင်တန်းကျောင်းနှင့် သူတို့အမြင်

[သိန်းမြင့်ဝေ]



**ကိုအောင်ဇော်လတ်**
**(ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်-၁၂)**

“ဒီသင်တန်းဟာဆိုရင် ကျွန်တော်တက်ရောက်ခဲ့ဖူးတဲ့ တခြားသင်တန်းတွေနဲ့ မတူပါဘူး။ ဒီသင်တန်းမှာ စီးပွားရေး မလုပ်ခင် လိုအပ်တဲ့ အခြေခံတွေကစပြီး သင်ပေးခဲ့ပါတယ်။ Idea တွေ ဘယ်လို တွေးကြမယ်။ Strategy တွေ၊ စီမံခန့်ခွဲမှုတွေ ဘယ်လိုလုပ်ရမယ်ကစပြီး ကုမ္ပဏီ ဘယ်လိုထောင်ရမယ်၊ အသေးစား၊ အလတ်စားလုပ်ငန်းတွေ ဘယ်လိုလုပ်သင့်တယ် စတာတွေကို အစအဆုံး သေချာနားလည်အောင် ဆရာကြီး၊ ဆရာမကြီးတွေက သင်ပေးခဲ့ပါတယ်။ စီးပွားရေး Concept တွေရဲ့ အခြေခံဖြစ်တဲ့ Marketing 4Ps ကစပြီး အဆင့်မြင့်တဲ့ Supply Chain Management တွေ၊ Global value management တွေ၊ Five Forces Model တွေကိုလည်း သေချာသင်ပေးပါတယ်။ အပြင်မှာဖွင့်နေတဲ့ တခြားသင်တန်းတွေနဲ့ မတူတာတွေကတော့ ဒီသင်တန်းတက်ရင် ပထမဦးဆုံး Knowledge တွေရမယ်။ ပြီးရင် သင်တဲ့ဟာတွေက အပြင်မှာ တကယ်ဖြစ်နေတဲ့ အကြောင်းအရာတွေ၊ ပြီးရင်သင်တဲ့ ဆရာ၊ ဆရာမကြီးတွေဟာ အပြင်မှာ တကယ်တာဝန်ယူလုပ်ကိုင်နေရတဲ့ လူတွေဖြစ်တဲ့အတွက် အလွန်စိတ်ဝင်စားဖို့ကောင်းပါတယ်။ လက်တွေ့ (Pratical) လည်းဖြစ်ပါတယ်။”

“ကျွန်တော့်အနေနဲ့ ပြောရရင်တော့ ဒီသင်တန်းမှာ အလွှာပေါင်းစုံကလူတွေ (ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ သင်္ဘောသားတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ Agent လုပ်နေတဲ့လူတွေ) အားလုံးပါတော့ Contact တွေရတယ်၊ ပြီးရင် ဆရာကြီး၊ ဆရာမကြီးတွေနဲ့လည်း Contact တွေရတယ်။ သင်တန်းမှာသင်တဲ့ Lecture တွေက စုံလင်လှပါတယ်။ ကုမ္ပဏီများဦးစီးဌာန၊ MIC၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ UMFCCI၊ မြန်မာ့အာမခံ အစရှိတဲ့ ဌာနပေါင်းစုံက ပညာရှင်တွေ၊ ဌာနဆိုင်ရာအကြီးအကဲတွေ သင်တန်းလာရောက်ပို့ချတာဖြစ်ပါတယ်။ ဆရာ၊ ဆရာမတွေက ရာထူးကြီးပေမယ့် သင်တန်းသူ၊ သင်သန်းသားတွေကို တပည့်ရင်းပမာ ရင်းနှီးစွာ ဆက်ဆံကြပါတယ်။ မသိတာ၊ မရှင်းတာတွေရှိရင်လည်း စေတနာအပြည့်နဲ့ ရှင်းလင်းဖြေကြားပေးပါတယ်။ ဒီသင်တန်း လေးလအတွင်းမှာ ကျွန်တော်တို့ သင်တန်းသူ၊ သင်သန်းသား တွေဟာ မိသားစုကဲ့သို့ ဖြစ်သွားပါတယ်။ အချင်းချင်းလိုအပ်တာတွေ ကူညီကြတယ်။ တခြားသင်တန်းတွေနဲ့ မတူတာ နောက်တစ်ခုက လေ့လာရေးခရီးဖြစ်ပါတယ်။ စီးပွား/ကူးသန်း ဝန်ကြီးဌာနရဲ့ အစီအစဉ်နဲ့ သီလဝါအထူးစီးပွားရေးဇုန်၊ MITT ဆိပ်ကမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မြဝတီ-မဲဆောက် ကုန်သွယ်ရေးဇုန်နဲ့ တခြားစက်ရုံတွေကိုလည်း သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။”

“ကျွန်တော်ဆိုရင် ဒီသင်တန်းတက်ရောက်ပြီး Knowledge တွေ၊ Contact တွေ တိုးလာပါတယ်။ အရင်ကဆိုရင် FOB နဲ့ Export လုပ်ရာကနေ DAT၊ DAP အစရှိတဲ့ဟာတွေနဲ့ Quotation ပေးတာတွေ လုပ်နိုင်ခဲ့ပါတယ်။ Contact တွေများလာတော့ စီးပွားရေးလုပ်ဖို့ အခွင့်အလမ်းတွေ ပိုရလာပါတယ်။ အခုလို သင်တန်းတက်ရောက်ခဲ့ရတဲ့အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါတယ်။ အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။”



**မဖြူဝင်းညွန့်**
**(ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်-၁၂)**

“ကျွန်မတို့ ဒီသင်တန်းကနေပြီးတော့ ပြည်တွင်း၊ ပြည်ပ ကုန်သွယ်ရေး အကြောင်းအရာများစွာကို လေ့လာသင်ကြားခွင့် ရရှိခဲ့ပါတယ်။ နောက်ပြီး မြဝတီ-မဲဆောက် ကုန်သွယ်ရေးဇုန်၊ MITT ဆိပ်ကမ်း၊ သီလဝါအထူးစီးပွားရေးဇုန်၊ စက်မှုဇုန်များနဲ့ စက်ရုံများကို သွားရောက်လေ့လာခွင့်ရရှိခဲ့ခြင်းတွေကလည်း များစွာအကျိုးရှိခဲ့ပါတယ်။”

“သင်တန်းမှာ လုပ်ငန်းတစ်ခု၊ ကုမ္ပဏီတစ်ခုကို ဘယ်လိုအစပြုတည်ထောင်ရမလဲဆိုတာကစပြီး ကုန်သွယ်မှုပြုလုပ်တဲ့အခါမှာ ဆောင်ရန်၊ ရှောင်ရန်တွေကို သေသေချာချာလေး သိခွင့်ရရှိခဲ့တယ်။ နောက်ပြီး စီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ ဥပဒေပိုင်းဆိုင်ရာများ၊ အခွန်ပိုင်းဆိုင်ရာများကိုလည်း သိရှိခွင့်ရခဲ့ပါတယ်။ ဒီအရာတွေက ကျွန်မတို့အတွက် လုပ်ငန်းခွင်မှာ အမှန်တကယ်အသုံးတည့်ပြီး တန်ဖိုးမဖြတ်နိုင်တဲ့ အရာတွေဖြစ်ပါတယ်။”

“ကုန်သွယ်မှုနဲ့ပတ်သက်ပြီး အဖွဲ့လိုက် စာတမ်းလုပ်ခွင့် ပေးခဲ့တာတွေကလည်း ပညာဗဟုသုတ တိုးစေရုံမျှမက၊ အချင်းချင်း အပြန်အလှန်ပေါင်းသင်းဆက်ဆံမှု၊ စည်းလုံးညီညွတ်စွာ ဆောင်ရွက်နိုင်မှု၊ တာဝန်ယူမှု စတဲ့ အရာတွေကိုလည်း သင်ယူခွင့်ရရှိခဲ့ပါတယ်။”

“အဲဒါကြောင့် ဒီသင်တန်းကို ဖွင့်လှစ်ပေးတဲ့ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လာရောက်သင်ကြားပို့ချပေးသော ဆရာ၊ ဆရာမများအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။”



**မောင်ဝင်းပိုလ်ပိုလ်**
**(ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်-၁၂)**

TTI သင်တန်းက ကုန်သွယ်မှုနဲ့ ပတ်သက်တာတွေ လုပ်ထုံးလုပ်နည်းတွေ အဆင့်ဆင့်ကို DICA မှာ Company Register လုပ်တာကစပြီး Company ဖျက်သိမ်းတဲ့အထိ သင်ရိုးမှာ အသေးစိတ်ထည့်သွင်းသင်ကြားခဲ့တယ်။

လူတစ်ယောက်နဲ့ ခိုင်းနှိုင်းပြောရရင် မွေးဖွားလာတဲ့အချိန်ကစပြီး သေဆုံးသည်အထိ (From the cradle to the grave) သိသင့်သိထိုက်တာတွေ လုပ်သင့်လုပ်ထိုက်တာတွေကို သက်ဆိုင်ရာအစိုးရဌာနများမှ ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများက စိတ်ပါလက်ပါနဲ့ သင်ကြားပေးခဲ့တယ်။ အခက်အခဲနဲ့ နားမလည်မှုများကြုံတွေ့လာပါကလည်း သင်တန်းချိန် ပြင်ပတွင် မေးမြန်းနိုင်အောင် ဆရာ၊ ဆရာမတွေက လမ်းဖွင့်ပေးခဲ့ကြတယ်။

Question-and-Anser Session ချိန်ရောက်တိုင်း မေးသမျှမေးခွန်းကို ပွင့်ပွင့်လင်းလင်းနဲ့ အမှန်တရားများကို Sugar-Coat မပါ ဆွေးနွေးခွင့်ရခဲ့လို့ များစွာအကျိုးရှိခဲ့ပါတယ်။ ဆရာဦးခင်မောင်ညို၊ ဆရာဦးအေးလွင်၊ ဆရာဦးမျိုးမင်းကဲ့သို့ ပြင်ပမှ စီးပွားရေးပညာရှင်များကလည်း ထပ်လောင်းအားဖြည့်ခဲ့တဲ့အတွက် စီးပွားရေးဆိုင်ရာ အသိပညာများစွာ ရရှိခဲ့ပါတယ်။ တစ်ခုထပ်လောင်းပြောချင်တာက အပိုဆုပါ။ From the cradle to the grave ဖြစ်စဉ်မှာ ကလေးငယ်တစ်ယောက် ဖွံ့ဖြိုးဖို့ အရွယ်ရောက်ကြီးထွား (growth) ရှင်သန်ဖို့၊ ဖြစ်တည်လာမှုတွေကို ရေရှည်ဆက်လက်တည်ရှိဖို့ TTI ရဲ့ ပွဲကိုင်ရှင်များက Business Ethics Market research၊ Business Intelligence၊ Market Intelligence၊ Anti-corruption law၊ Insurance၊ 5S (methodology) စသည့် ဘာသာရပ်တွေကိုလည်း အသက်ရှင်ရုံလေးမဟုတ်ဘဲ လုပ်ငန်းကျန်းမာဖွံ့ဖြိုး အသက်ရှည်အောင် စေတနာများစွာနဲ့ ထည့်သွင်းသင်ကြားခဲ့တဲ့အတွက် TTI မှ အပိုဆုပေါင်းများစွာရရှိခဲ့ပါတယ်။ ထိုအပိုဆုများနှင့် သင်တန်းပြီးဆုံးချိန်တွင် ရှေ့ဆက်လေ့လာဖို့ အခြေခံကောင်းများရရှိပြီး အလုပ်လုပ်ကိုင်ရန် ယုံကြည်မှုများ ရရှိခဲ့ပါတယ်။

## တညင်းကုန်းလက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိတညင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ဇွန် ၁၀ ရက်မှ ၁၆ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော်တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံးဝင်ရောက် ရောင်းချနေကြောင်း သိရသည်။

ထိုသို့ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး ထိုင်ဝမ် (ပိဿာ)ကျပ် ၁၄၅၀ မှ ၁၆၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၁၃၀၀ မှ ၂၀၀၀ အတွင်း၊ ပန်းဂေါ်ဖီ(တစ်ထုပ်)ကျပ် ၈၀၀ မှ ၁၀၀၀ အတွင်း၊ အာလူး(ပိဿာ) ကျပ် ၈၅၀၊ မုန်လာဥနီ (ပိဿာ) ကျပ် ၁၂၀၀ မှ ၁၅၀၀ အတွင်း၊ ရွှေဖရုံသီး(လုံး) ကျပ် ၂၀၀၀ မှ ၃၅၀၀ အတွင်း၊ ဘူးသီး(လုံး) ကျပ် ၇၀၀ မှ ၁၂၀၀ အတွင်း၊ မုန်ညင်း (ထုပ်) ကျပ် ၁၆၀၀ မှ ၂၀၀၀ အတွင်း၊ ကြက်သွန်နီ(ဆိပ်ဖြူ) (ပိဿာ) ကျပ် ၈၅၀၊ ကြက်သွန်ဖြူ(ရှမ်း) (ပိဿာ) ကျပ် ၂၀၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) (ပိဿာ) ကျပ် ၃၂၀၀၊ ချင်း (ပိဿာ)ကျပ် ၂၆၀၀၊ ဆလတ်ရွက် (စီး) ကျပ် ၂၀၀၊ ရုံပတီသီး (တောင့်) ကျပ် ၁၀ မှ ၁၂ အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၂၀၀ မှ ၂၃၀ အတွင်း၊ ချဉ်ပေါင်ရွက်(စီး)ကျပ် ၆၀ မှ ၇၀ အတွင်း၊ ခရမ်းသီး (မီးဖုတ်ခရမ်း)(လုံး) ကျပ် ၂၀၀ မှ ၄၀၀ အတွင်း၊ သံပရာသီး (လုံး)ကျပ် ၂၀ မှ ၄၀ အတွင်း၊ ပဲသီး(စီး) ကျပ် ၂၅၀၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ) ကျပ် ၈၀၀ မှ ၂၀၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ/သေး) တစ်တောင်းကျပ် ၅၀၀၀ မှ ၇၀၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ/လတ်) တစ်တောင်း ကျပ် ၈၀၀၀ မှ ၉၀၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ/ကြီး) တစ်တောင်း ကျပ် ၁၂၀၀၀ ဈေးအသီးသီးရှိကြောင်း သိရသည်။

ယခုရက်သတ္တပတ်အတွင်း ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ မုန်လာဥနီ၊ ရွှေဖရုံသီး၊ ခရမ်းသီး(မီးဖုတ်ခရမ်း)၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း)တို့၏ ဈေးနှုန်းများမှာ ဈေးတက်နေပြီး တညင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ယခုရက် သတ္တပတ်အတွင်း သံပရာသီး အလုံးပေါင်း ၃၅၀၀၀ ကျော်၊ ခရမ်းသီး (မီးဖုတ်ခရမ်း)(လုံး) ၈၇၀၀ ကျော်၊ ဘူးသီးအလုံးပေါင်း ၁၁၆၀၀ ကျော်၊ ရွှေဖရုံသီး အလုံးပေါင်း ၃၁၅၀၀ ကျော်၊ ဂေါ်ဖီထုပ်ပေါင်း ၅၃၀၀၀ကျော်၊ ပန်းဂေါ်ဖီထုပ်ပေါင်း ၃၇၀၀၀ ကျော်နှင့် မုန်ညင်း (ထုပ်)ပေါင်း ၃၇၀၀ ကျော် အသီးသီးကုန်အဝင်ရှိကြောင်း သိရသည်။ သရက်သီးမှည့် (ရင်ကွဲ)(သေး/လတ်/ကြီး) တောင်းပေါင်း ၁၀၈၀ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**ခိုင်ရွှေ (ရန်ကုန်)**

## မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှုအခြေအနေ

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲ၊ ပြောင်းဖူးစေ့နှင့် ပဲယင်း၊ ပဲကြီး၊ ပဲလွန်းဖြူ၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲနီပြား၊ ပဲတီစိမ်းတို့အပြင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲဆန်၊ နှမ်းအခွံချွတ်၊ နှမ်းနက်၊ နှမ်းဖြူ၊ စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ရော်ဘာ၊ စားဖိုဆောင်သီးနှံ ကြက်သွန်နီ၊ နနွင်းတက်၊ ငရုတ်သီးခြောက်တို့ တင်ပို့လျက်ရှိသည်။

ဆန်တင်ပို့မှုအနေဖြင့် ဇွန် ၁ ရက်မှ ၁၈ ရက်အထိ ၁၆၂၈၈ ဒသမ ၅ တန်၊ ဆန်ကွဲ ၂၂၁၂ ဒသမ ၈ တန်၊ ပြောင်းဖူးစေ့ ၄၅၅၃ ဒသမ ၇ တန်၊ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် ပဲယင်း ၂၅၀ ဒသမ ၅ တန်၊ ပဲကြီး ၂၉၅ ဒသမ ၇ တန်၊ ပဲလွန်းဖြူ ၁၂၅ ဒသမ ၃ တန်၊ မြေထောက်ပဲ ၃၀ ဒသမ ၇၅ တန်၊ ထောပတ်ပဲ ၂၄၄ ဒသမ ၂ တန်၊ ပဲနီကြား ၂၇၄ ဒသမ ၅ တန်၊ ပဲတီစိမ်း ၈၃၂၃ တန်၊ ပဲတီစိမ်းအခွံချွတ် ၃၀ ဒသမ ၅ တန်၊ စွန်တာနီ ၃၂ ဒသမ ၃၅ တန်ခန့် တင်ပို့ပြီး အများဆုံးတင်ပို့ခဲ့သည်မှာ ပဲတီစိမ်းဖြစ်ကြောင်းလေ့လာသိရှိရသည်။

ဆီထွက်သီးနှံအနေဖြင့် နှမ်းအခွံချွတ် ၉၄ တန်၊ နှမ်းနက် ၄၆၂ ဒသမ ၇ တန်၊ နှမ်းဖြူ ၉၆ ဒသမ ၉ တန်၊မြေပဲဆန် ၅၇၄ ဒသမ ၂ တန် တင်ပို့ခဲ့သည်။

စားဖိုဆောင်သီးနှံအနေဖြင့် ကြက်သွန်နီ ၅၉၄၃ တန်၊ နနွင်းတက် ၁၃၀၁ တန်၊ ငရုတ်သီးခြောက် ၁၁၅ တန်တင်ပို့ခဲ့ပြီး ကြက်သွန်နီမှာ ဇွန် ၁ ရက်မှ ၁၀ ရက်ထိ တစ်ပိဿာ ကျပ် ၄၅၀-၅၀၀ ဝန်းကျင်ရောင်းချခဲ့ရာမှ ဇွန် ၁၈ ရက်နောက်ပိုင်း တစ်ပိဿာ ကျပ် ၆၇၀ ဝန်းကျင်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ပဲဈေးနှုန်းမှာ FOB မူဆယ်ဈေးတစ်တန်လျှင်ပဲတီစိမ်း ၁၀၅၈၁၀၉ ကျပ်၊ ပဲယင်း ၇၉၇၉၁၈ ကျပ်၊ ပဲကြီး (ကြီး) ၄၉၉၆၉၆ ကျပ်၊ ပဲလွန်းဖြူ ၇၉၇၈၁၈ ကျပ်၊ မြေထောက်ပဲ ၁၀၅၈၁၀၉ ကျပ်၊ ထောပတ်ပဲ ၉၄၉၆၉၆ ကျပ်၊ ပဲနီကြီး ၇၃၂၈၇၁ ကျပ်တို့ဖြစ်ပြီး ပြောင်းဈေးနှုန်းမှာ FOB မူဆယ်ဈေး တစ်တန်လျှင် ပြောင်းဖူးစေ့ ၂၁၂၄၈၉ ကျပ်၊ နှံစားပြောင်း ၅၁၆၀၄၅ ကျပ် ဈေးဖြစ်ပြီး ဆီထွက်သီးနှံအနေဖြင့် FOB မူဆယ်ဈေး တစ်တန်လျှင် နှမ်းနက်စမုံ ၂၉၀၁၁၂၇ ကျပ်၊ နှမ်းနက် ၁၈၁၆၉၉၉ ကျပ်၊ နှမ်းဖြူ ၂၁၄၂၂၃၈ကျပ်၊ နှမ်းအခွံချွတ် ၂၅၇၅၈၈၉ ကျပ် ပေါက်ဈေးရှိခဲ့သည်။ ဘုရင့်နောင်ပေါက်ဈေးမှာ ပဲတီစိမ်းရွှေ ကျပ် ၁၂၂၄၇၉၀- ၁၂၄၄၉၉၉ ကျပ်၊ မတ်ပဲ (RC) သစ် ကျပ် ၈၅၉၀၀၀-၈၆၀၀၀၀၊ ပဲစင်းငုံအဟောင်း ကျပ် ၉၃၅၀၀၀ ပေါက်ဈေးရှိခဲ့သည်။

**မောဝ်ရွှေလီကုန်သွယ်မှုဇဟိုဌာန**

## မူဆယ်(၁၀၅)မိုင်မှ တရုတ်သို့ သရက်သီးတင်ပို့မှု နည်းလာသော်လည်း ဈေးကောင်း

မူဆယ်(၁၀၅)မှတရုတ်နိုင်ငံသို့ သစ်သီးဝလံများ တင်ပို့လျက်ရှိရာ ဇွန် ၁ ရက်မှ ၁၆ ရက်အထိ သရက်သီးတင်ပို့မှုများပြီး အခြားသစ်သီးဝလံများ တင်ပို့ခြင်းမရှိသလောက် နည်းပါးခဲ့သည်။

တင်ပို့သရက်သီး အမျိုးအစားများမှာ ရွှေဟင်္သာ၊ စိန်တလုံး၊ ရင်ကွဲ၊ ပတ္တမြားငမောက်တို့ အများဆုံးဖြစ်ပြီး ထွက်ရှိရာဒေသများမှာ ကျောက်ဆည်၊ အုန်းချော၊ ပလိပ်၊ အမရပူရ၊ စစ်ကိုင်း၊ မုံရွာ၊ ချောင်းဦး၊ စဥ့်ကိုင်၊ဟန်မြင့်မိုလ်၊ တောင်ကြီးတို့မှ အများဆုံးဖြစ်သည်။

သရက်သီးဈေးမှာ ၁၆ ကီလိုတစ်ခြင်းလျှင် ရွှေဟင်္သာအိတ်စွပ်အကြီးရှယ် ယွမ် ၁၄၀-၁၅၀၊ အလယ်အလတ် ယွမ် ၉၀-၁၃၀၊ အသေးယွမ်၇၀-၉၀၊ အိတ်လွတ် ယွမ် ၆၀-၇၀၊ စိန်တလုံး အိတ်သီးရှယ် ယွမ် ၁၂၀-၁၄၀၊အလတ် ယွမ် ၉၀-၁၁၀၊ အသေး ယွမ် ၆၀-၈၀၊ အိတ်လွတ် ၆၅-၇၅ ယွမ်၊ ရင်ကွဲ အိတ်စွပ် ၆၅-၈၀ ယွမ်၊ အိတ်လွတ် ၄၀-၅၅ ယွမ်၊ ပတ္တမြားငမောက် ၆၀-၇၅ ယွမ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သစ်သီးပွဲရုံများမှသိရသည်။ ငွေဈေးမှာ သုည ဒသမ ၀၀၄၆ ဈေးပေါက်ခဲ့ပြီး တစ်ယွမ်လျှင် ၂၁၇ ကျပ် ဈေးဖြစ်ခဲ့သည်။

သရက်တင်ပို့မှုမှာ ဇွန် ၁ ရက်မှ ၁၃ ရက်ထိ သိသိသာသာ ပြောင်းလဲမှုမရှိဘဲ ဈေးနှုန်းမှာလည်း ယွမ် ၁၅၀၀-၉၅၀၀၊ မြန်မာကျပ်ငွေ ၃၂၆၀၀၀-၂၀၆၅၀၀၀ အထိရရှိခဲ့ပြီး ဇွန် ၁၄ ရက်မှ စ၍ သရက်တင်ပို့မှုနည်းခဲ့ပြီး တစ်တန်ဈေးမှာလည်း ယွမ် ၁၀၀၀၉၂၀၀၊ မြန်မာငွေကျပ် ၂၁၇၄၀၀-၂၀၀၀၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သစ်သီးဝလံကုန်စည်ဒိုင်မှသိရသည်။

ဇွန် ၁ ရက်မှ ၁၈ ရက်ထိ တရုတ်နိုင်ငံသို့ သရက်သီးတင်ပို့ တန်ချိန် ၁၀၂၈၁ ဒသမ ၅ တန်၊ ဖရဲသီး ၁၄ ဒသမ ၅ တန်၊ ကန်စွန်းဥ ၁၅တန်သာ တင်ပို့ခဲ့ပြီး နာနတ်သီးများခူးဆွတ်နေပြီဖြစ်သော်လည်း တရုတ်နိုင်ငံသို့ လုံးဝတင်ပို့ခြင်းမရှိပါ။

ဇွန် ၁၆ ရက်မှ ၁၈ ရက်အထိ သရက်သီးဈေး ပြန်မြင့်လာပြီး တရုတ်နိုင်ငံ (FDA)မှလည်း မူဆယ်(၁၀၅) မိုင် သစ်သီးကွင်းအထိလာရောက်ပြီး သရက်သီးရောင်းချမှုအခြေအနေနှင့် သစ်သီးအရည်အသွေးများကိုသစ်သီးဝလံကုန်စည်ဒိုင်နှင့်ပူးပေါင်းကြည့်ရှု စစ်ဆေးသွားကြောင်း သစ်သီးပွဲရုံများမှ သိရသည်။

**စုစုသာ**
**(မောဝ်ရွှေလီကုန်သွယ်မှုဇဟိုဌာန)**

## အခြေခံစားသောက်ကုန် ဈေးနှုန်းများ မြင့်တက်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး(အနောက်)၊ သာယာဝတီခရိုင်အတွင်းရှိ ဈေးကွက်တွင် အခြေခံစားသောက်ကုန်များဖြစ်သော ကြက်သွန်နီ၊ ကြက်သွန်ဖြူ ကြက်သား၊ ငါး၊ ငရုတ်သီးစိမ်း၊ ခရမ်းချဉ်သီးများ ဈေးနှုန်းမြင့်တက်လျက်ရှိသည်။ ကြက်သွန်နီများမှာ ယခင်သီတင်းပတ်များတွင် အနိမ့်ဆုံး ကျပ် ၅၀၀မှ အမြင့်ဆုံး ၇၀၀ ခန့်သာရှိရာမှ ယခုသီတင်းပတ်တွင် အနိမ့်ဆုံးကျပ် ၈၀၀ မှ အမြင့်ဆုံးကျပ် ၁၀၀၀ ခန့်ထိဈေးနှုန်းမြင့် တက်လာသည်။

ထို့အတူကြက်သွန်ဖြူမှာလည်း အနိမ့်ဆုံး ကျပ် ၁၈၀၀မှ အမြင့်ဆုံး ကျပ် ၂၀၀၀ ခန့်ရှိသော်လည်း ယခုအနိမ့်ဆုံး ကျပ် ၂၅၀၀ မှ အမြင့်ဆုံး ကျပ် ၃၀၀၀ ထိမြင့်တက်လာပြီး မွေးမြူရေးကြက်သားမှာ တစ်ပိဿာလျှင် ကျပ် ၆၅၀၀ မှ ၇၀၀၀ ခန့်ရှိရာမှ ၈၀၀၀ကျပ်အထိ ဈေးနှုန်းမြင့်တက်လာသည်။ ငါးမြစ်ချင်းမှာ တစ် ပိဿာလျှင်ကျပ် ၃၀၀၀ မှ ၃၅၀၀ ခန့်မှ ကျပ် ၄၀၀၀ မှ ၄၅၀၀ ခန့်ထိ၊ ခရမ်းချဉ် သီးမှာလည်း တစ်ပိဿာလျှင် ကျပ် ၁၈၀၀ မှ ၂၀၀၀ ခန့်ထိ၊ ငရုတ်သီးစိမ်းများမှာ တစ်ပိဿာလျှင် ကျပ် ၁၅၀၀ မှ ၂၀၀၀ ခန့်ထိ ဈေးကွက်အတွင်း ဈေးနှုန်းမြင့်တက်လာသည်ကို တွေ့ရသည်။

**ဝေဝေဖြိုး(သာယာဝတီ)**

## ယခုဘဏ္ဍာနှစ်အတွင်း မြန်မာ့စီးပွားရေး တိုးတက်မှုနှုန်းမြင့်တက်မည်ဟု ကမ္ဘာ့ဘဏ်မျှော်မှန်း

မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် အကူးအပြောင်းကာလအတွင်း ၆ ဒသမ ၄ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ၆ ဒသမ ၅ ရာခိုင်နှုန်းသို့ မြင့်တက်မည်ဟု ကမ္ဘာ့ဘဏ်က မျှော်မှန်းထားသည်။

၂၀၁၈ ခုနှစ်အတွင်း လှုပ်ခတ်မှုဖြစ်ခဲ့သော မြန်မာ့စီးပွားရေးသည် ယခုအခါ တဖြည်းဖြည်းချင်း တည်ငြိမ်လာကာ ပြန်လည်အရှိန်ရလာကြောင်း ယခုနှစ် ဇွန် ၁၈ ရက်ကထုတ်ပြန်သည့် ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေးစောင့်ကြည့်အစီရင်ခံစာက ဆိုသည်။

“လက်ရှိမြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးမှုစီမံကိန်းမှာဖော်ပြထားတဲ့ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးရေးရည်မှန်းချက်တွေကို ရောက်ရှိနိုင်ဖို့အတွက် အစိုးရပိုင်းကရော ပုဂ္ဂလိကပိုင်းကပါ ရင်းနှီးမြှုပ်နှံမှုတွေ ဆောင်ရွက်ဖို့လိုအပ်ပါတယ်”ဟု မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်၏ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr.Gevorg Sargsyan က ပြောသည်။

ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများက စီးပွားရေးတိုးတက်မှု၏ အဓိကမောင်းနှင်အားများဖြစ်ပြီး လက်ရှိတွင် မြန်မာနိုင်ငံအတွင်း အထည်ချုပ်လုပ်ငန်းကဲ့သို့ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်အရှိန်ရလာသည်ဟု ဆိုသည်။

အစိုးရ၏ ပြုပြင်ပြောင်းလဲမှုကြောင့် လက်လီနှင့် လက်ကားရောင်းဝယ်ရေးလုပ်ငန်းများ ပြန်လည်အရှိန်ရလာပြီး ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍသည် စီးပွားရေးဖွံ့ဖြိုးမှု၏ အဓိကကဏ္ဍအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ သို့သော် ပြင်ပအကြောင်းအရာများဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ စီးပွားရေးအရှိန် နှေးကွေးလျက်ရှိခြင်း၊ ကုန်သွယ်ရေးစစ်ပွဲ ပိုမိုတင်းမာလာခြင်း၊ အီးယူက ကုန်သွယ်မှု အထူးအခွင့်အရေးများ ရုပ်သိမ်းနိုင်သည့် အလားအလာရှိနေခြင်းနှင့် စွမ်းအင်ဈေးနှုန်းများ အတက်အကျ အပြောင်းအလဲ မြန်ဆန်ခြင်းတို့က အန္တရာယ်စိန်ခေါ်မှုများအဖြစ် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေး စောင့်ကြည့်အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါ အစီရင်ခံစာသည် မြန်မာနိုင်ငံ၏ လတ်တလောစီးပွားရေး ဖြစ်ပေါ် တိုးတက်မှုအခြေအနေများနှင့် အလားအလာများအား လေ့လာသုံးသပ်ထားသကဲ့သို့ အထူးပြုကဏ္ဍများအဖြစ် မြန်မာ့စွမ်းအင်ကဏ္ဍနှင့် ရှုထောင့်နယ်ပယ်စုံ လူမှုဖူလုံရေးကိုလည်း ထည့်သွင်းလေ့လာ ထားကြောင်း သိရသည်။ ယင်းအစီရင်ခံစာကို ဇွန် ၁၈ ရက်က Sule Shangri-La Hotel တွင် ပြုလုပ်သည့် Myanmar Ecnomic Monitor: Building Reform Momentum အခမ်းအနားတွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

**ပန်းဆု**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ခုနှစ်၊ ဇွန် ၁၇ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်းရှစ်နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Kenya နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၅ ဒသမ ၁၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဟောင်ကောင်၊ သီရိလင်္ကာ၊ နီပေါ၊ အီဂျစ်၊ ကိုလံဘီယာ၊ အီတလီ၊ ကူဝိတ်၊ ကာတာ၊ ဆွစ်ဇာလန်နှင့် တူရကီ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၅၈ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်း၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ အမေရိကန်၊ နယူးဇီလန်၊ ဘရာဇီး၊ ဂျာမနီ၊ စပိန်၊ ပေါ်တူဂီ၊ နော်ဝေ၊ ဒိန်းမတ်နှင့် နယ်သာလန် စသည့်နိုင်ငံပေါင်း ၄၆ နိုင်ငံသာရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၇ ဒသမ ၉၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဇွန် ၁၇ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် ၅ ဒသမ ၁၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၇ ဒသမ ၉၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် သုည ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်း များကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဇွန် ၁၇ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်းရှစ်နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ပါကစ္စတန်နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၃ ဒသမ ၇၀ ရာခိုင်နှုန်း ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဟောင်ကောင်၊ သီရိလင်္ကာ၊ နီပေါ၊ ရုရှား၊ အီတလီ၊ အီဂျစ်၊ အာဂျင်တီးနား၊ ကိုလံဘီယာ၊ ဆွစ်ဇာလန်၊ တူရကီ၊ တောင်အာဖရိက၊ ကူဝိတ်နှင့် ကာတာ စသည့် နိုင်ငံများ အပါအဝင် ၆၂နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်း၊ တရုတ်၊ ဂျပန်၊ ပြင်သစ်၊ အမေရိကန်၊ အိန္ဒိယ၊ ဘရာဇီး၊ ကနေဒါ၊ စပိန်၊ နယူးဇီလန်၊ ဂျာမနီ၊ နော်ဝေ၊ ဒိန်းမတ်နှင့် နယ်သာလန် စသည့်နိုင်ငံ ၄၂ နိုင်ငံသာရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၄၀ ရာခိုင်နှုန်းမှ ၆ ဒသမ ၂၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရ သည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇွန် ၁၇ ရက်တွင် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၃ ဒသမ ၂၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် ၄ ဒသမ ၂၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၆ ဒသမ ၂၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်ရှိသော အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇွန် ၁၇ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၉ | ၀.၅၉ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၂ | ၀.၈၇ |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် ဇွန် ၁၇ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၃ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၀ ဖြင့်လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၁ ဖြင့် လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၁ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၆ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၃ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၅ ဖြင့်လည်းကောင်း၊ ဧည့်မထ၂၅မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၇ ဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၅ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၃ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ၁၀၀ % ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ မှတ်ဆန်၊ ၂၅ မှတ် ဆန်နှင့် ပေါင်းဆန်ဈေးနှုန်းများ သိသိသာသာ ဈေးနှုန်းပြောင်းလဲခဲ့ခြင်းမရှိကြောင်း သိရှိရသည်။ ပါကစ္စတန်နိုင်ငံတွင် ဧည့် မထ ၅ မှတ်ဆန်မှာ ဈေးအနည်းငယ်ကျဆင်းခဲ့ပြီး ဧည့်မထ ၂၅မှတ်ဆန်မှာ ဈေးအနည်းငယ် မြင့်တက်ခဲ့ကြောင်း သိရှိရသည်။ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅မှတ်ဆန်မှာ ဈေးကျဆင်းခဲ့ပြီး ပေါင်းဆန်ဈေးမှာ တည်ငြိမ်လျက်ရှိသည်။ ဗီယက်နမ်နိုင်ငံတွင် ဧည့်မထ ၅မှတ်ဆန်၊ ၂၅ မှတ် ဆန်နှင့် ဆန်အမျိုးအစားများအားလုံး ဈေးကျဆင်းခဲ့ကြောင်း လေ့လာသိရှိရသည်။

ဆန်ဈေးကွက်နှင့် စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် ဆန်ဝယ်လိုအားနည်းပါးသည့်အတွက် ယခုတစ်ပတ်တွင် အိန္ဒိယနှင့် ဗီယက်နမ်ဆန် ပို့ကုန်ဈေးများကျဆင်းခဲ့ပြီး ကမ္ဘာ့ဆန်တင်ပို့မှု ဒုတိယအများဆုံး ထိုင်းနိုင်ငံ၌ ထိုင်းဘတ်ငွေအားကောင်းမှုကြောင့် ဆန်အဝယ်အားနေပြီး ထိုင်းဆန်ဈေးမှာ ဈေးနှုန်းယှဉ်ပြိုင်နိုင်မှု နည်းပါးနေကြောင်း သိရှိရသည်။

ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ငါးမှတ်ပေါင်းဆန်ဈေးနှုန်းသည် ယခင်တစ်ပတ်က တစ်တန်လျှင်၃၆၆-၃၆၉ ဒေါ်လာရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ၃၆၅-၃၆၇ ဒေါ်လာသို့ကျဆင်းလာခဲ့သည်ကို သိရှိရသည်။ အာဖရိကဝယ်လက်များတွင် ဆန်လက်ကျန်များပြားနေသည့်အတွက် အဝယ်အားနေကြောင်း အိန္ဒိယနိုင်ငံတောင်ပိုင်း၊ အန္ဓရပြည်နယ်၊ ကာကီနာဒါမြို့အခြေစိုက် ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံသည် ဘာစမာတီဆန်မဟုတ်သော အခြားဆန်အမျိုးအစားများကို အာဖရိကနိုင်ငံများထံသို့ အဓိကထားတင်ပို့လျက်ရှိပြီး ပထမတန်း ဘာစမာတီဆန်များကို အရှေ့အလယ်ပိုင်း ဒေသနိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

ဗီယက်နမ်နိုင်ငံတွင်လည်း ဆန်ဝယ်လိုအား အေးနေပြီး လတ်တလောတွင် ဈေးကွက်တည်ငြိမ်လျက်ရှိပြီး အဝယ်ကမ်းလှမ်းမှုများမရှိသေးကြောင်း ဟိုချီမင်းစီးတီးမြို့အခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။ နွေနှောင်းစပါးရိတ်သိမ်းရာမှ ရရှိသည့်ဆန်များ အရည်အသွေးနိမ့်ကျခြင်းကြောင့် ဆန်ဈေးကို ကျဆင်းစေသည်ဟု သိရှိရသည်။

ယခုအခါ ဗီယက်နမ်တောင်ပိုင်း ၁၂ ပြည်နယ်နှင့် ကန်သိုမြို့ပါဝင်သည့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသသည် စပါးစိုက်ပျိုးရေးကဏ္ဍတွင် စမတ်စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲအသုံးပြုလာခြင်းကြောင့် အထွက်နှုန်းတိုးလာသကဲ့သို့ ကုန်ကျစရိတ်လည်း လျှော့ချနိုင်လာပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း ပိုမိုကာကွယ်နိုင်လာကြောင်း သိရှိရသည်။ စမတ်စပါးမျိုးစေ့ချစနစ်၊ စမတ်စိုက်ပျိုးစက်၊ စမတ်ရေသွင်းရေထုတ်ထိန်းစက် စသည့်စမတ်ပစ္စည်းများ အသုံးပြုခြင်းကြောင့် သမားရိုးကျနည်းလမ်းထက် မျိုးစေ့အကုန်အကျ သက်သာခြင်း၊ ပိုးသတ်ဆေးဖျန်းရ သက်သာခြင်း၊ ဓာတ်မြေဩဇာလည်း လျှော့သုံးနိုင်ပြီး အထွက်နှုန်းပိုကောင်းလာကြောင်း သိရှိရသည်။

ဒေါင်သပ်နှင့် ထရာဗင်ပြည်နယ်များရှိ လယ်သမားများသည် စမတ်စိုက်ပျိုးစနစ်များကြောင့် စိုက်ပျိုးရေလိုအပ်ချက် ၃၀ ရာခိုင်နှုန်းလျှော့ချလိုက်နိုင်ပြီး ယူရီးယားအသုံးပြုနှုန်း ၄၀ ရာခိုင်နှုန်းလျှော့ချနိုင်သကဲ့သို့ စိုက်ခင်းဓာတ်မြေဩဇာ ကြဲပက်သည့် အလုပ်သမားစရိတ်လည်း ၇၅ ရာခိုင်နှုန်း သက်သာသွားကြောင်း ပြောကြားခဲ့သည်ကို သိရှိရသည်။ ရေထုအရည်အသွေးကို စောင့်ကြည့်သည့် စမတ်ပစ္စည်းများအသုံးပြုခြင်းကြောင့် လယ်သမားများသည် စိုက်ခင်းအတွင်း ပင်လယ်ရေစိမ့်ဝင်မှု ပြဿနာကိုလည်း ကြိုတင်ကာကွယ်နိုင်လာကြောင်း သိရှိရသည်။

စမတ်စိုက်ပျိုးစနစ်သည် သမားရိုးကျစိုက်ပျိုးစနစ်ထက် အမြတ်ရာခိုင်နှုန်း ၂၀ ခန့်ပိုရရှိကြောင်းလည်းသိရှိရပါသည်။ ဗီယက်နမ်၏ ဆန်အိုးကြီးဖြစ်သည့် မြစ်ဝကျွန်းပေါ်ဒေသသည် စပါး စိုက်ခင်း ဟက်တာ ၁ ဒသမ ၇ သန်းရှိပြီး နှစ်စဉ်ဆန်တန်ချိန် ၂ ဒသမ ၈ သန်းခန့် ပြည်ပသို့ တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဆန်ဈေးကျဆင်းမှုကို ပြည်သူများ မကျေမနပ်ဖြစ်နေသဖြင့် အစိုးရက တောင်သူထံမှ ဆန်တန်ချိန် နှစ်သိန်းခွဲ ထပ်မံဝယ်ယူသွားရန် ဆုံးဖြတ်ခဲ့သည်ကို သိရှိရပါသည်။ ဘင်္ဂလားဒေ့ရှ်ဆန်ဈေးများ ကျဆင်းနေရခြင်းမှာ ဆောင်းစပါး အထွက်ကောင်းခြင်းနှင့် တင်သွင်းဆန် များနေခြင်းတို့ကြောင့် ဖြစ်ပြီး ဝန်ကြီးချုပ်၏ ညွှန်ကြားချက်အရ တောင်သူများထံမှ ဆန်တိုးမြှင့် ဝယ်ယူသွားမည်ဖြစ်ကြောင်း စားနပ်ရိက္ခာဝန်ကြီး Sadhan Chandra Majumder က အင်္ဂါနေ့သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်ကို သိရှိရသည်။

ယခုအခြေအနေမှ တိုးတက်စေခြင်းမရှိလျှင် တောင်သူများ ဆန်ဈေးမျှတစွာရရှိရေး ဆန်ဝယ်ယူမှုပမာဏ ထပ်မံမြှင့်တင်မည်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယခုရာသီ၌ ဆောင်းဆန်ကိုပိုလျှံစွာထုတ်လုပ်နိုင်ခဲ့ပြီး လက်ရှိတွင် အစိုးရဆန် ဂိုဒေါင်များ၏ သိုလှောင်နိုင်စွမ်းမှာ တန်ချိန် ၁ ဒသမ ၉၆ သန်းသာရှိပြီး သိုလှောင်ဆန်မှာ တန်ချိန် ၁ ဒသမ ၄ သန်း ရှိနေကြောင်း၊ အစိုးရသည် လက်ရှိအချိန်အထိ တောင်သူထံမှ ဆောင်းစပါးတန်ချိန် ၃၀၀၀၀ ဝယ်ယူထားပြီး တန်ချိန် ၁၂၀၀၀၀ ဝယ်ယူရန် ကျန်ရှိနေကြောင်း၊ ယခုအခါ တန်ချိန်နှစ်သိန်းခွဲ ထပ်မံဝယ်ယူမည့် ဆုံးဖြတ်ချက်အရ အစိုးရအနေဖြင့် တောင်သူထံမှ ဆန်တန်ချိန် လေးသိန်းအထိ ဝယ်ယူသွားရမည်ဖြစ်ကြောင်း စားနပ်ရိက္ခာဝန်ကြီးက ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်အစိုးသည် ပြည်တွင်းလိုအပ်ချက်ထက် ပိုလျှံနေသော ဆောင်းဆန် တန်ချိန် တစ်သန်းခန့် ပြည်ပသို့တင်ပို့ရန် စီစဉ်ထားပြီး အစိုးရသည် သွင်းကုန်ကို ကန့်သတ်ခြင်းဖြင့် ဆန်ဈေးကျဆင်းမှုထိန်းချုပ်နိုင်ရန် ဆန်တင်သွင်းမှုအပေါ် စည်းကြပ်သည့်အခွန်ကို ၂၈ ရာခိုင်နှုန်း မှ ၅၅ ရာခိုင်နှုန်းသို့ မြှင့်တင်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ် ပုဂ္ဂလိကလုပ်ငန်းများသည် ယခုဘဏ္ဍာနှစ် ပထမ ၁၀ လအတွင်း ဆန်တန်ချိန် ၃၀၃၀၀၀ တင်သွင်းခဲ့ရာ

**စာမျက်နှာ ၁၇ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၃ | ထိုင်း | လီတာ | ၁.၁၁ | ၀.၈၂ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၈ | ၀.၇၂ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၆ | ၁.၂၉ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၆ | ၀.၇၈ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၈ | ၀.၈၆ |
| ၉ | လာအို | လီတာ | ၁.၂၄ | ၁.၀၀ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် ဇွန် ၁၇ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာ တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂ ရှိပြီး စက်သုံးဆီ ဈေးနှုန်းနိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၉ ဒေါ်လာနှုန်းဖြင့် ၂၂ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုညဒသမ ၅၉ ဒေါ်လာနှုန်းဖြင့် ၂၃ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေး နှုန်း အနည်းဆုံး/အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်

တန်ဖိုး– အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | Cuba | လီတာ | ၀.၀၉ | ဟောင်ကောင် | လီတာ | ၂.၁၈ |
| ၂ | ဆူဒန် | လီတာ | ၀.၁၄ | ဘာဘေဒို | လီတာ | ၁.၉၈ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Monaco | လီတာ | ၁.၉၇ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၉၃ |
| ၅ | အယ်လ်ဂျီရီးယား | လီတာ | ၀.၃၅ | C.A. Republic | လီတာ | ၁.၈၈ |

တန်ဖိုး– အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Monaco | လီတာ | ၁.၉၀ |
| ၂ | Cuba | လီတာ | ၀.၀၈ | ဟောင်ကောင် | လီတာ | ၁.၈၁ |
| ၃ | ဆူဒန် | လီတာ | ၀.၀၉ | Iceland | လီတာ | ၁.၇၉ |
| ၄ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | နော်ဝေ | လီတာ | ၁.၇၇ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | Switzerland | လီတာ | ၁.၇၃ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး– အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၄ | ၀.၉၂ |
| ၂ | ဂျပန် | လီတာ | ၁.၃၂ | ၁.၁၅ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၄ | ၀.၉၅ |

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်

## ကြယ်စင်(တန့်ဆည်မြေ)


ပါသည်-

တန်ဖိုး– အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၁၄.၆.၂၀၁၉ | စည် | ၅၂.၂၈ |
| ၂ | ၁၇.၆.၂၀၁၉ | စည် | ၅၁.၉၃ |
| ၃ | ၁၈.၆.၂၀၁၉ | စည် | ၅၃.၉၀ |
| ၄ | ၁၉.၆.၂၀၁၉ | စည် | ၅၃.၇၆ |
| ၅ | ၂၀.၆.၂၀၁၉ | စည် | ၅၆.၆၅ |

source : http://www.oil-price.net/

၂၀၁၉ ခုနှစ် မေ ၂၂ ရက်မှ ဇွန် ၁၇ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၆ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေးမှာ ဆက်တိုက်မြင့်တက်လျက်ရှိပြီး ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် ကမ္ဘာ့ရွှေဈေး ရုတ်တရက်မြင့်တက်သွားသည့်အတွက် ကမ္ဘာ့ရွှေဈေးနှင့် ချိတ်ဆက်ထားသည့် ပြည်တွင်းဈေးကွက်တွင်လည်း ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၁၁၂၀၀၀ သို့ ရောက်ရှိလာကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။ ယခုဈေးသည် မြန်မာ့ဈေးကွက်တွင် ပထမဦးဆုံး အမြင့်ဆုံး စံချိန်ဖြစ်ကြောင်း ပြည်တွင်းရွှေလုပ်ငန်းရှင်များက ပြောကြားကြသည်ကို သိရှိရသည်။

ဇွန်လ ၁၉ ရက်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁၃၄၃ ဒေါ်လာ၊ ဇွန် ၂၀ ရက်တွင် ၁၃၈၁ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ဇွန် ၂၁ ရက်တွင် ၁၄၀၆ ဒေါ်လာသို့ ရွှေတစ်အောင်စလျှင် ဒေါ်လာ ၆၀ ကျော်ခန့် မြင့်တက်သွားကြောင်း သိရှိရသည်။ ရွှေဈေးကွက်တွင် အရောင်းအဝယ်မှာအေးနေပြီး ကမ္ဘာ့ရွှေဈေး မြင့်တက်လာသော်လည်း အမေရိကန်ဒေါ်လာနှင့် မြန်မာငွေလဲလှယ်နှုန်း ကျမည်ဆိုပါက ရွှေဈေးကို ထိန်းထားနိုင်မည်ဟု ရွှေလုပ်ငန်းရှင်များက ခန့်မှန်းထားကြသည်။ ရွှေဈေးမှာ မြန်မာငွေကြေး၏ ခိုင်မာမှုပေါ်တွင်လည်း မူတည်လျက်ရှိကြောင်း၊ လက်ရှိတွင် ဒေါ်လာငွေလဲနှုန်းသည် ၁၅၂၅ ကျပ်ဝန်းကျင်တွင် တည်ငြိမ်နေကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

၂၀၁၉ ခုနှစ်၊ ဇွန် ၁ ရက်မှ ၂၁ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၆.၂၀၁၉ | ၁၀၅၄၅၀၀ | ၁၃၀၅ |
| ၂ | ၃.၆.၂၀၁၉ | ၁၀၅၅၅၀၀ | ၁၃၁၇ |
| ၃ | ၄.၆.၂၀၁၉ | ၁၀၆၀၅၀၀ | ၁၃၂၆ |
| ၄ | ၅.၆.၂၀၁၉ | ၁၀၆၆၅၀၀ | ၁၃၃၇ |
| ၅ | ၆.၆.၂၀၁၉ | ၁၀၆၆၅၀၀ | ၁၃၃၆ |

စာမျက်နှာ ၁၇ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၃-၆-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၃၄ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၁၉-၆-၂၀၁၉ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၅ ဒသမ ၄၅ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 19-Jun-19 | 12.97 cts/lb | 12.90 cts/lb | 335.45 $/T | 15.22 cts/lb |
| 18-Jun-19 | 13.06 cts/lb | 12.86 cts/lb | 336.30 $/T | 15.25 cts/lb |
| 17-Jun-19 | 13.07 cts/lb | 12.81 cts/lb | 336.45 $/T | 15.26 cts/lb |
| 14-Jun-19 | 13.15 cts/lb | 12.76 cts/lb | 339.00 $/T | 15.38 cts/lb |
| 13-Jun-19 | 13.12 cts/lb | 12.69 cts/lb | 339.90 $/T | 15.42 cts/lb |
| 12-Jun-19 | 13.05 cts/lb | 12.64 cts/lb | 338.15 $/T | 15.34 cts/lb |
| 11-Jun-19 | 13.01 cts/lb | 12.59 cts/lb | 339.65 $/T | 15.41 cts/lb |
| 10-Jun-19 | 12.88 cts/lb | 12.54 cts/lb | 337.35 $/T | 15.30 cts/lb |
| 7-Jun-19 | 12.97 cts/lb | 12.49 cts/lb | 340.85 $/T | 15.46 cts/lb |
| 6-Jun-19 | 12.94 cts/lb | 12.45 cts/lb | 341.70 $/T | 15.50 cts/lb |
| 5-Jun-19 | 12.70 cts/lb | 12.41 cts/lb | 335.10 $/T | 15.20 cts/lb |
| 4-Jun-19 | 12.84 cts/lb | 12.40 cts/lb | 339.75 $/T | 15.41 cts/lb |
| 3-Jun-19 | 12.69 cts/lb | 12.37 cts/lb | 334.00 $/T | 15.15 cts/lb |

Source: www.isosugar.org

၂၀၁၉ ခုနှစ်၊ ဇွန်လတတိယပတ်အတွင်း တရုတ်နိုင်ငံတွင်ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၆၇ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံ တွင် တစ်တန်လျှင် ပျမ်းမျှဒေါ်လာ ၂၅၅၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၂၄-၄၃၄၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၆၆-၆၀၄ ဖြစ်ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက တရုတ်၊ ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံများတွင် သကြားဈေးနှုန်းများမှာ အနည်းငယ် မြင့်တက်လျက်ရှိပြီး အိန္ဒိယနိုင်ငံတွင် ဈေးနှုန်းအနည်းငယ် ကျဆင်းခဲ့သည်ကို သိရှိရသည်။ မြန်မာ-တရုတ် နယ်စပ်ရှိတစ်ဖက်နိုင်ငံဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၅၁ ဖြစ်ကြောင်း လေ့လာသိရှိရသည်။

စာမျက်နှာ ၁၆ သို့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီးဖြစ်သူ H.E Mrs. Alessandra SCHIAVO ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



မြန်မာ အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဇွန် ၁၉ ရက် နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသော မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ (၂/၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီးဖြစ်သူ H.E Mrs. Alessandra SCHIAVO ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ညနေ ၃နာရီခွဲတွင် ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

မြန်မာ အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ (၂/၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် ၂၀၁၉ ခုနှစ်အတွင်း ဒုတိယအကြိမ်ဖြစ်ပြီး အထူးစီးပွားရေးဇုန်စီမံကိန်းများကို သိသိသာသာ တိုးတက်မှုရှိစေရေး ရှေ့ဆက်အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်များကို ပူးပေါင်းညှိနှိုင်းအဖြေရှာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုလက်ရှိ အထူးစီးပွားရေးဇုန်သုံးခုအနက် သီလဝါအထူးစီးပွားရေးဇုန်သည် စီးပွားရေး အခွင့်အလမ်းကောင်းများစွာရှိပြီး အချက်အချာကျသည့်အတွက် ပုံမှန်တိုးတက်မှုရှိနေပြီး ဇုန်အတွင်း နိုင်ငံပေါင်း ၁၉ နိုင်ငံ၊ ကုမ္ပဏီပေါင်း ၁၀၈ ခုထိ ရင်းနှီးမြှုပ်နှံထားလျက်ရှိကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်အနေဖြင့် စီမံကိန်းများ ရှေ့ဆက်လက် အကောင်အထည်ဖော်နိုင်ရေးအတွက် စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပြီး ကနဦးစီမံကိန်းများအနက် နှစ်လမ်းသွား ကားလမ်းဖောက်လုပ်ရေး ကျွမ်းကျင်သူများက လေ့လာမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်လာစေရန်စီမံကိန်းများ အမြန်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ အခြေအနေသည် ကနဦးအနေဖြင့် ရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် Framework Agreement ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အများပြည်သူများသိရှိစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်တို့အတွက်ပြည်သူအားလုံးပါဝင်လာနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြေယာလျော်ကြေးကိစ္စများ၊ ပြန်လည်နေရာချထားနိုင်ရေးကိစ္စများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် အတူ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် လက်ရှိလုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ဝိုင်းဝန်းအဖြေရှာပြီး ကောင်းမွန်ထိရောက်သည့် နည်းလမ်းများ၊ အကြံဉာဏ်များ၊ သုံးသပ်အကြံပြုချက်များအား ဝိုင်းဝန်းပူးပေါင်း ဆွေးနွေးကြရန် စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ဗဟိုလုပ်ငန်းအဖွဲ့ဝင်များ၊ သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ်အထူးစီးပွားရေးဇုန်များမှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မိမိတို့၏ သက်ဆိုင်ရာလုပ်ငန်းများအတွင်း လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများအား အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ အကြီးအကဲများကလည်း သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးခဲ့ပြီး နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီးဖြစ်သူ H.E Mrs. Alessandra SCHIAVO ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ် မြန်မာ-အီတလီ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရန် ပူးပေါင်းဆောင်ရွက်သွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်သွားရေး၊ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များအား တန်ဖိုးမြှင့်ထုတ်လုပ်၍ အီတလီနိုင်ငံသို့တင်ပို့နိုင်ရေး၊ အစားအသောက်ဘေးကင်းလုံခြုံစေရေး၊ ထုတ်ကုန်ပစ္စည်းများ ထုပ်ပိုးမှုစနစ် ကောင်းမွန်စေရေးနှင့် တီထွင်ဆန်းသစ်မှု နည်းပညာဆိုင်ရာတို့တွင် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

## စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး . . . မှအဆက်

ယင်းနောက် တက်ရောက်လာကြသော မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဝင်များက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည်များအား ရှင်းလင်းတင်ပြကြရာ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**MOC(IR)**

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၉၅၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၅၁၇၅ ကျပ်၊ ဟားခါးမြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ၄၈၇၄ ကျပ်နှင့် ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၉၀၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး မကွေးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၇၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၃၂၀၊ ပဲခူးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၇၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၁၀၀ နှင့် ဘားအံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၆၉၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၃၂၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

ဇွန် ၂၀ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင် ၈၉၅ ကျပ်၊ ပရီ မီယမ်ဒီဇယ် တစ်လီတာလျှင် ၉၀၅ ကျပ်၊ အောက်တိန်း-92 တစ်လီတာလျှင် ၇၈၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၈၇၅ ကျပ်ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၅) သကြား. . . မှအဆက်

၂၀၁၉ ခုနှစ်၊ ဇွန်လ တတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာအမေရိကန်ဒေါ်လာ ၆၄၉ ရှိပြီး တရုတ်နိုင်ငံတွင်သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၆၇ ပေါက်ဈေးရှိသောကြောင့် တစ်တန် ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၁၈ ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၈ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၂ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေး များကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး၊ ဘားအံမြို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ဇွန် ၂၀ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ၂ ဒသမ ၅၁ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း လေ့လာတွေ့ရှိရသည်။ မြန်မာ နိုင်ငံအနေဖြင့် ဇွန်လ တတိယပတ်အတွင်း ပြည်တွင်း သကြားဈေးနှုန်းများမှာ အတက်အကျ အပြောင်းအလဲမရှိဘဲ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

## စာမျက်နှာ (၃) ဒုတိယဝန်ကြီး ဦးအောင်ထူး ကုန်သွယ်မှုနှင့် . . . မှအဆက်

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့နှင့် ညှိနှိုင်းပူးပေါင်းပြီး ဗြိတိန်နိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DFID) အဖွဲ့အစည်း၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးကိုလည်း ပြောင်းလဲလာသော ဈေးကွက်အခြေအနေနှင့်အညီ သီးနှံပြောင်းလဲစိုက်ပျိုးသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ သဘာဝသယံဇာတထုတ်လုပ်မှုသာမက စက်မှုထုတ်ကုန်များ၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်သွားသင့်ကြောင်း၊ ပို့ကုန်တိုးမြှင့်ရေးအတွက် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကပါ အတွေးသစ်အမြင်သစ်များဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဖြည့်စွက်ဆွေးနွေး၍ တက်ရောက်လာကြသည့် သက်ဆိုင် ရာကဏ္ဍအလိုက် ပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ရေးကော်မတီဝင်များ၊ အသင်းအဖွဲ့များ၊ သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ပြည်တွင်း တောင်သူများကို ကြီးမားသည့် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်စေခဲ့ကြောင်း လေ့လာသိရှိရသည်။

ပြည်တွင်းဆန်စပါးသတင်းများအနေဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် စပိန်နှင့် အီတလီနိုင်ငံတို့၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကို မထိခိုက်စေရန်အတွက်ဥရောပသမဂ္ဂ(အီးယူ)က ကမ္ဘောဒီးယားနှင့် မြန်မာ့ဆန်တင်ပို့မှုတွင် ပေးထားသည့် ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး(GSP)ကို သုံးနှစ်ခန့် ယာယီရပ်ဆိုင်းခဲ့ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလကစ၍ အခွန်စတင်ကောက်ခံခဲ့သည်။ ဆန်လုံးရှည် တင်ပို့မှုအပေါ် အခွန်ကောက်ခံခြင်းကြောင့် ဥရောပသမဂ္ဂ(အီးယူ)နိုင်ငံများသို့ ဆန်လုံးရှည်အစား ဆန်ကွဲနှင့် လုံးလတ်ဆန် အမျိုးအစားများကိုသာ အများဆုံးတင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ထံမှ သိရှိရသည်။

ဆန်လုံးရှည်အမျိုးအစားကိုသာ အခွန်ကောက်ခံခြင်းဖြစ်သည့်အတွက် အလျားနှင့် လုံးပတ်အချိုး သုံးမီလီမီတာအောက် လုံးလတ်ဆန်များ တင်ပို့ခွင့်ရ၍ ဆန်လုံးရှည်အစား တင်ပို့နေခြင်းဖြစ်ကြောင်း၊ လုံးလတ်ဆန်မှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၀ ဝန်းကျင်ခန့်ဈေးနှုန်းရရှိကြောင်း မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးထင်ဇော်လှိုင်က ပြောကြားခဲ့သည်ကို သိရှိရသည်။

ပြည်တွင်းဈေးကွက်အတွင်း ဆန်အဝင်နည်းချိန်တွင် ဝယ်လိုအား မြင့်တက်လာသဖြင့် ရက် (၉၀) ဆန်တစ်အိတ်လျှင် ယခင်က ကျပ် ၂၀၅၀၀ ဝန်းကျင်ရှိခဲ့ရာမှ ယခုအခါ ကျပ် ၂၂၀၀၀ ခန့်အထိ ကျပ် ၁၅၀၀ ခန့်ဈေးတက်သွားကြောင်း ဝါးတန်းဆန်စပါးကုန်စည်ဒိုင်မှသိရှိရသည်။ ယခုကဲ့သို့ ဆန်ဈေးတက်လာခြင်းသည် တောင်သူများအတွက် မျှော်လင့်ချက်များ ကောင်းမွန်လာခြင်းဖြစ်ကြောင်း၊ တရုတ်ဈေးကွက်သို့ ပြန်လည်တင်ပို့လာနိုင်ခြင်းနှင့် ပြည်တွင်းလက်လီဈေးကွက်၏ ဝယ်လိုအား မြင့်တက်လာခြင်းကြောင့် ယခုကဲ့သို့ ဈေးတက်လာခြင်းဖြစ်ကြောင်း ဝါးတန်းဆန်စပါးကုန်စည်ဒိုင်မှ တွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်က ပြောကြားခဲ့သည်။

ယခင်က ဝါးတန်းဆန်စပါးကုန်စည်ဒိုင်သို့ တစ်ရက်လျှင် ဆန်အိတ်ရှစ်သောင်းနီးပါးအထိဝင်ရောက်နေပြီး ယခုအခါ ဆန်အိတ်ရေငါးသောင်းဝန်းကျင်သာ ဝင်ရောက်လျက်ရှိနေကြောင်း သိရှိရသည်။ လက်ရှိတွင် ရက် (၉၀) ဆန်အပြင် သီးထပ်(ရှယ်) တစ်အိတ်လျှင်ကျပ် ၁၉၀၀၀ မှ ၁၉၅၀၀ အထိ ဈေးတက်နေပြီး ဧည့်မထ (၂၅)မှတ်ဆန် တစ်အိတ်လျှင်ယခင်က ကျပ် ၁၆၅၀၀ ဝန်းကျင်ရှိခဲ့ရာမှ ယခုအခါ ကျပ် ၁၇၂၀၀ အထိ ဈေးတက်လာကြောင်း သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် ဇွန် ၁၉ ရက်တွင် ဖြစ်ပေါ်နေသောဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၂၁ ကျပ်နှုန်းရှိပြီး ဧည့်မထ ဆန် ၂၅ မှတ်ဆန် တစ်အိတ်လျှင် ၂၀၃၃၂ ကျပ် မှ ၂၀၅၅၃ ကျပ်အထိ ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ဇွန် ၂၀ ရက်တွင်ဖြစ်ပေါ်နေသော ဈေးနှုန်းများအရပြင်ပငွေလဲနှုန်း အနေဖြင့် တစ်ဘတ်လျှင် ၄၈ ကျပ်နှုန်းပေါက်ဈေးရှိကြောင်း သိရှိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်းအတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ ရှိရသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၄-၆-၂၀၁၉ ရက်မှ ၂၀-၆-၂၀၁၉ ရက်အတွင်းဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၁၄.၆.၂၀၁၉ | ၁၇.၆.၂၀၁၉ | ၁၈.၆.၂၀၁၉ | ၁၉.၆.၂၀၁၉ | ၂၀.၆.၂၀၁၉ |
| ၁ | ရက်(၉၀) | 85(Raw) | ၂၀၀၀၀ | ၂၀၂၀၀ | ၂၀၅၀၀ | ၂၁၀၀၀ | ၂၂၀၀၀ |
| ၂ | ရက်(၉၀) | 80(Raw) | ၁၉၅၀၀ | ၁၉၇၀၀ | ၂၀၀၀၀ | ၂၀၂၀၀ | ၂၀၅၀၀ |
| ၃ | ရက်(၉၀) | 75(Raw) | ၁၈၇၀၀ | ၁၉၂၀၀ | ၁၉၅၀၀ | ၁၉၆၀၀ | ၂၀၀၀၀ |
| ၄ | ဧယာ/ဧည့်မထ | 90(Raw) | ၁၉၅၀၀ | ၁၉၇၀၀ | ၁၉၈၀၀ | ၂၀၀၀၀ | ၂၀၂၀၀ |
| ၅ | ဧယာ/ဧည့်မထ | 80(Raw) | ၁၈၄၀၀ | ၁၉၂၀၀ | ၁၉၃၀၀ | ၁၉၅၀၀ | ၁၉၅၀၀ |
| ၆ | ဧယာ/ဧည့်မထ | 70(Raw) | ၁၇၉၀၀ | ၁၈၂၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၁၈၅၀၀ |
| ၇ | ဧယာ/ဧည့်မထ | 65(Raw) | ၁၇၅၀၀ | ၁၇၈၀၀ | ၁၇၉၀၀ | ၁၈၀၀၀ | ၁၈၀၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ် နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက မုံရွာမြို့နှင့်ဟားခါးမြို့တို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၂၁၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး ဘားအံ၊ မော်လမြိုင်၊ မြိတ်၊ ပုသိမ်၊ စစ်တွေ၊ ပြည်နှင့် ပဲခူးမြို့တို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၁၁၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website ၌ ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ၃ ဒသမ ၆၅ ရာခိုင်နှုန်း ဈေးကျဆင်းခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ်၊ ဇွန်လတတိယပတ်အတွင်း နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိ သကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်သည်။

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

| | | | |
|---|---|---|---|
| ၆ | ၇.၆.၂၀၁၉ | ၁၀၆၈၅၀၀ | ၁၃၃၃ |
| ၇ | ၈.၆.၂၀၁၉ | ၁၀၆၉၅၀၀ | ၁၃၄၀ |
| ၈ | ၉.၆.၂၀၁၉ | ၁၀၆၉၅၀၀ | ၁၃၄၀ |
| ၉ | ၁၁.၆.၂၀၁၉ | ၁၀၆၉၀၀၀ | ၁၃၂၂ |
| ၁၀ | ၁၂.၆.၂၀၁၉ | ၁၀၇၃၅၀၀ | ၁၃၃၅ |
| ၁၁ | ၁၃.၆.၂၀၁၉ | ၁၀၇၃၀၀၀ | ၁၃၃၆ |
| ၁၂ | ၁၄.၆.၂၀၁၉ | ၁၀၈၁၅၀၀ | ၁၃၅၆ |
| ၁၃ | ၁၅.၆.၂၀၁၉ | ၁၀၇၉၅၀၀ | ၁၃၄၂ |
| ၁၄ | ၁၆.၆.၂၀၁၉ | ၁၀၇၉၀၀၀ | ၁၃၄၂ |
| ၁၅ | ၁၈.၆.၂၀၁၉ | ၁၀၈၅၅၀၀ | ၁၃၄၆ |
| ၁၆ | ၁၉.၆.၂၀၁၉ | ၁၀၈၃၀၀၀ | ၁၃၄၃ |
| ၁၇ | ၂၀.၆.၂၀၁၉ | ၁၀၉၆၅၀၀ | ၁၃၈၁ |
| ၁၈ | ၂၁.၆.၂၀၁၉ | ၁၁၁၂၀၀၀ | ၁၄၀၆ |

Source: estimate of world's exchange rate and gold price page

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.80 %၊ Annual Rate of Inflation 7.51 %၊ Year on Year Inflation 8.73 % ရှိသည်ကို လေ့လာသိရှိရသည်။

ကမ္ဘာ့ဘဏ်က ဇွန် ၁၈ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာသစ်၌ ၂၀၁၈ ခုနှစ်အတွင်း လှုပ်ခတ်မှုများခဲ့သည့် မြန်မာ့စီးပွားရေးသည် တဖြည်းဖြည်းချင်းတည်ငြိမ်လာကာ အရှိန်ပြန်ရလာပြီဖြစ်ကြောင်း ဖော်ပြထားသည်ကို သိရှိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြန်မာ့စီးပွားရေးတိုးတက်နှုန်း ၆ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအခြေအနေ ဆိုးရွားနေသော်လည်း မြန်မာ့စီးပွားရေးတိုးတက်နှုန်းသည် ၂၀၂၀-၂၀၂၁ တွင် ၆ ဒသမ ၇ ရာခိုင်နှုန်းအထိရှိလာမည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။

ထိုသို့တိုးတက်လာခြင်းသည် ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ အဓိကမောင်းနှင်အားကြောင့်ဖြစ်ပြီး အထည်ချုပ်ကဲ့သို့ ကုန်ထုတ်လုပ်ရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများသည်လည်း အရှိန်ရလာကြောင်း၊ ထို့ပြင် အစိုးရ၏ ပြုပြင်ပြောင်းလဲရေးများကြောင့် လက်လီနှင့် လက်ကား ရောင်းဝယ်ရေးလုပ်ငန်းများ အရှိန်ပြန်ရလာခြင်းကြောင့် ဝန်ဆောင်မှုကဏ္ဍသည် စီးပွားရေးဖွံ့ဖြိုးမှု၏ အဓိကကဏ္ဍအဖြစ် ဆက်လက်တည်ရှိနေသည်ဟု သိရှိရသည်။ စီးပွားရေးတိုးတက်လာခြင်းသည် ပြုပြင်ပြောင်းလဲရေးများ အရှိန်အဟုန်မြှင့်တင်ခြင်းအပြင် အာမခံလုပ်ငန်းနှင့်ဘဏ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်း၊ အခြေခံ အဆောက်အအုံကဏ္ဍတွင် ငွေကြေးသုံးစွဲ ဆောင်ရွက်ခြင်းတို့လည်း ပါဝင်ကြောင်း သိရှိရသည်။

သို့သော် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းစီးပွားရေးအရှိန် နှေးကွေးနေခြင်း၊ ကုန်သွယ်ရေး စစ်ပွဲပိုမိုတင်းမာလာခြင်း၊ ဥရောပသမဂ္ဂ၏ ကုန်သွယ်မှုအခွင့်အရေး ရုပ်သိမ်းနိုင်ခြေများ နှင့် စွမ်းအင်ဈေးနှုန်းများ အတက်/အကျ အပြောင်းအလဲ မြန်ဆန်လာခြင်းတို့က မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုများအဖြစ် ဆက်လက်ရှိနေသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်ကို သိရှိရသည်။ မြန်မာနိုင်ငံတွင် ငွေကြေးဖောင်းပွမှုသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာတွင် ၈ ဒသမ ၈ ရာခိုင်နှုန်းသို့ အမြင့်ဆုံး ရောက်ရှိခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီတွင် ၆ ဒသမ ၁ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်ကို သိရှိရသည်။


သို့သော် လောင်စာဆီနှင့် စားသောက်ကုန်ဈေးနှုန်း မြင့်တက်လာခြင်းကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်တွင် ၇ ဒသမ ၉ ရာခိုင်နှုန်းသို့ ပြန်လည်မြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။ ကုန်ဈေးနှုန်းနှင့် လောင်စာစွမ်းအင်ဈေးနှုန်း မတည်ငြိမ်မှုကို ထည့်သွင်းမတွက်ချက်ပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လအတွင်း ငွေကြေးဖောင်းပွနှုန်း ၆ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး တည်ငြိမ်သော လမ်းကြောင်းပေါ်တွင်ရှိသည်ဟု ကမ္ဘာ့ဘဏ်က ဖော်ပြထားသည်ကို သိရှိရသည်။

ထို့ပြင် မြန်မာနိုင်ငံသည် စွမ်းအင်ကဏ္ဍတွင် ယခုထက် နှစ်ဆတိုး၍ ပိုမိုရင်းနှီးမြှုပ်နှံရန်လိုအပ်ပြီး လက်ရှိစီမံကိန်းများကို ယခုထက် သုံးဆပိုမိုမြန်ဆန်စွာ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သို့မှသာ မြင့်မားလာသည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အလျင်မီအောင် ဖြည့်ဆည်းပေးနိုင်မည်ဟု ကမ္ဘာ့ဘဏ်က အကြံပြုဖော်ပြထားသည်ကို သိရှိရသည်။

၂၀၁၉ ခုနှစ်၊ ဇွန် ၁၄ ရက်မှ ၂၀ ရက်အထိ ရက်အလိုက်ဖြစ်ပေါ် ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဇွန် ၁၄ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၆ ဒသမ ၆၀ ကျပ်ရှိခဲ့ရာမှ ဇွန် ၂၀ ရက် တွင် ၁၅၂၄ ဒသမ ၁၀ ကျပ် ဖြစ်ပေါ်ခဲ့ပြီး တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်း သုညဒသမ ၁၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်၊ ဇွန် ၃ ရက်မှ ၂၀ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြင်ပဒေါ်လာဈေးကွက်တွင်လည်း အရောင်းအဝယ်မှာ အတက်အကျ အပြောင်းအလဲများဖြစ်ပေါ်နေပြီး ဇွန် ၁၄ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၆ ကျပ်၊ ဇွန် ၁၇ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၈ ကျပ်၊ ဇွန် ၁၈ ရက်တွင် ၁၅၂၇ ကျပ်၊ ဇွန် ၁၉ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၅ ကျပ်နှင့် ဇွန် ၂၀ ရက်တို့တွင် ၁၅၂၂ ကျပ် စသည်ဖြင့် အသီးသီးပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၁၄-၆-၁၉ | ၁၇-၆-၁၉ | ၁၈-၆-၁၉ | ၁၉-၆-၁၉ | ၂၀-၆-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၅၂၆.၆ | ၁၅၃၀.၂ | ၁၅၃၁.၄ | ၁၅၂၇.၇ | ၁၅၂၄.၁ | -၀.၁၆ | ↓ |
| ၂ | Thai Baht | THB | ၃၁.၁၆၀ | ၃၁.၂၉၅ | ၃၁.၃၇၅ | ၃၁.၂၄၅ | ၃၀.၉၅၅ | -၀.၆၆ | ↓ |
| ၃ | Singapore Dollar | SGD | ၁.၃၆၇ | ၁.၃၇၁ | ၁.၃၇၁ | ၁.၃၆၈ | ၁.၃၅၇ | -၀.၇၃ | ↓ |
| ၄ | Malaysian Ringgit | MYR | ၄.၁၆၈ | ၄.၁၇၇ | ၄.၁၈၂ | ၄.၁၇၇ | ၄.၁၅၂ | -၀.၃၈ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၄၃၂၅ | ၁၄၃၃၄ | ၁၄၃၂၈ | ၁၄၂၇၀ | ၁၄၁၈၃ | -၀.၉၉ | ↓ |
| ၆ | Chinese Yuan | CNY | ၆.၉၂၄ | ၆.၉၂၇ | ၆.၉၂၇ | ၆.၉၀၄ | ၆.၈၅၂ | -၁.၀၄ | ↓ |
| ၇ | Indian Rupee | INR | ၆၉.၆၉၅ | ၆၉.၈၄၃ | ၆၉.၆၇၉ | ၆၉.၇၈၃ | ၆၉.၅၇၅ | -၀.၁၇ | ↓ |
| ၈ | Japanese Yen | JPY | ၁၀၈.၂၄၆ | ၁၀၈.၆၀၂ | ၁၀၈.၂၈၇ | ၁၀၈.၄၁၇ | ၁၀၇.၈၀၂ | -၀.၄၁ | ↓ |
| ၉ | Australian Dollar | AUD | ၁.၄၅၀ | ၁.၄၅၅ | ၁.၄၆၁ | ၁.၄၅၆ | ၁.၄၄၆ | -၀.၂၆ | ↓ |
| ၁၀ | Euro | EUR | ၀.၈၈၇ | ၀.၈၉၂ | ၀.၈၉၃ | ၀.၈၉၃ | ၀.၈၈၆ | -၀.၁၁ | ↓ |
| ၁၁ | Pound Sterling | GBP | ၀.၇၉၀ | ၀.၇၉၅ | ၀.၇၉၈ | ၀.၇၉၆ | ၀.၇၈၇ | -၀.၃၄ | ↓ |

Source- Central Bank of Myanmar

# မြင့်မြတ်တော်ဝင်

## ဦးနှောက်နှင့် စိတ်ပိုင်းဆိုင်ရာ ဆေးရုံ

(၂၄) နာရီဖွင့်လှစ်သည်။

G-13/15, Pyay Rd.,
Diamond Condo,
Tower-B, Kamayut Tsp., Yangon.
Ph : 0932006350

# GRAND MAX CO.,LTD

GRAND MAX

Management System ISO 9001:2015
TÜVRheinland CERTIFIED
Grand Max Certificate No 01 100 1935101
www.tuv.com ID 9108655197

ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများ၊ Glasswares များ၊ ဆေးရုံဓာတ်ခွဲခန်းသုံး
ပစ္စည်းများ၊ စားသုံးကုန်၊ လေထု၊ ရေ၊ စိုက်ပျိုးရေး၊
မွေးမြူရေး အရည်အသွေး စစ်ဆေးတိုင်းတာရေးစက်ကိရိယာများ၊
ဓာတ်သတ္တုတိုင်းတာရေးစက်ပစ္စည်းများ၊ သင်ကြားရေးအထောက်အကူပြု
ပစ္စည်းများ၊ သုတေသနပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပရိဘောဂများ၊ စက်ရုံသုံး QA/QC ပစ္စည်းများ



Yangon : (479), Room No.(A2+B2), Ayeyeikthar Lane 2, New University Avenue Road, Bahan Township, Yangon, Myanmar.
Nay Pyi Taw : No. 4, (1) Acre special land, Yarzathingaha Road, Oaktarathiri Township, Nay Pyi Taw.
Mandalay : I(4/71)B, Between Zalatwar Street and Khine Shwe War Street, Between 61st and 62nd, ward 3, Chan Mya Tharsi Township, Mandalay.
Office Ph : +959-775111115,+95-9796666612, +959-5119978, +959-5022398
Web : www.grandmaxmyanmar.com/ Email- sales.grandmax@gmail.com, info@grandmaxmyanmar.com

# KING OF CAR SALE CENTER






အမှတ်၄/၆၊ ဦးလူမောင်လမ်း၊ ကြည်မြင်တိုင်မြို့နယ်၊
ရန်ကုန်မြို့
ဖုန်း - 09798181818 , 0973030159

# MV-TECH

Automobile Service Equipment

အမှတ် ၂၆/ ဘီ၊ (၄)လမ်း၊ တောင်ဥက္ကလာပ (စက်မှုဇုံ)၊ ရန်ကုန်မြို့။
ရန်ကုန် ၀၁-၈၅၅၁၇၉၅ – မန္တလေး ၀၉-၄၅၅၀၂၆၆၆၇



**FSE**

**FUJI SAWA ENTERPRISE CO., LTD.**
**(Exporter and Importer of Electric Product)**



**Show Room** : No.4, 126th Street, Mingalar Taung Nyunt Township, Yangon, Myanmar.
: 095006495, 09445006495, 09777776495
**Email** : amyint1967@gmail.com
: Fujisawa.enterprise@gmail.com
**Web** : www.fujisawa-enterprise.com

အာကာ 'ထ' အမှတ်တံဆိပ်

သွေးပေါင်ချိန်ကိုထိန်းညှိပေးမယ့်

**သွေးတိုးကျ ဆေးမြီးကြည်ဆေး**




အမှတ်(၁၅၁)၊ မြို့ပတ်လမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
-၀၁-၆၄၇၄၂၅၊ -၀၉-၃၁၆၉၇၁၁၇၊ -၀၉-၇၃၂၄၂၁၂၇၊ -၀၉-၅၀၄၁၅၆၁၊ -၆၄၂၀၄၇

# 1818 Transportation Co.,Ltd

## ✔ ကုန်တင်ကားငှါးရမ်းခြင်း

**1818** မှ လူကြီးမင်းတို့၏ လုပ်ငန်းများအတွက် လိုအပ်သော အအေးခန်းကား၊ ကုန်တင်ကားများ၊ ကို ရန်ကုန်မြို့တွင်း၊ နယ်ဝေး သို့ဈေးနှုန်းသက်သာစွာဖြင့် ငှါးရမ်းအသုံးပြုနိုင်ပါသည်။

## ✔ အအေးခန်းကားများ



လူကြီးမင်းတို့၏ လုပ်ငန်းများမှ -

- အေးခဲအသားများ ၊ အေးခဲငါးများ
- ရေခဲမုန့် နှင့် စားသောက်ကုန်များ
- အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များ
- ပင်လယ်စာများ၊ အစရှိသော ကုန်စည်များကို

အပူချိန်ထိန်းညှိပေးပြီး အအေးခန်းကားများဖြင့် ပို့ဆောင်ပေးပါသည်။

## ✔ ၂၄ နာရီ ဝန်ဆောင်မှု



လူကြီးမင်းတို့၏ လုပ်ငန်းများ အဆင်ပြေစေရန်အတွက် ၁၀ ပေ၊ ၁၄ပေ၊ ၂၁ပေ၊ ၃၂ပေ အစရှိသော အအေးခန်းကားနှင့် Box ကားများကို ၂၄ နာရီ ဝန်ဆောင်မှု ပေးနေပါသည်။

## ✔ ကရိန်းကား ဝန်ဆောင်မှု

ကရိန်းကားအမျိုးမျိုးကို လုပ်ငန်းလိုအပ်ချက် အလိုက် ငှါးရမ်းနိုင်ပါသည်။

**1818, Be apart of your business.**

**1818 Transportation Co., Ltd**
No. 139, Maungmakan Kanthar Rd,
19 Ward, South Dagon, Yangon.
Phone : +95 9 40139 1 8 1 8
+95 9 42139 1 8 1 8
1818transportation@gmail.com
1818 Transportation Co., Ltd

AYM

# ရွှေမြေ

## အထွေထွေရောင်းဝယ်ရေး

အမှတ်(၉/ ၇၆)၊ အသောကလမ်း၊ ဘုရင့်နောင်၊ ရန်ကုန်မြို့။

01-3681189, 3682162, 3682413

09-96 511 3844, 09-79 62 62 620

ဂိုဒေါင် – အမှတ်(၁၃၁)၊ ဆရာစံလမ်း၊ ဇုံ – ၂၊ လှိုင်သာယာ။

09-964682162



# အီလက်ထရွန်နစ် ကင်ဆာရောဂါ ကူးစက်ခြင်းမှ ကာကွယ်ပါ

■ နိုင်ဦး (DOCA) ■

ရှေးရှေးတုန်းက ကျွန်တော်တို့ဘိုးဘွားများသည် ကြက်တွန်သံ၊ နေဝင်နေထွက်၊ လဝင်လထွက်များကို ကြည့်၍ အချိန်နာရီတို့ကို မှတ်သားခဲ့ကြသည်။ ပုစွန်လုံးပိုးဖလံများကို ကြည့်၍ ရေကြီးမည်၊ မိုးကောင်းမည်၊ မိုးနည်းမည်ကို ခန့်မှန်းနိုင်ခဲ့ကြသည်။ ခွေး၊ ကြောင်စသည့် အိမ်မွေးတိရစ္ဆာန်များကို ကြည့်၍ ငလျင်လှုပ်မည်ကို ကြိုတင်သိရှိနိုင်ကြသည်။ ဤအချက်များကိုလည်း နှောင်းလူများ သိရှိစေရန် လက်ဆင့်ကမ်း၍လည်းကောင်း၊ စာရွက်စာတမ်းများတွင် မှတ်တမ်းတင်၍ လည်းကောင်း၊ အကျိုးကျေးဇူးရရှိစေရန် ဖော်ပြပေးခဲ့ကြသည်။ ထို့အပြင် ဥစားပင်များကို လကွယ်ရက်များတွင် စိုက်ပျိုးသင့်ကြောင်း လ၏ဆွဲအားသည် အောက်သို့ရောက်သွား၍ ဥများပိုမိုဖြစ်ထွန်းကြောင်း၊ အသီးအရွက်ပင်များကို စိုက်ပျိုးပါက လပြည့်နေ့တွင် စိုက်သင့်ကြောင်း လ၏ဆွဲအားကြောင့် အသီးအရွက်ပင်များပိုမိုဖြစ်ထွန်းကြောင်းကိုပါ ပြောပြကြသည်။ သူတို့သည် သဘာဝမှ ပေးအပ်သော အရာများကို စေ့စပ်သေချာစွာ ကြည့်ရှုမှတ်သား၍ လူ့လောကကောင်းကျိုးအတွက် ဆောင်ရွက်နိုင်ကြသည်။ အတန်းပညာ၊ သိပ္ပံပညာ၊ လောကဓာတ်ပညာများကို မသိကြသော်လည်း သဘာဝနှင့် လိုက်လျောညီထွေစွာဖြင့် သဘာဝကြားတွင်နေထိုင်ရင်း သဘာဝပြောင်းလဲဖြစ်တည်မှု အခြေအနေများကို အကျိုးရှိစွာ အသုံးပြုနိုင်ရေးကြိုးစားခဲ့ကြသည်။

သဘာဝတရားကြီးကို အမှီပြု၍ အသက်မွေးဝမ်းကျောင်းပြုကြသည်။ ဘာသာရေးယုံကြည်မှုအရ ဘုရား၊ စေတီ၊ ဘုန်းကြီး ကျောင်းများစွာကို ယနေ့ခေတ်ထိ တည်ရှိနေအောင် တည်ဆောက်ပေးခဲ့ကြသည်။ ခေတ်မီစက်ကိရိယာများ မရှိဘဲနှင့် တည်ဆောက်နိုင်ခဲ့သည်။ ခိုင်ခံ့ထည်ဝါစွာ ဖြစ်ခဲ့သည်။ အားကျဂုဏ်ယူဖွယ်ပင် ဖြစ်သည်။ ယခုခေတ်မီသည်ဆိုသော ခေတ်တွင် စက်ကိရိယာများကို အားကိုးလာကြသည်။ ခုံမင်လာကြသည်။ ဂုဏ်ပကာသနများကို အလေးပေးလာကြသည်။ လယ်သမားတစ်ဦး၊ စပါးတစ်ဧကစိုက်၍ ရွှံ့တစ်ပိသာဝမ်းထဲဝင်အောင် အပင်ပန်းခံမှ တစ်သိန်းလောက် မြတ်သည့်နေရာတွင် ခေတ်မီနိုင်ငံများက ထုတ်လုပ်သော ဖုန်းတစ်လုံး သည် နှစ်သိန်းအနည်းဆုံး ရှိနေသည်။ ဒါပေမဲ့ မနှမြောကြ မက်မက်မောမောဖြင့် ပြုံးရွှင်စွာ ဝယ်ယူသုံးစွဲနေကြသည်။ ခေတ်ကာလအရ ပေါ်ပေါက်လာသော ပစ္စည်းများဖြစ်၍ ခေတ်လူငယ်များ ဝယ်ယူ သုံးစွဲကြသည်ကို မပြောလို၊ မိသားစုဝင်ငွေဆုံးရှုံးမှု၊ ကျန်းမာရေးထိခိုက်မှုများ ဖြစ်သည်အထိ သုံးစွဲနေသည်ကိုမူ တွေ့မြင်နေရ၍ ဝမ်းနည်းမိသည်။ လေထဲတွင် အနာဂတ်မျိုးဆက်သစ်များ၏ စိတ်ကူးတွေ၊ ငွေတွေ၊ အသက်တွေ၊ အတွေးအခေါ် ခံယူချက်တွေ အလဟဿ ဖြုန်းတီးနေသည်ကို စိတ်မသက်မသာဖြစ်မိသည်။

ယနေ့မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရန်အရှိန်ယူစပြုနေပြီဖြစ်သည်။ နိုင်ငံသားတို့၏ လူနေမှုဘဝသည်လည်း ထိုက်သင့်သလောက်မြင့်မားလာသည်။ စားသောက်အသုံးပြုမှုပုံစံများလည်း တဖြည်းဖြည်းပြောင်းလဲလာကြသည်။ မြို့ရော၊ ကျေးလက်ဒေသရော တစ်ပြေးညီနီးပါး ခေတ်ပေါ် အသုံးအဆောင်များကို ဝယ်ယူအသုံးပြုလာနိုင်ကြသည်ကို တွေ့ရှိလာရသည်။ ကောင်းသည်ဟု ယေဘုယျအားဖြင့်ဆိုနိုင်သည်။ သို့သော် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးကို နှောင့်နှေးစေနိုင်သော၊ မိသားစုဝင်ငွေကို ထိခိုက်စေနိုင်သော၊ မိမိကိုယ်ခန္ဓာဖွံ့ဖြိုးမှုကို အနှောင့်အယှက်ဖြစ်စေနိုင်သော အသုံး အဆောင်များကိုမူ ကိုယ်စီအသိတရား လက်ကိုင်ထား၍ သုံးစွဲရန် သတိမူသင့်ပေသည်။

ကျွန်တော်သည် ဝန်ထမ်းတစ်ဦးဖြစ်၍ ရသည့်လစာအပေါ် စနစ်တကျစီမံခန့်ခွဲအသုံးပြုရသည်။ စားရေး၊ ဝတ်ရေး၊ လူမှုရေး စသည်ဖြင့် အကန့်များခွဲ၍ သုံးစွဲရသည်။ အပိုကုန်စေမည့်ကိစ္စများ၊ လေလွင့်ဆုံးရှုံးစေမည့်ကိစ္စများကို ရှောင်ရှားရသည်။ ငယ်ငယ်က ဆရာသမားများ သွန်သင်ဆုံးမသည့်အတိုင်း နေထိုင်စားသောက်ခဲ့သည်မှာ အကျင့်ပါနေပြီဖြစ်သည်။ လစာဝင်ငွေနည်းခြင်းသည် မိမိတစ်ဦးတည်းမဟုတ်၊ အခြားဝန်ထမ်းများသည်လည်း အလားတူပင်ဖြစ်သည်။ ဘာလုပ်သင့်သလဲ၊ မိမိဝင်ငွေ၊ ထွက်ငွေကို မျှတစွာ သုံးစွဲကြရမည်သာ ဖြစ်ပေသည်။ ကြက်သွန်နီ တစ်နေ့ ၅ လုံးသုံးမည့်နေရာတွင် ၃ လုံးသုံးမည်။ ငရုတ်သီး တစ်လ ၂၀ ကျပ်သားသုံးမည့်နေရာတွင် ၁၀ ကျပ်သားသာ သုံးမည်။ ဆီ တစ်လ တစ်ပိဿာသုံးမည့်နေရာတွင် ၅၀ ကျပ်သားသာသုံးမည်။ ပေါ်ဆန်းမွှေး(ရှယ်) ချက်စားမည့်နေရာတွင် အခြားဈေးသက်သာသည့်ဆန်များဖြင့် ရော၍ဖြစ်စေ၊ ပြောင်းလဲ၍ဖြစ်စေ ချက်စားပါက ထိုက်သင့်သလောက် ဝင်ငွေနှင့် ထွက်ငွေကို မျှတစေမည်မှာ မလွဲဧကန်ဖြစ်ပေသည်။

သို့သော် အချို့သောမီဒီယာများတွင် ပါရှိသကဲ့သို့ ‘အငတ်ခံနိုင်သည်၊ မပွတ်ဘဲမနေနိုင်’ ဆိုသည့်အတိုင်း လူတန်းစားပေါင်းစုံသည် ခေတ်ပေါ်ပစ္စည်းများဖြစ်သော ဖုန်းများကိုအသုံးပြု၍ ဂိမ်းကစားခြင်း၊ မလိုအပ်ဘဲ ဖုန်းကြာရှည်စွာပြောခြင်း၊ သတင်းပေါင်းစုံကြည့်ခြင်း၊ ဝေဖန်ခြင်းစသည်တို့ကို အချိန်ကုန်၊ ငွေကုန်ခံကာ အလဟဿဖြုန်းတီးနေကြသည်ကို နေရာဒေသစုံ၊ လူတန်းစားမျိုးစုံတွင် မြင်တွေ့နေရသည်။ ဖတ်ရှုနေရသည်။

တစ်နေ့ကဌာနဆိုင်ရာ ရုံးတစ်ရုံးသို့ တာဝန်ဖြင့် သွားဖြစ်သည်။ ရုံးခန်းသို့ဝင်ခါနီးတွင် လှေခါးအတက်၌ ဝန်ထမ်းမိန်းကလေးနှစ်ဦးမှ သင်္ဘောသီးသုပ်တစ်ပွဲ ကျပ် ၂၀၀ ကို တစ်ယောက်ထဲ မကုန်နိုင်သဖြင့် အလကားငွေပိုကုန်မှာစိုးသောကြောင့် နှစ်ဦး ၁၀၀ ကျပ်စီ စပ်၍ ဝယ်စားရန် တိုင်ပင်နေသည်။ ကျွန်တော်ဝမ်းသာရသည်။ ငွေအသုံးအစွဲ စိစစ်သုံးစွဲတတ်သော မိန်းကလေးများပါလားဟု စိတ်ထဲမှ ချီးကျူးမိသည်။ ကျွန်တော်၏ ချီးကျူးမှုသည်ကြာကြာမခံပေ။ သူတို့နှစ်ဦးပြောသော နောက်ဆက်တွဲစကားတစ်ခွန်းကြောင့် ကျွန်တော် အံ့သြရသည်။ “အစားအသောက်ကို ခြွေတာမှ ကောင်းမရေ ညဆို ဖုန်းဖိုးက ကျပ် ၃၀၀၀ လောက်ကုန်တာ” ဟု ပြောနေကြသည်။ မိမိအာဟာရ ဖြစ်စေမည့် အစားအသောက်ကိုမူ ခြိုးခြံခြွေတာ၍ လေထဲတွင်ကုန်သွားမည့် ဖုန်းဖိုးကိုမူ ရက်ရောစွာ သုံးစွဲနေကြသည်။

ရွာရှိမိဘဖြစ်သူများကလည်း မကြာခဏပြောကြားသည်။ ရွာတွင် အလုပ်သမားငှားပါက ယခင်ကလောက်မကောင်းကြောင်း၊ ယခင်က စပါးတစ်ဧကစိုက်ပါက ကောက်စိုက်သမ ခြောက်ဦးသာငှားရကြောင်း၊ ယခု ရှစ်ဦးငှားရကြောင်း၊ ဒါတောင်မလွယ်ကြောင်း၊ ဖုန်းဘေ ကျပ် ၁၀၀၀ ပါပိုပေးရကြောင်း၊ အဲဒီအခါမှသာ မိမိလယ်ကို ကောက် စိုက်ရန်လာကြောင်း၊ မပေးပါကမလာကြောင်း၊ နားချိန်တွင် မနားဘဲ ဖုန်းဘေကုန်သည်အထိ ပွတ်သဘင်ပွဲဆင်နွှဲနေကြောင်း၊ အချိန်သာကုန်သွားသည်။ အလုပ်ကိုကောင်းကောင်းမပြီး၊ ပြီးသော်လည်း ကောက်ကွက်ကျဲကြောင်း၊ အခြားပဲနုတ်ခြင်း၊ ပဲဆွတ်ခြင်း၊ ငရုတ်သီးခူးခြင်းများတွင်လည်း အလားတူပင်ဖြစ်ကြောင်း ပြောသည်။

ထို့ပြင် ယာဉ်မောင်းများ ယာဉ်မောင်းနေစဉ် ဖုန်းပွတ်နေ၍ အသက်များစွာပေးခဲ့ရပုံ၊ ညလုံးပေါက်ဂိမ်းဆော့၍ လူငယ်အချို့ သေဆုံးရပုံ၊ ဆိုရှယ်မီဒီယာများအသုံးပြု၍ မိသားစုများ ကွဲကွာရပုံ၊ သေကျေ၊ ဒဏ်ရာရထောင်ကျမှုများ၊ တရားရုံးရောက်မှုများဖြစ်ရပုံ၊ ဖုန်းတစ်လုံးရရှိရေးအတွက် အပျိုစင်ဘဝများကို ပေးဆပ်ရပုံ စသည်စသည်များကို မီဒီယာပေါင်းစုံတွင်ဖော်ပြနေ၍ သိရှိနေရသည်။ အဆိုးဆုံးမှာ လူမမယ် ကလေးငယ်များကို ဖုန်းပေး၍ အထိန်းရသက်သာအောင် ဂိမ်းဆော့စေခြင်း၊ ဖုန်းပွတ်စေခြင်းများကို အဆင်ခြင်ကင်းမဲ့စွာ ဆောင်ရွက်နေခြင်းများကို တော်တော်များများ တွေ့မြင်နေရသဖြင့် မိဘများကိုယ်စား စိတ်မကောင်းဖြစ်ရသည်။ မိမိရင်သွေးဖြစ်သူ မျက်လုံးထိခိုက်မှာ မလိုလားအပ်သော ရောဂါများ ဖြစ်ပွားမှာ စိုးရိမ်မိသည်။ မကြာမီကလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်မှ ဂိမ်းကစားမှုစွဲလမ်းမှုကို ရောဂါအဖြစ် စာရင်းသွင်းသတ်မှတ်ထားကြောင်း ဖော်ပြထားသဖြင့် ပြည်သူများဆင်ခြင်နိုင်ရန်၊ ဂရုပြုနိုင်ရန်၊ သင်ခန်းစာယူနိုင်ရန်၊ သံဝေဂရရှိရန်၊ ရှောင်ကြဉ်နိုင်ရန် ဖော်ပြထားခြင်းဖြစ်သည်။

လက်ကိုင်ဖုန်းများကို စနစ်တကျသုံးစွဲပါက မိမိကိုယ်တိုင်ရော၊ မိသားစုအတွက်ရော၊ တိုင်းပြည်အတွက်ပါ အကျိုးရှိစေမည့် သတင်းအချက်အလက်ပေါင်းစုံကို ရရှိ မျှဝေပေးနိုင်သဖြင့် အလွန်ကောင်းမွန်သော ခေတ်ပေါ်ပစ္စည်းတစ်ခုဖြစ်သည်။ သို့သော် လူတချို့ကမူ အချင်းချင်းအမုန်းတရားပွားများ စေခြင်း၊ ဆဲဆိုကြိမ်းမောင်းခြင်းများကို ဖြန့်ဝေခြင်း၊ အခြားသူများကို သိက္ခာချရေးသားဝေဖန်ခြင်း၊ အကျိုးမဲ့စကားများကို အချိန်ကြာမြင့်စွာပြောခြင်းစသည်တို့ကို ဆောင်ရွက်နေကြ၍ မိမိဝင်ငွေကို ဖြုန်းတီးပြစ်သလို၊ အချိန်ကုန်ကာ အကျိုးမရှိ အသုံးပြုနေသည်ကို ဝမ်းနည်းဖွယ်တွေ့ရှိရပါသည်။

နိုင်ငံခြားတွင်ရောက်ရှိနေသော သူငယ်ချင်းတစ်ဦးမှလည်း ပြောသည်။ မြန်မာနိုင်ငံသည် လွန်စွာလွတ်လပ်ကြောင်း၊ ရုံးများ၊ ကျောင်းများ၊ ဆေးရုံများ၊ စားသောက်ဆိုင်များ၊ ဈေးများတွင် ဖုန်းများကို လွတ်လွတ်လပ်လပ်ပြောဆို၍ ပွတ်၍ရကြောင်း၊ သူရောက်ရှိနေသောနိုင်ငံရှိ ရုံးတွင် ဖုန်းယူဆောင်လာ ခွင့်မရှိကြောင်း၊ သူတက်နေသောကျောင်းသို့လည်း ဖုန်းယူဆောင်လာခွင့်မရှိကြောင်း ပြောသည်။ အဲဒီလို လုပ်၍ နိုင်ငံခြားတွင်ကျောင်းတက်သော၊ အလုပ်လုပ်နေသော မြန်မာနိုင်ငံသားများ၏ဝင်ငွေကို သိပ်မထိခိုက်ကြောင်း၊ မြန်မာနိုင်ငံမှာနေတုန်းက အကြောင်းမဲ့ပျင်းသည်နှင့် ဖုန်းသုံးစွဲခဲ့သည်ကို နောင်တရမိကြောင်း၊ ရှက်မိကြောင်း ပြောကြားပါသည်။ လေထဲတွင်ကုန်ခဲ့သည့် သူ့ငွေများအတွက် နှမြောမိကြောင်းလည်း ပြောပါသည်။

စီးပွားရေးသမားများသည် စားသုံးသူပြည်သူများ၏ အားနည်းချက်ကို သိကြသည်။ ခဲတံထုတ်လုပ်သူသည် ခဲတံဖြင့် ရေး၍ မှားသွားပါက ဖျက်ရန်ခဲဖျက်ကို တစ်ပါတည်းထုတ်လုပ်ပေးသည်။ ဘောပင်၊ ဖောင်တိန်ထုတ်လုပ်ရာတွင်လည်း Correction ခေါ် မင်ဖျက်ဆေးဘူးကိုပါ တီထွင်ရောင်းချသည်။ အလားတူ ကွန်ပျူတာ၊ ဖုန်းထုတ်လုပ်သူများကလည်း အသုံးပြုသူ စိတ်ပျော်ရွှင်မှုရရှိစေရန် ဂိမ်းများ၊ အခြားသော စိတ်ဝင်စားဖွယ်ရာများကို အလွယ်တကူ ထည့်သွင်းပေးထားတတ်သည်။ နောက်တော့ ပင်မအလုပ်ကို အဓိက ထားလုပ်ရမည့်အစား ဂိမ်းများကိုအချိန်ကြာမြင့်စွာ ဆော့ကစားခြင်း၊ အခြား မလိုလားအပ်သောသတင်းများကို ကြည့်ရှုခြင်းများဆောင်ရွက်လာကြသဖြင့် အချိန်ကုန်၊ လူပန်း၊ ငွေကုန်သည့်ဘက်ကို အလေးသာကာ သုံးစွဲလာကြသည်ကို တွေ့ရှိရသည်။

မြို့ပေါ်နှင့် ကျေးလက်ဒေသများတွင် တွင်ကျယ်စွာ အသုံးပြုနေသော ဖုန်းများကြောင့် လေထဲတွင် ငွေတွေဘယ်လောက် ဆုံးရှုံးသွားသည်ကို၊ နိုင်ငံဖွံ့ဖြိုးရေးကို မည်မျှအဟန့်အတား ဖြစ်စေသည်ကို တတ်အပ်သေချာစွာမရှင်းပြနိုင်သော်လည်း ဖုန်းဆိုသည့် လူလုပ်အီလက်ထရွန်နစ်ပစ္စည်းလေးကို တလွဲအသုံးချပါက ငွေ၊ အချိန်များစွာ ဆုံးရှုံးသွားမည်မှာမူ သေချာလှပေသည်။ ထိုပစ္စည်းအပေါ် စွဲလမ်းနေကြသည့်အတွက် မြန်မာပြည်တွင် ကင်ဆာရောဂါပမာ ကူးစက်ပြန့်ပွားနေသည်။ ကြာမြင့်လာပါက ကုရာနတ္ထိ ဆေးမရှိဖြစ်မှာ စိုးရိမ်မိပါသည်။

သို့ပါ၍ ခေတ်မီတိုးတက်မှု၏ ပြယုဂ်ဖြစ်သော လက်ကိုင်ဖုန်းများကို အသိတရားလက်ကိုင်ထား၍ အကျိုးရှိမည့်ကိစ္စများအတွက်သာ လိုတိုရှင်း အသုံးပြုပါ၊ စကားကိုမလိုအပ်ဘဲ အချိန်ကြာမြင့်စွာ ပြောခြင်းကို ရှောင်ကြဉ်ပါ။ မလိုလားအပ်သော အကျိုးမရှိသော အချက်အလက်များကို ဖော်ပြရေးသားခြင်းမပြုကြခြင်းဖြင့် အီလက်ထရောနစ်ကင်ဆာ ကူးစက်ခြင်းမှကာကွယ်နိုင်ကြပါရန် စေတနာရှေ့ထား၍ ရေးသားဖော်ပြအပ်ပါသည်။

# ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုကို

# B u lk dw i fu m u Ģ fjy i fq i k&r n f

| မောင်လွင်ပြင် |

၂၀၁၉ ခုနှစ်ထဲတွင် မြန်မာနိုင်ငံ၌ ကမ္ဘာကျော် အမှတ်တံဆိပ် မော်တော်ကားတပ်ဆင်ထုတ်လုပ်စက်ရုံများ တိုးပွားလာနေ၏။ မော်တော်ကားတပ်ဆင်ထုတ်လုပ်စက်ရုံများ သိသာစွာ တိုးပွားလာခြင်းသည် ပြည်ပရင်းနှီးမြှုပ်နှံမှုများ လုပ်အားခစျေးချိုသော မြန်မာနိုင်ငံသို့ တဖြည်းဖြည်းပြောင်းရွှေ့လာနေကြသည်ကို ဖော်ပြနေခြင်းဖြစ်သည်။ ထို့ပြင်အစိုးရ၏ ပေါ်လစီ ဖြေလျှော့ပေးထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ အထမြောက် အောင်မြင်နေခြင်းကိုလည်း ပြသရာကျသည်။ ရင်းနှီးမြှုပ်နှံမှုတိုးခြင်းသည် နိုင်ငံအတွက် မင်္ဂလာတစ်ပါးလည်းဖြစ်သည်။ ဂျပန်အမှတ်တံဆိပ် ဆူဇူကီး မော်တော်ကားစက်ရုံသည် အစောဆုံး ရင်းနှီးမြှုပ်နှံသူဖြစ်သည်။

ဆူဇူကီးမော်တော်ကားတပ်ဆင်ထုတ်လုပ်စက်ရုံသည် ၂၀၁၃ ခုနှစ်ကတည်းက သီလဝါအထူးစီးပွားရေးဇုန်တွင် တည်ထောင်လုပ်ကိုင်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ဆူဇူကီးက မြန်မာဈေးကွက်၌ အစီးရေ ၁၁၆၉၁ စီး ထုတ်လုပ်ရောင်းချနိုင်ခဲ့သည်။ ယင်းပမာဏသည် သတ်မှတ်ချက်ထက် ကျော်လွန်သည်ဟု ဆူဇူကီးတာဝန်ရှိသူတို့က ဆိုသည်။ ယခုနှစ် ဧပြီ ၂၆ ရက်တွင် All-new Suzuki Ertiga အမျိုးအစားသစ် မိတ်ဆက်ပွဲကျင်းပသည်။ ဆူဇူကီးမော်တော် ယာဉ်ကော်ပိုရေးရှင်းဥက္ကဋ္ဌ တိုရှိဟီရိုဆူဇူကီးက မြန်မာနိုင်ငံစီးပွားရေးတိုးတက်လာ၍ မော်တော်ယာဉ်ဈေးကွက်ကောင်းလာကြောင်း၊ မြန်မာနိုင်ငံတွင် ကားအစီးရေ တစ်သန်း ဝယ်သုံးနိုင်သည့် ဈေးကွက်ရှိနေကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ဆူဇူကီးသည် ရောဝတီဘဏ်နှင့် ပူးပေါင်းကာ ခုနစ်နှစ်အတွင်း အရစ်ကျငွေချေအစီအစဉ်ဖြင့် ရောင်းချပေးမည့် အစီအစဉ်ရှိသည်။ ဆူဇူကီးစက်ရုံသည် သီလဝါစီးပွားရေးဇုန်အပြင် ဒဂုံမြို့သစ်(တောင်ပိုင်း)တွင်လည်း စက်ရုံတည်ထောင်ထားကြောင်း သိရသည်။


မေ ၂၈ ရက်တွင် မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်စက်မှုဇုန်၌ စင်ကာပူနိုင်ငံအခြေစိုက် Sc Auto Myanmar ကုမ္ပဏီဖွင့်ပွဲပြုလုပ်၏။ ယင်းကုမ္ပဏီက Sc NeyStar ဘတ်စ်ကားများထုတ်လုပ်မည်။ Sc neystar က ဘတ်စ်ကားများကို စင်ကာပူနည်းပညာ၊ စင်ကာပူဒီဇိုင်းတို့ဖြင့် ထုတ်လုပ်မည်။ မြန်မာနှင့် စင်ကာပူဈေးကွက်အတွက် ကမ္ဘာ့အဆင့်မီ ဘတ်စ်ကားများ တပ်ဆင်ထုတ်လုပ်မည်။ အခြားနိုင်ငံများသို့လည်း တင်ပို့သွားမည်။ Sc Neystar ဘတ်စ်ကားစက်ရုံသည် ရန်ကုန်တွင် အခြေချပြီး အာရှဈေးကွက်သို့ ဖြန့်ချိရန် ရည်ရွယ်သည်။ Sc Auto ကုမ္ပဏီဈေးကွက် မန်နေဂျာ အိုင်ရင်ချန်းက မြန်မာနိုင်ငံ ပို့ဆောင်ရေး ကဏ္ဍတွင် ဘတ်စ်ကားနှင့် ခရီးသည်တင် အဝေးပြေးဘတ်စ်ကား လိုအပ်ချက်ကို ဖြည့်ဆည်းပေးရုံမက မြန်မာကို ခိုင်မာသော ပို့ဆောင်ရေးစနစ်တစ်ခု ဖြစ်လာစေရန် ထောက်ပံ့ရေးအတွက် လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်ဟု ဆိုသည်။ Sc Auto ကို ၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်သည်။ အရည်အသွေးမြင့် စင်ကာပူဒီဇိုင်းနှင့် နည်းပညာသုံးပြီး ဘတ်စ်ကားများ ထုတ်လုပ်သည်။

ဇွန် ၁၁ ရက်တွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့မြောက်ပိုင်း ရပ်ကွက်၌ Daewoo Bus Myanmar စက်ရုံဝင်းအတွင်း ဒေဝူးဘတ်စ်ကားစမ်းသပ်ထုတ်လုပ်ခြင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့သည်။ Daewoo Bus Myanmar ကုမ္ပဏီကို ကိုရီးယားသမ္မတနိုင်ငံ Zyle Daewoo ကုမ္ပဏီနှင့် မြန်မာနိုင်ငံ Myanmar Trade Center ကုမ္ပဏီတို့ ပူးပေါင်းကာ ၂၀၁၇ ခုနှစ် မတ်လတွင် စတင်တည်ထောင်ကြောင်း သိရသည်။ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရှိ စက်မှုဝန်ကြီးဌာနပိုင် မြေ ၁၄ ဧကတွင် နှစ်ရှည် ၃၅ နှစ်ငှားရမ်းပြီး BOT စနစ်ဖြင့် (တည်ထောင်၊ လည်ပတ်၊ လွှဲပြောင်း)ဖြင့် ဒေဝူးဘတ်စ်ကားထုတ်လုပ်စက်ရုံတည်ဆောက်ခြင်းဖြစ်သည်။ ယခုစက်ရုံတည်ဆောက်ပြီး၍ ၂၀၁၉ ခုနှစ် ဇွန်လမှစပြီး ဘတ်စ်ကားများ စမ်းသပ်ထုတ်လုပ်နေပြီဖြစ်သည်။ ဒေဝူးသည် အမေရိကန်ဒေါ်လာ ၁၀ သန်းကျော် ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။ ဒေဝူးဘတ်စ်ကားများကို SKD စနစ် (Semi Knock Down) တစ်စိတ်တစ်ပိုင်း တပ်ဆင်ထုတ်လုပ်စနစ်) ဖြင့် ထုတ်လုပ်ပြီး ပြည်တွင်းပြည်ပသို့ဖြန့်ချိမည်။ ဒေဝူးသည် နိုင်ငံရှစ်နိုင်ငံတွင် စက်ရုံခွဲများ တည်ထောင်ထားသည်။ မြန်မာနိုင်ငံတွင် ထုတ်မည့် ဒေဝူးဘတ်စ်ကားများမှာ စီးတီးဘတ်စ် BS106နှင့် Lestar မီနီဘတ်စ်များဖြစ်သည်။ ဈေးနှုန်းက Lestar မီနီဘတ်စ် တစ်စီး ဒေါ်လာ ၄၅၀၀၀ခန့်နှင့် ဒေဝူးစီးတီးဘတ်စ် BS 106 တစ်စီး ဒေါ်လာ ၈၅၀၀၀ ဝန်းကျင် ကျသင့်မည်ဖြစ်ပြီး ရန်ကုန်လိုင်စင်ရမည်ဟုဆိုသည်။

ဂျပန်နိုင်ငံအခြေစိုက် နစ်ကိုင်းသတင်းဌာနက မေ ၂၆ ရက်တွင် တိုယိုတာ မော်တော်ကားနှင့် ပတ်သက်သည့် သတင်းတစ်ပုဒ်ဖော်ပြခဲ့သည်။ ဂျပန်တိုယိုတာ မော်တော်ကော်ပိုရေးရှင်းသည် ယခုနှစ်ကစ၍ ရန်ကုန်သီလဝါ အထူးစီးပွားရေးဇုန်တွင် တိုယိုတာကားများကို တပ်ဆင်ထုတ်လုပ်သွားမည်ဟုဆိုသည်။ တိုယာတာစက်ရုံက ပစ်ကပ်ထရပ်ကားများ ထုတ်လုပ်သွားမည်။ တိုယိုတာသည် ဂျပန်နှင့်အခြားနိုင်ငံများက ထုတ်လုပ်သည့် ကားပစ္စည်းအစိတ်အပိုင်းများတင်သွင်းပြီး သီလဝါစက်ရုံတွင် ပြန်လည်တပ်ဆင် ထုတ်လုပ်သွားမည်။ မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ်၌ မော်တော်ကားအသစ်စီးရေ ၁၇၅၀၀ စီး ရောင်းရ၏။ သို့သော် ယခင်နှစ်ကထက် နှိုင်းယှဉ်ပါက နှစ်ဆကျော်ရောင်းချရခြင်းဖြစ်သည်ဟု တိုယိုတာက သုံးသပ်ထားသည်။ တိုယိုတာသည် လောလောဆယ် မြန်မာနိုင်ငံသို့ တစ်နှစ်လျှင် စီးပွားရေးလုပ်ငန်းသုံးနှင့် အိမ်စီးကားစီးရေ ၂၀၀၀ ခန့် တင်ပို့နေရသည်ဟုဆိုသည်။ ၂၀၁၈ခုနှစ် ဒီဇင်ဘာလအထိ တိုယိုတာသည် ကမ္ဘာတစ်ဝန်း၌ ကားစက်ရုံနှင့် ကားပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်သည့် စက်ရုံပေါင်း ၅၀ ခန့်ရှိထားသည်။ သီလဝါရှိ တိုယိုတာစက်ရုံသည် မဟာဗျူဟာကျသည့် နေရာသစ်တစ်ခုဖြစ်လာမည်ဟု တိုယိုတာတာဝန်ရှိသူများက မျှော်မှန်းထားသည်။ ပြည်တွင်း၌ ထုတ်လုပ်သောကုမ္ပဏီများကို မြန်မာအစိုးရက အခွန်သက်သာခွင့်ပေးသည့် မူဝါဒချမှတ်ထားသည်ဟုလည်း တိုယိုတာ မော်တော်ကော်ပိုရေးရှင်း တာဝန်ရှိ ပုဂ္ဂိုလ်များက ဆိုသည်။

တိုယိုတာစက်ရုံသည် သီလဝါတွင် ဒေါ်လာ ၅၂ ဒသမ ၆ သန်း ရင်းနှီးမြှုပ်နှံထားပြီး ၂၀၂၁ ခုနှစ်ကစပြီး တိုယိုတာ ဟိုင်းလတ်ကားများကို SKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ် သွားမည်။ တစ်နှစ် အစီးရေ ၂၅၀၀ ထုတ်လုပ်ရောင်းချသွားမည်ဆိုသည်။ လောလောဆယ်တော့ တိုယိုတာသည် မြန်မာနိုင်ငံသို့ Toyota Hilux, Vios, Rush နှင့် အခြားအမျိုးအစားကားများ တင်သွင်းနေသည်။ ၂၀၁၉ခုနှစ် ဇွန်လတွင် Toyota Myanmar Co.,Ltd.(TMY) ကို ဖွဲ့စည်းခဲ့သည်။ တိုယိုတာမြန်မာကုမ္ပဏီ၏ ရှယ်ယာပိုင်ဆိုင်မှုမှာ Toyota Motor Corps က ၈၅ ရာခိုင်နှုန်း၊ Toyota Tusho Corps က ၁၅ ရာခိုင်နှုန်း ပိုင်ဆိုင်ကြသည်။ တိုယိုတာဆုရှိသည် မြန်မာနိုင်ငံအတွက် ဈေးကွက်ဖြန့်ချိရေးတာဝန်ယူဆောင်ရွက်မည့် ကော်ပိုရေးရှင်းဖြစ်သည်။ တိုယိုတာသည် ဝန်ထမ်း ၁၃၀ ဖြင့် စတင်လည်ပတ်ထုတ်လုပ်မည်ဖြစ်ပြီး မြန်မာဈေးကွက်အတွင်း စားသုံးသူများ လိုအပ်ချက်နှင့် အကိုက်ညီဆုံး ထုတ်ကုန်နှင့် ဝန်ဆောင်မှုအသစ်များ ဆက်လက် တိုးမြှင့်လုပ်ဆောင်မည်ဆိုသည်။ ထို့ပြင် မြန်မာ့စက်မှုဖွံ့ဖြိုးတိုးတက်စေရန်၊ တိုယိုတာမော်တော်ယာဉ်များ ထုတ်လုပ်မှုမှတစ်ဆင့် ထုတ်လုပ်မှုနည်းပညာ တတ်ကျွမ်းသော လူ့စွမ်းအားအရင်းအမြစ်စွမ်းရည် ဖွံ့ဖြိုးစေရန် တိုယိုတာက ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်သွားမည်ဟုလည်း ဆိုသည်။

စက်မှုဝန်ကြီးဌာနသည် ၂၀၁၉ မေလအတွင်းက 'မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာမူဝါဒ' စစ်တမ်းတစ်စောင် ထုတ်ပြန်ခဲ့၏။ မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒထဲတွင် ၂၀၂၀ ပြည့်နှစ်၌ မြန်မာနိုင်ငံတွင် မော်တော်ယာဉ်သုံးစွဲမှုသည်အစီးရေ နှစ်သန်းကျော် ရှိလာမည် ဖော်ပြထား၏။ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးသည် တစ်နိုင်ငံလုံးမော်တော်ယာဉ်အသုံးပြုမှု၏ ၆၆ ရာခိုင်နှုန်းကျော်ရှိနေသဖြင့် မော်တော်ယာဉ်သိပ်သည်းမှု အများဆုံးဟု ဆိုထားသည်။ ရန်ကုန်တွင် မော်တော်ကားတပ်ဆင်ထုတ်လုပ်စက်ရုံ ရင်းနှီးမြှုပ်နှံမှု တိုးလာသောအခါ ရန်ကုန်မြို့ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာကို ပိုဆိုးလာစေမည်လားကိုလည်း ကြိုတွေးပြင်ဆင်ထားဖို့လည်း လိုပါလိမ့်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။



# ပခုက္ကူမြို့ပေါ်ရှိ လယ်ယာသုံးစက်ကိရိယာရောင်းချသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပ

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းဝင်း၏လမ်းညွှန်မှုဖြင့် ပခုက္ကူခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးသန်းဦး ဦးဆောင်၍ ခရိုင်စက်မှုလယ်ယာဦးစီးဌာန၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်စသည့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ဇွန် ၇ ရက် နံနက် ၁၀ နာရီတွင် လယ်ယာသုံး စက်ကိရိယာရောင်းချသော ဆိုင်/ကုမ္ပဏီများမှ အရောင်းကိုယ်စားလှယ်များနှင့် ပခုက္ကူခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။ ဆက်လက်၍ ခရိုင်ဦးစီးမှူး ဦးသန်းဦးက တန်ဖိုးငွေ အဆမတန်ဖြင့် ရောင်းချခြင်းနှင့်ပတ်သက်၍ ပြည်ပနိုင်ငံမှ လယ်ယာသုံးစက်ကိရိယာများ (အထူးသဖြင့် ရိတ်သိမ်းခြွေလှေ့စက်များ) တင်သွင်းလာသည့် ကုန်ကျစရိတ် (သွင်းကုန်တန်ဖိုး၊ အခွန်အခနှင့် စရိတ်များ)အပေါ် အဆမတန် အမြတ်တင် ရောင်းချမှု ရှိ/မရှိ စိစစ်ရန်၊ ကုမ္ပဏီများအနေဖြင့် တောင်သူလယ်သမားများသို့ အမြတ်အစွန်း အလွန်အကျွံရရှိရေးကို အဓိကထား၍ ဆောင်ရွက်ခြင်းမပြုရန်၊ ထုတ်လုပ်သည့်ပင်ရင်းနိုင်ငံဖော်ပြခြင်းနှင့် ပတ်သက်၍ပင်ရင်းထုတ်လုပ်သည့်နိုင်ငံ၏အမည်၊ လိပ်စာတို့ကို သိသာထင်ရှားစွာ ဖော်ပြရန်၊ ကုန်ပစ္စည်းများပေါ်တွင် အမှတ်တံဆိပ်များ၊ နံပါတ်များ ပြောင်းလဲတပ်ဆင်ခြင်း မပြုရန်၊ ထင်ယောင်ထင်မှားဖြစ်စေမည့် ပုံသဏ္ဌာန်၊ အမျိုးအမည်၊ အမျိုးအစားနှင့် အမှတ်တံဆိပ်များကို ကွဲကွဲပြားပြားဖော်ပြ၍ အသိပေး ရောင်းချရန်၊ (အထူးသဖြင့် လယ်ယာသုံး စက်ကိရိယာ အမှတ်တံဆိပ် ကိုယ်စားပြုမှုရင်း နိုင်ငံနှင့် ထုတ်လုပ်သည့်နိုင်ငံတို့ကို ဝယ်ယူသူ တောင်သူများအား ရှင်းလင်းအသိပေး ပြောကြားရန်နှင့် အရောင်းအဝယ်စာချုပ် အရောင်းပြေစာတို့တွင် သိသာထင်ရှားစွာ ရေးသားဖော်ပြရန်၊ အရောင်းအဝယ် စာချုပ်သည်နှစ်ဦး နှစ်ဖက် မျှတသော စာချုပ်ဖြစ်စေခြင်းနှင့်ပတ်သက်၍ စာချုပ်တွင် အာမခံပေးနိုင်သည့် အခြေအနေအတိုင်း ထည့်သွင်းချုပ်ဆိုရန်နှင့် အာမခံမပေးနိုင်သည့်အခြေအနေများကိုစာချုပ်တွင်ထည့်သွင်း ချုပ်ဆိုခြင်းမပြုရန်၊ စာချုပ်ပါ စည်းကမ်းချက်များကိုလည်း နှစ်ဦးနှစ်ဖက်သင့်တင့်မျှတစွာ သတ်မှတ်ချုပ်ဆိုရန်၊ (လယ်ယာသုံး စက်ကိရိယာ ဝယ်ယူသုံးစွဲမည့် တောင်သူများအား အရောင်းအဝယ်စာချုပ်ကို သေချာစွာ ဖတ်ရှုစေပြီးမှ လက်မှတ်ရေးထိုးစေရန်။)၊ ရောင်းချပြီးနောက် ဝန်ဆောင်မှုပေးခြင်းနှင့် စက်အပိုပစ္စည်း အလွယ်တကူရရှိစေရန် အာမခံပေးခြင်းနှင့် ပတ်သက်၍ လယ်ယာသုံးစက်ကိရိယာများ ရောင်းချပြီးနောက်ပိုင်း အာမခံပေးသည့် ကာလနှင့်အာမခံပေးသည့် စက်အစိတ်အပိုင်းများ စက်အပိုပစ္စည်းရရှိနိုင်သည့် မြို့နယ်/နေရာ များလယ်ယာသုံး စက်ကိရိယာများ ပြင်ဆင်ရန်၊ ဝန်ဆောင်မှုပေးနိုင်မည့်နေရာများအား စာရွက်စာတမ်းများနှင့်တကွ တောင်သူများသို့ အသိပေးရှင်းလင်းပြောကြားပေးပါရန် စသည့် အချက်အလက်များပါဝင်သည့်အကြောင်းအရာများကို အရောင်းကိုယ်စားလှယ်များအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။ **သူဇာကျော် (ပခုက္ကူ)**

# မိတ္ထီလာမြို့ပေါ်ရှိ ဆေးဆိုင်များအား ရှောင်တခင်စစ်ဆေး

စားသုံးသူပြည်သူများ ကျန်းမာရေး လုံခြုံစိတ်ချမှုရရှိစေရန် မိတ္ထီလာမြို့ပေါ်ရှိ ဆေးဆိုင်များအား ဇွန် ၁၉ ရက်တွင် မိတ္ထီလာခရိုင် ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနကဦးဆောင်၍ စားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တားမြစ်ဆေးများ၊ ထိန်းချုပ်ဆေးများ ရောင်းချခြင်းမရှိစေရေး အဓိကထား စစ်ဆေးခဲ့ရာ ဆေးဆိုင်နှစ်ဆိုင်မှ သက်တမ်းလွန်ဆေးဝါးများနှင့် သက်ဆိုင်ရာဦးစီးဌာနမှ တရားဝင်တားမြစ်ထားသော ဆေးများတွေ့ရှိ၍ သိမ်းဆည်းခြင်း တားမြစ်ခြင်းများ ပြုလုပ်ခဲ့သည်။ သိမ်းဆည်းခဲ့သော ဆေးဝါးများမှာ စုစုပေါင်း ၂၈ မျိုးခန့်ရှိပြီး နောက်နောင်ဆက်လက်မရောင်းချစေရေး အသိပညာပေးဆွေးနွေးခဲ့ပြီး ဆေးဝါးများသိမ်းဆည်းသွားသည်ကို သိရှိကြောင်း မိမိတို့ပူးပေါင်းအဖွဲ့၏ ရှေ့မှောက်တွင် ဝန်ခံကတိရေးထိုးခဲ့သည်။ ဆေးဆိုင်စုစုပေါင်း ခြောက်ဆိုင်သို့ဝင်ရောက်စစ်ဆေးခဲ့ပြီး မိတ္ထီလာမြို့သည် ခရိုင်မြို့တစ်မြို့ဖြစ်သောကြောင့် ဆေးဆိုင်များအများအပြားရှိ၍ နယ်မြေအပိုင်းများခွဲကာ မဲနှိုက်စစ်ဆေးကြောင်းသိရသည်။

**သိမ့်သူဇာမောင် (ထီလာ)**

# မိုင်းဖြတ်မြို့ စာသင်ကျောင်းများနှင့် စည်ပင်သာယာဈေးတို့တွင် အသိပညာပေးဟောပြောခြင်းနှင့် ဈေးကွက်ကွင်းဆင်းစစ်ဆေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများသည် ဇွန် ၁၈ ရက်က တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်ရှိ အ. ထ. က (ဟိုနား)ကျောင်းရှိ ဆရာ/ဆရာမ၊ ကျောင်းသား/သူ ၂၄၂ ဦးတို့အား စားသုံးသူအသိပညာပေးဟောပြောခြင်းနှင့် မြို့ပေါ် အ. ထ. က(၁) ကျောင်း၌လည်းကောင်း၊ ကျောင်းသား/ကျောင်းသူ ၁၃၉ ဦးတို့အား စားသုံးသူအသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းများတွင် ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သော စားသောက်ကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေး သက်ဆိုင်ရာကျောင်းကျန်းမာရေးတို့နှင့် ပူးပေါင်းစစ်ဆေးအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့အတူ မိုင်းဖြတ်မြို့စည်ပင်သာယာဈေးအတွင်းလည်း စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချရာတွင် စားသုံးသူကာကွယ်ရေးဥပဒေအခန်း(၁၈) ကုန်အညွှန်းအမှတ်အသား ပြဋ္ဌာန်းချက်ပါ ပါဝင်ရမည့်အချက်များကို ဌာနဆိုင်ရာများဖြင့် ပူးပေါင်းအသိပေး ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သန့်ဇင် (ကျိုင်းတုံ)**

# ရော်ဘာတန်ချိန် ငါးထောင်ကျော်တင်ပို့

ဇွန် ၈ ရက်မှ ၁၄ ရက်အတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာနှစ်သန်းကျော် တန်ဖိုးရှိရော်ဘာအမျိုးအစားစုံတန်ချိန် ၂၁၇၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ မြန်မာ-တရုတ်နယ်စပ်မှတင်ပို့မှုများ မှာ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS-3 အမျိုးအစားတန်ချိန် ၆၉၀၊ RSS-1 အမျိုးအစားတန်ချိန် ၃၀ ကျော်၊ MSR-20 အမျိုးအစား တန်ချိန် ၇၀၀ ကျော်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှတန်ချိန် ၂၃၀ ကျော် တင်ပို့ခဲ့သည်။ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ Rubber Latex ၆၀ ရာခိုင်နှုန်းအမျိုးအစားတန်ချိန် ၅၀၀ တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန်ချိန် ၁၅၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့သည်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇွန် ၉ ရက်မှ ၁၅ ရက်အတွင်း အမေရိကန် ဒေါ်လာငါးသန်းနီးပါးတန်ဖိုးရှိ ရော်ဘာတန်ချိန် ၃၆၀၀ ခန့်အား အာရှနိုင်ငံများသို့တင်ပို့ခဲ့ရာ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစားတန်ချိန် ၁၃၀၀ နှင့် MSR-10 အမျိုးအစားတန်ချိန် ၁၄၀ ကျော်၊ တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစား တန်ချိန် ၁၁၀၀ ကျော်၊ RSS-3 အမျိုးအစားတန်ချိန် ၂၁၀ နှင့် MSR-10 အမျိုးအစားတန်ချိန် ၂၀၀ ကျော်၊ ကိုရီးယားနိုင်ငံသို့ TSR-20 အမျိုးအစားတန်ချိန် ၂၈၀ ကျော်၊ အိန္ဒိယနိုင်ငံသို့ RSS-3 အမျိုးအစားတန်ချိန် ၂၀ ခန့်နှင့် MSR-10 အမျိုးအစားတန်ချိန် ၃၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၁၇၀၀ ကျော် ပိုမိုတင်ပို့နိုင်ကြောင်း သိရသည်။

ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေး RSS အမျိုးအစားတစ်တန်လျှင် ဒေါ်လာ ၅၀ တက်လာပြီး MSR အမျိုးအစားဈေးအတက်အကျ သိပ်မရှိကြောင်း သိရသည်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ထုတ်ပြန်ထားသော ပြည်ပတင်ပို့မည့် မြန်မာ့ရော်ဘာ FOB ဈေးနှုန်းများကို ဖော်ပြလိုက်ပါသည်။ RSS-1 တစ်တန်လျှင် ဒေါ်လာ ၁၇၅၀-၁၈၀၀၊ RSS-2 တစ်တန်လျှင် ဒေါ်လာ ၁၇၀၀-၁၈၀၀၊ RSS-3 တစ်တန်လျှင် ဒေါ်လာ ၁၆၅၀-၁၇၅၀၊ RSS-4 တစ်တန်လျှင် ဒေါ်လာ ၁၅၅၀-၁၆၅၀၊ RSS-5 တစ်တန်လျှင် ဒေါ်လာ ၁၆၀၀-၁၇၀၀တို့ ဖြစ်သည်။ **ယဉ်ယဉ်အေး**

# ရန်ကုန်မြို့ ကားဈေးကွက်အတွင်း စလစ်ဈေးမြင့်တက်ပြီး ကားလေးများသာအရောင်းအဝယ်ရှိ

ရန်ကုန်မြို့ မော်တော်ယာဉ်ဈေးကွက်၏ ဇွန်လတတိယပတ် အခြေအနေမှာ စလစ်ဈေးပိုမိုမြင့်တက်လာသဖြင့် ကားအရောင်းစင်တာရှိစလစ်ကပ်ကားများအဝယ်မရှိဘဲ ဈေးကွက်အတွင်းသုံးစွဲနေသည့် ဂျပန်ညာမောင်းကားလေးများနှင့် အခြားကားများသာ အရောင်းအဝယ်ရှိကြောင်းသိရသည်။

လတ်တလောဈေးကွက်အတွင်းတွင် ဧပြီလကုန်မှစ၍ ၂၀၁၉ ပုံစံသစ်ဖြင့် ထုတ်လုပ်ရောင်းချခဲ့သည့် ဆူဇူကီးအာတီဂါကားများရောင်းအားရှိနေပြီး ပုံစံဆန်းသစ်မှုကြောင့် အခြားခုံ(၃)တန်းကားများနှင့်ယှဉ်လျှင် ယင်းကားများသာ ရွေးချယ်ဝယ်ယူကြသဖြင့် ဈေးကွက်ထိပ်ဆုံးရှိကာ အာတီဂါပုံစံအဟောင်းများလည်း ဈေးချပြီး ဈေးကွက်အတွင်းရောင်းချလာကြသည်ကို တွေ့ရှိရကြောင်း၊ ကျပ်သိန်း ၂၀၀ သိန်းပတ်လည် ဂျပန်ညာမောင်းကားလေးများ စဉ်ဆက်မပြတ်အရောင်းအဝယ်ရှိနေသော်လည်း စင်တာအရောင်းလက်ကျန်ရှိစလစ်ကပ်ကားများ စလစ်ဈေးမြင့်တက်မှုကြောင့် အဝယ်မရှိဖြစ်နေပြီး ဆက်လက်၍ စတိနံပါတ်ကားများပါ အရောင်းအဝယ်အားနေကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်မှ ပြောသည်။

ဆက်လက်၍ ဈေးကွက်ထဲတွင် မိုးဦးကျကာလ အရောင်းအဝယ်ဖြစ်နေသည်မှာ ဆူဇူကီးဟိုက်ဂျက်မှ အစပြု၍ တောင်းအေ့စ်ကဲ့သို့ ဘော်ဒီမြင့်လုပ်ငန်းသုံးကားများပါဝင်ပြီး နယ်အဝယ်သာမက ရန်ကုန်အဝယ်လည်းရှိကြောင်း၊ အငှားယာဉ်တက္ကစီများထဲတွင် ယခင်က စီအမ်ဂျီသုံးယာဉ်များ ဦးစားပေးဝယ်ယူကြသော်လည်း ယခုအခါ စက်သုံးဆီဈေးကျဆင်းလာသဖြင့် ကျပ်သိန်း ၁၅၀ နှင့် သိန်း ၂၀၀ ကြား ဓာတ်ဆီတက္ကစီများအဝယ်ရှိနေကြောင်း၊ ကျောင်းဖွင့်စကာလဖြစ်သဖြင့် မှန်လုံယာဉ် ဝက်ဂွန် ဟိုက်အေ့စ်ယာဉ်များလည်း တစ်စီးစနှစ်စီးစအဝယ်ရှိကြောင်း၊ ဈေးကွက်သုံးသပ်ချက်မှာ ရန်ကုန်လိုင်စင်မူဝါဒ (သို့မဟုတ်) တစ်စုံတစ်ရာမူဝါဒပြောင်းလဲမှုရှိသည်မှလွဲ၍ စလစ်ဈေးတန်းကျဆင်းမည့်သဘောမရှိဘဲ ရန်ကုန်လိုင်စင်ကားလေးများသာ အရောင်းအဝယ် ဆက်လက်ရှိနိုင်ကြောင်း သိရသည်။ SN

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (၂၀၁၁) | J | ၁၈၅ သိန်း | ၁ဝ၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | တိုယိုတာအက်ဂီယို (၂၀၁၃) | ယာယီ | ၃၀၀ သိန်း | ၁ဝ၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ဆွစ် (၂၀၁၁) | M | ၁၇၅ သိန်း | ၁ဝ၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၄။ | ကလူဂျာ (၂၀၀၂) | J | ၃၃၀ သိန်း | ၂ဝ၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | အာလ်ဖတ် (၂၀၀၃) | K | ၃၄၅ သိန်း | ၂ဝ၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဟွန်ဒါအင်ဆိုဒ် (၂၀၀၉) | P | ၂၅၀ သိန်း | ၁ဝ၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | မာဇဒါ/ဒီမီယို (၂၀၁၁) | K | ၁၈၅ သိန်း | ၁ဝ၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | နီဆန်း/နုတ် (၂၀၁၄) | ယာယီ | ၁၇၀ သိန်း | ၁ဝ၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | အပ်ကား (နှစ် ၂၀ ) | - | ၁၃၈ သိန်း | - |

SN

# Trade Mark Law & Intellectual Property Law Awareness အသိပညာပေးဟောပြောပွဲကျင်းပ

ဗဟိုအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီက ဦးဆောင်၍ ကရင်ပြည်နယ် MSME Action Plan ရေးဆွဲခဲ့ပြီး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များမှ Trade Mark Law & Intellectual Property Law Awareness ဆိုင်ရာ ဟောပြောပွဲကို ဇွန် ၁၉ ရက်တွင် ကရင်ပြည်နယ်၊ ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲသို့ ကရင်ပြည်နယ် MSME Agency ဥက္ကဋ္ဌ၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်နှင့် ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများ၊ တစ်ပိုင်တစ်နိုင်ထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့သည်။




အဆိုပါဟောပြောပွဲတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီးဌာန ပြည်နယ်ဝန်ကြီး ဦးစိုးလှိုင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က Trade Mark Law & Intellectual Property Law အကြောင်း သိကောင်းစရာများကို အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ဇွဲကပင်ကုန်သွယ်မှုဗဟိုဌာန ပြည်နယ်တာဝန်ခံ ဦးခင်မောင်မောင်အုန်းက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ဇွဲကပင်ကုန်သွယ်မှုဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို အသိပေးရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**ဇွဲကပင် (T/C)**

# မွန်ပြည်နယ်တွင် ဆန်၊ စပါးအစိုဓာတ်တိုင်းတာရေး နောက်ကြောင်းပြန်ခြေရာခံစနစ်အကြောင်း အသိပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပ

ဆန် စပါးအစိုဓာတ်တိုင်းတာရေးနောက်ကြောင်းပြန် ခြေရာခံစနစ်အကြောင်း အသိပညာပေး ဟောပြောဆွေးနွေးပွဲကို စားသုံးသူရေးရာဦးစီးဌာန၊ သထုံခရိုင်ဦးစီးမှူးရုံးတွင် ဇွန် ၂၀ ရက်ကလည်းကောင်း၊ မွန်ပြည်နယ်ဦးစီးမှူးရုံးတွင် ဇွန် ၂၁ ရက်ကလည်းကောင်း ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ငွေက အဖွင့်အမှာ စကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်ကျော်က "Significance of Grain Moisture Content Measuring Instrument in Postharvest Handling and Trading" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန လက်အောက်ရှိ NIMM မှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းတင့်က 'ဆန်စပါးတွင်ပါဝင်သော အစိုဓာတ်ကို တိုင်းတာသည့် ကိရိယာများအား ကွင်းဆက်မပြတ်စံဖြင့် တိုင်းကြည့်စစ်ဆေးခြင်း' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်က 'တိကျသောဆန်စပါးအစိုဓာတ်တိုင်းတာခြင်းစနစ်' ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် Kett Electric Laboratory မှ မန်နေဂျာ မာစတာယိုရှိဒါက စီမံကိန်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းအကြောင်းအရာများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး JDS မှ မာစတာ နီရှိဇာခီက အစိုဓာတ်တိုင်းတာသည့်စက်ကို အသုံးပြုခြင်းဖြင့် ရရှိသည့် အကျိုးကျေးဇူးများအကြောင်းကို စီမံကိန်းကာလအတွင်း တောင်သူ၊ ကုန်သည်၊ စက်ပိုင်များထံမှ စစ်တမ်းကောက်ယူရရှိခဲ့သည့် အခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးခြင်းကို ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ငွေ နှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်ကျော်တို့က ဖြေကြားခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ တောင်သူများ၊ စက်ပိုင်များ၊ ကုန်သည်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၂၂ ဦး တက်ရောက်ခဲ့ကြသည်။

**မိုးမိုး (မွန်)**

# မဲဆောက်ကုန်စည်ပြပွဲသို့ မြန်မာလုပ်ငန်းရှင်များ သွားရောက်ပြသ

ထိုင်းနိုင်ငံ၊ တာ့ခရိုင်၊ မဲဆောက်မြို့ Robinson ကုန်တိုက်ရှေ့တွင် ဇွန် ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပသည့် "Lower Northern Provincial 1 Expo 2019" သို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာစီးပွားရေး လုပ်ငန်းရှင် ၁၀ ဦး သွားရောက်ပြသကြသည်။

ထိုပြပွဲသို့ မြန်မာနိုင်ငံမှ ပြခန်း ၁၉ ခန်းပါဝင်ပြသပြီး လာအိုနိုင်ငံမှ ပြခန်း ၁၁ ခန်းနှင့် ထိုင်းနိုင်ငံမှ OTOP ပြခန်း ၁၂၀ ခန်းတို့အပါအဝင် စုစုပေါင်း ပြခန်း ၁၅၀ခန်း ခင်းကျင်းပြသသည်။ တစ်ချိန်တည်းမှာ Thai Top Market ပစ္စည်းများကို စုစည်း၍ Robinson အတွင်း မြေညီထပ်တွင် ဈေးရောင်းပွဲကျင်းပခြင်းနှင့် သုံးနိုင်ငံ နယ်စပ်ကုန်သည်နှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံ၍ Business Matching များကိုလည်း ပြုလုပ်ကျင်းပကြသည်။

ထိုသို့သွားရောက်ပြသခြင်းကြောင့် မြန်မာ့ထုတ်ကုန်များ ထိုင်းနိုင်ငံဈေးကွက်ကို ပိုမို ချိတ်ဆက်နိုင်မည့်အပြင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးချဲ့ ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည်။

**မြတ်မြတ်စိုးမိုး (Myantrade)**

# အာရှ၏တန်ဖိုးကွင်းဆက် ဗဟိုဌာနဖြစ်မည့် CLMVT-2019 ဖိုရမ်ကျင်းပမည်

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Renaissance Bangkok Ratchaprasong ဟိုတယ်၌ ၂၀၁၉ ခုနှစ် ဇွန် ၂၄ ရက်တွင် အာရှ၏ တန်ဖိုးကွင်းဆက်ဗဟိုဌာနဖြစ်မည့် CLMVT 2019 ဖိုရမ်ကို ကျင်းပရန် ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးမူဝါဒနှင့် မဟာဗျူဟာမြောက်ရုံးနှင့် မိတ်ဖက်အေဂျင်စီများက စီစဉ်လျက်ရှိသည်။

ဖိုရမ်ကျင်းပခြင်း၏ ရည်ရွယ်ချက်မှာ ထိပ်တန်း စီးပွားရေးလုပ်ငန်းရှင်များ၊ စွန့်ဦးတီထွင်သူအသစ်များ၊ ထိပ်တန်း မူဝါဒရေးဆွဲသူများ၊ ပညာရှင်များနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်း (CLMVT) နိုင်ငံများမှ မျိုးဆက်သစ်လူငယ်များ အပါအဝင် ဒေသဆိုင်ရာ ကွန်ရက်တစ်ခု တည်ဆောက်ရေးနှင့် နောက်ဆုံးတွင် CLMVT ၏ အဓိက အခန်းကဏ္ဍကို အာရှ၏ တန်ဖိုးကွင်းဆက် ဗဟိုဌာန အဖြစ် ထပ်မံ အတည်ပြုရန်အတွက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် သာတူညီမျှ ချမ်းသာကြွယ်ဝစေရန် ရည်ရွယ် လုပ်ဆောင်ခြင်း ဖြစ်သည်။

**လွင်မျိုးဇော်**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

(၁) **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) **ဖုန်း**-၀၁ ၂၅၄၀၂၄ **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၄၇ **အီးမေးလ်**- mmeu.tradehelpdesk@gmail.com

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

**၂၄-၆-၂၀၁၉ မှ ၃၀-၆-၂၀၁၉ ရက်နေ့ထိ**

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** အလုပ်အကိုင်အရောင်းအဝယ် အောင်မြင်မည်။ ဝင်ငွေအမြတ်အစွန်းကောင်းရမည်။ ရှယ်ယာလုပ်ငန်းများ ရှောင်ပါ။ ငွေကြေးအပျောက်အရှနှင့် လူလိမ်ခံရတတ်သည်။ ပညာရေးတွင် ပြိုင်ဘက်ဟောင်းနှင့် တွေ့ကြုံရတတ်သည်။ အချစ်ရေးသာယာနေမည်။ အိမ်ထောင်ရေးတွင် ပျော်ရွှင် စရာများ ကြုံဆုံရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် စိတ်ဖိစီးမှုဝေဒနာ ခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။

**လာဘ်ရွှင်ဂဏန်း။ ။ ၄၊ ၅။ ယတြာဆောင်။ ။ နီညိုရောင် အသုံးပြုပါ။**



**တနင်္လာသားသမီးများအတွက်** အလုပ်အကိုင် အဆင်ပြေတာနှင့် ရန်အနှောင့်အယှက် ပေါ်လာတတ်သည်။ စီးပွားရေးလုပ်ငန်းများ အတက်အကျ အရှိန်အဟုန်ပြင်းထန်သော ကာလဖြစ်နေတတ်ပါသည်။ သံထည်ပစ္စည်းများနှင့် ပတ်သက်သော လုပ်ငန်းအကျိုးပေးမှု အားကောင်းနေတတ်ပါသည်။ ပညာရေး၊ အချစ်ရေးများ အဆင်ပြေနေတတ်ပါသည်။ အိမ်ထောင်ရေးတွင် စိတ်တူကိုယ်တူ လုပ်ဆောင်ချက်များ ရှိနေမည်။ ကျန်းမာရေးအနေဖြင့် ရေနှင့်ပတ်သက်သော ဥပဒ်ရှိတတ်သည်ကို သတိရှိပါ။ **လာဘ်ရွှင်ဂဏန်း။ ။ ၆၊ ၇။ ယတြာ၊ အဆောင်။ ။ ပုလဲငွေရောင်သုံးပါ။**




**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် မှန်သောသတ္တိ မွေးမြူပြီး ရဲဝံ့စွာလုပ်မှ အောင်မြင်မည်။ စက်ပစ္စည်းနှင့် အထည်လုပ်ငန်းစက်ရုံများ လုပ်ကိုင်ပါက အောင်မြင်မှုရလိမ့်မည်။ ပညာဉာဏ်ရည် ထက်မြက်မှုရှိသည်။ အချစ်ရေးတွင် စိတ်တိုင်းကျမှု အားနည်းနေတတ်သည်။ အိမ်ထောင်ရေးသုခချမ်းသာမှု ရှိမည်။ ကျန်းမာရေးအနေဖြင့် အဆစ်အမြစ်ကိုက်ခဲသော ရောဂါဝေဒနာ ခံစားရမှု ရှိတတ်ပါသည်။

**လာဘ်ရွှင်ဂဏန်း။ ။၇၊ ၆။ ယတြာ၊ အဆောင်။ ။ ပန်းနုရောင်ပစ္စည်းသုံးပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လုပ်ငန်းတွင် အာရုံစူးစိုက်၍မရဖြစ်တတ်သည်။ ငွေကြေးအကုန်အကျများပြီး အကြီးအကဲတို့၏ ကူညီမ,စမှုကို ရရှိလိမ့်မည်။ အတွေးအခေါ် အယူအဆများ လွဲမှားတတ်သည်။ လုပ်ငန်းများ လည်ပတ်မှု နှေးကွေးနေတတ်သည်။ ကြိုးစားပါက အောင်မြင်မှုရရှိနိုင်ပါသည်။ ပညာရေးသင့်တင့်မှု ရှိနေမည်။ အချစ်ရေးတွင် သည်းခံနိုင်မှု စွမ်းအား နည်းနေတတ်ပါသည်။ အိမ်ထောင်ရေး သင့်တင့်နေမည်။ ကျန်းမာရေးဂရုစိုက်ပါ။ သွေးနှင့်ပတ်သက်သော ဝေဒနာခံစားရတတ်ပါသည်။

**လာဘ်ရွှင်ဂဏန်း။ ။ ၄၊၅။ ယတြာ၊ အဆောင်။ ။သစ်ရွက်စိမ်းရောင်ဆောင်ပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ကိုင်ရာတွင် တွေဝေမှု များနေတတ်သည်။ ခိုင်မာချက် ဆုံးဖြတ်မှုပြတ်သားလျှင် အောင်မြင်မည်။ ဆေးဝါးနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်း အောင်မြင်မည်။ ပညာရေးတိုးတက် ကောင်းမွန်မည်။ အချစ်ရေးတွင် ပြဿနာများကို ဝေခွဲမရဖြစ်တတ်သည်။ အိမ်ထောင်ရေးတွင် တစ်နယ်စီ ခွဲနေရတတ်သည်။ ကျန်းမာရေးအနေဖြင့် လေရောဂါ ဖြစ်တတ်သည်။

**လာဘ်ရွှင်ဂဏန်း။ ။ ၆၊ ၄။ ယတြာ၊ အဆောင်။ ။ ရွှေဝါရောင်သုံးပါ။**



**သောကြာသားသမီးများအတွက်** လုပ်ငန်းလည်ပတ်မှု တိုးတက်ကောင်းမွန်၏။ ဝင်ငွေတိုးနေမည်။ လုပ်ငန်းနှင့်ပတ်သက်သည့် ခရီးများ သွားရတတ်သည်။ နာမည်ကြီး၍ ထင်ပေါ်ကျော်ကြားမည်။ ပညာရေးကို အထူးအားပေး မြေတောင်မြှောက်ပေးသော်လည်း တိုးတက်မှု နှေးကွေးနေမည်။ မမျှော်လင့်သော ငွေကြေးများ ရတတ်သည်။ အချစ်ရေးတွင် ချစ်သူ၏ ကျန်းမာရေး ဂရုစိုက်သင့်ပါသည်။ ကျန်းမာရေး သင့်တင့်နေမည်။

**လာဘ်ရွှင်ဂဏန်း။ ။ ၃၊ ၆၊ ၅။ ယတြာ၊ အဆောင်။ ။ အဖြူရောင်၊ ခဲရောင်ပစ္စည်း ဆောင်ပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် အကြံကောင်းပေးမည့် မိတ်ဆွေများ ရှိတတ်ပါသည်။ လုပ်ငန်းတိုးတက်မှုရှိမည်။ လက်ရှိလုပ်ကိုင်သော လုပ်ငန်းများအပြင် ထပ်မံတိုးချဲ့လုပ်ကိုင်ရတတ်ပါသည်။ အရောင်းအဝယ်လုပ်ငန်း အထူးအောင်မြင်မည်။ ပညာရေးကောင်းမည်။ ရာထူး၊ ဂုဏ်ထူး ချီးမြှင့်ခြင်းခံရမည်။ အချစ်ရေးတွင် စန်းပွင့်နေမည်။ အိမ်ထောင်ရေးခိုင်မြဲမည်။ ကျန်းမာရေးတွင် ချို့ယွင်းမှု ရှိတတ်သည်။ သတိပြုပါ။

**လာဘ်ရွှင်ဂဏန်း။ ။ ၂၊ ၆။ ယတြာ၊ အဆောင်။ လွှင်သောဗေဒါရောင် ဆောင်ပါ။**

## ကျောက်ဆည်တွင် ငရုတ်ဈေးကွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကူမဲမြို့၊ ရန့်သစ်ခန်းမ၌ ဇွန် ၁၇ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ဦးဆောင်ကျင်းပသော ‘ငရုတ်ဈေးကွက်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့’အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အုံးကြည်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျောက်ဆည်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အသင်းအဖွဲ့များ၊ ငရုတ်စိုက်တောင်သူများ၊ ပြည်နယ်နှင့် တိုင်းများမှ Exporter များ၊ Value Added လုပ်ငန်းရှင်များ၊ ကုန်သည်များ အင်အား ၂၅၀ ဦးတက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဒေါ်အုံးကြည်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမင်းအောင်နှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းတို့က အမှာစကားများပြောကြားခဲ့သည်။

ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ‘ငရုတ်သီးနှင့်ပတ်သက်၍ သိကောင်းစရာများ’ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ‘လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ငရုတ်သီးဈေးကွက်ဈေးနှုန်းအခြေအနေများ’ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Natural farm Fresh Myanmar Co, Ltd မှ မန်နေဂျင်း ဒါရိုက်တာဦးနေဦးကြည်က‘ငရုတ်သီးနှင့်ရိတ်သိမ်းချိန်လွန် နည်းပညာ’ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ငရုတ်ပညာရှင် ဦးစိုးမိုးဂျူလိုင်က ငရုတ်စိုက်ပျိုးသည့်နည်းပညာနှင့် ပတ်သက်၍လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ငရုတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အစုအဖွဲ့မှ ဦးစိုးလွင်က ‘သီဂါရအစိမ်းရောင်စီးပွားရေး(သို့) မူးမြစ်ချင်းတွင်း ငရုတ်စိုက်ခင်း’ခေါင်းစဉ်ဖြင့် စာတမ်းများ အသီးသီး ဖတ်ကြားခဲ့ကြသည်။

ဆက်လက်၍ ငရုတ်ဈေးကွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့အလုပ်ရုံ ဆွေးနွေးပွဲတက်ရောက်လာသူများမှ စိုက်ပျိုးရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးနှုန်း တည်ငြိမ်ရေးနှင့် ဈေးကွက်ဖော်ဆောင်ရေး၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာစားသုံးနိုင်ရန် ထုတ်လုပ်တင်ပို့ ရောင်းချရေး ခေါင်းစဉ်သုံးခုဖြင့် ဝိုင်းဝန်းဆွေးနွေးကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**နှင်းလဲ့လဲ့ (ကျောက်ဆည်)**

## အစားအသောက်နှင့် အလှကုန်များအား ကွင်းဆင်းစစ်ဆေး

မြိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီတွင်ပါဝင်သည့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ခရိုင်ပြည်သူ့ရဲဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့သည် ဇွန် ၁၁ ရက်မှ စတင်၍ပါရမီ(၁)ရပ်၊ သီရိမင်္ဂလာဈေးကြီးအတွင်းရှိ အစားအသောက်နှင့် အလှကုန်ဆိုင်များအား ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် သီရိမင်္ဂလာဈေးကြီးအတွင်းရှိ အလှကုန်ဆိုင်အချို့မှ မာကျူလီပါဝင်နေသော အလှကုန်၊ တားမြစ်ထားသော အလှကုန်များတွေ့ရှိရသဖြင့် နောက်နောင်ရောင်းချခြင်းမပြုရန် ခံဝန်ကတိလက်မှတ်ရေးထိုး၍ ကော်မတီမှ သိမ်းဆည်းခဲ့ကြသည်။ အစားအသောက် ကုန်ပစ္စည်းဆိုင်များမှလည်း စားသောက်ကုန်များနှင့်ပတ်သက်၍ ဘေးအန္တရာယ်ရှိသော စားသောက်ကုန်များမတွေ့ရှိသော်လည်းထပ်မံ၍ ဘေးအန္တရာယ်ရှိသော စားသောက်ကုန်များ လျော့နည်းစေရန်အတွက် စံနမူနာများကောက်ယူခဲ့၍ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် စစ်ဆေးမည်ဖြစ်ကြောင်း သိရှိရသည်။

**ကျော်ဝင်းနိုင် (မြိတ်)**

## ချောင်းသာ Golden Beach Hotel ၌ စားသုံးသူကာကွယ်ရေးဥပဒေ ရှင်းလင်းဆွေးနွေး

ပုသိမ်မြို့၊ စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုးအောင်၊ စားသုံးသူရေးရာဌာနခွဲမှူး ဦးစောမိုက်ကယ်၊ ပုသိမ်ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးဦး၊ ဒုခရိုင်ဦးစီးမှူး ဦးထွေးသိမ်းတို့သည် ချောင်းသာ Golden Beach Hotel အစည်းအဝေးခန်းမ၌ ဇွန် ၁၈ ရက်က စားသုံးသူကာကွယ်ရေး ဥပဒေ (၂၀၁၉)ခုနှစ်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ရာ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ ဟိုတယ်လုပ်ငန်းရှင်များနှင့် မန်နေဂျာများ စုစုပေါင်း ၃၀ ဦးခန့်တက်ရောက်ခဲ့သည်။

တိုင်းဦးစီးမှူး ဦးစိုးအောင်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော်လည်း ၎င်းဥပဒေ၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး စားသုံးသူကာကွယ်ပေးရေး လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် ပိုမိုအားကောင်း ပြည့်စုံသော စားသုံးသူ ကာကွယ်ရေး ဥပဒေကို ပြန်လည်ရေးဆွဲပြီး မတ် ၁၅ ရက် ကမ္ဘာ့စားသုံးသူများ အခွင့်အရေးနေ့ အခမ်းအနားတွင် ‘၂၀၁၉ ခုနှစ် စားသုံးသူကာကွယ်ရေးဥပဒေအသစ်ကို’ကိုပြဋ္ဌာန်းခဲ့ကြောင်း စားသုံးသူ ကာကွယ်ပေးရေး ဥပဒေရည်ရွယ်ချက်၊ ရည်မှန်းချက်များ စားသုံးသူ အခွင့်အရေး ရှစ်ချက်ကို ရှင်းလင်း၍ ပြည်တွင်း၊ ပြည်ပဧည့်ခရီးသွားများ အများဆုံးလာရောက် လည်ပတ်လျက်ရှိသော ပင်လယ်ကမ်းခြေဒေသတွင် စားသုံးသူများ၏ အခွင့်အရေးဝန်ဆောင်မှု စပ်လျဉ်း၍ ပြည့်ဝစွာရရှိနိုင်ရေး၊ မိမိတို့ဌာနမှ စားသုံးသူကာကွယ်ရေးဥပဒေနှင့် ပတ်သက်၍ နစ်နာဆုံးရှုံးမှုများကို တိုင်ကြားမှုအပေါ် ရှင်းလင်းဆောင်ရွက်ပေးနိုင်မှု အပိုင်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ခရိုင်ဦးစီးမှူး ဦးစိုးဦးက အစားအသောက်များ ဘေးကင်းလုံခြုံမှုရှိစေရေး စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ ဦးစီးဌာန၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ ရှင်းလင်း ဆွေးနွေး၍ စားသုံးသူရေးရာ ဌာနခွဲမှူး ဦးစောမိုက်ကယ်က ယခုအသစ်ထွက်ရှိလာသည့် စားသုံးသူအကာ အကွယ်ပေးရေး ဥပဒေ (၂၀၁၉)မှ လုပ်ငန်းရှင်များ လိုက်နာရမည့် ကိစ္စရပ်များနှင့် စားသုံးသူများ နစ်နာ ဆုံးရှုံးမှုမရှိစေရေး ဥပဒေပါ အကြောင်းအရာများနှင့် ပတ်သက်၍ အသေးစိတ် ဆွေးနွေးဟောပြောခဲ့သည်။

**စောမိုက်ကယ် (ပုသိမ်)**

# လယ်ယာထွက်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန် အစီအမံများ ချမှတ်ရန်လိုပြီ

**အောင်ဆန်း (စိုက်ပျိုးရေး)**

မြန်မာ့လယ်ယာထွက်ကုန်အမယ်စုံအောင် ပြည်ပသို့တင်ပို့၍ နိုင်ငံခြားဝင်ငွေ တစ်ဖက်တစ်လမ်းက ရှာဖွေပေးလျက်ရှိသည်။ သို့သော်လည်း ပြည်တွင်းထွက် လယ်ယာထွက်ကုန်များ ပြည်ပဝယ်လက်နိုင်ငံအချို့သို့ ထွက်တာလေး ပွတ်သပ် အရောင်းတင်ပြီး ပို့နေသည့် သဘောပင်ရှိသည်။ ရေရာသေချာသည့် ဈေးကွက်ချိတ်ဆက်မှု၊ ဈေးကွက်ထောက်လှမ်းမှု၊ သတင်းအချက် အလက်ရယူမှုစသည့် အစီအမံများ ချမှတ်ဆောင်ရွက်မှုမရှိသေးသည်ကို တွေ့ရှိရသည်။

ပြည်ပပို့ကုန်မဟာဗျူဟာ ရေရာသေချာသည့် အစီအမံများ ချမှတ်၍ ဆောင်ရွက်မည်ဆိုလျှင် ပြည်ပပို့ကုန် လယ်ယာထွက်ကုန် တင်ပို့နိုင်မှု ပမာဏသည် တိုးမြင့်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။ နိုင်ငံခြားဝင်ငွေလည်း တိုးတက်ရရှိလာမည်မှာ ဧကန်ပင်ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တွင် ပြုလုပ်ခဲ့သည့် အစည်းအဝေး၌ "မြန်မာနိုင်ငံက ပြည်ပို့ကုန် လယ်ယာထွက်ကုန်တွေ ပြည်ပတင်ပို့တဲ့နေရာမှာ ဘယ်သီးနှံ ဘယ်လောက်ပို့မယ်၊ ဘယ်နိုင်ငံတွေကို ပို့မယ်၊ ဒါကြောင့် ဘယ်နေရာတွေမှာ ဘယ်သီးနှံတွေကို ဘယ်လောက်စိုက်ပျိုးပြီး ဘယ်လောက်ပြည်ပတင်ပို့မယ်၊ ဘယ်အချိန်မှာတင်ပို့မယ်၊ ဈေးကွက်အခြေအနေတွေက ဘယ်လိုရှိတယ်ဆိုတာ အစီအမံတွေချမှတ်ဆောင်ရွက်နေတာ မတွေ့ရဘူး။ အဲဒီတော့ လယ်ယာသီးနှံတွေကို ပို့ကုန်ပမာဏ တိုးမြှင့်ပြီး အရှိန်အဟုန်နဲ့ ဆောင်ရွက်မယ်ဆိုရင် တိကျရေရာသေချာ အစီအမံများကြိုတင်ချမှတ်ဆောင်ရွက်မယ်ဆိုရင် တိကျရေရာသေချာတဲ့ အစီအမံများကြိုတင်ချမှတ်ဆောင်ရွက်ဖို့ လိုပါတယ်"ဟု လမ်းညွှန်မှာကြားမှု ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံက လယ်ယာထွက်ကုန်များ ပြည်ပတင်ပို့ရာတွင် နံ့စားသီးနှံဆန်၊ အစေ့ထုတ်ပြောင်း၊ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံသီးနှံ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲလွန်း၊ ဘိုကိတ်ပဲ၊ သစ်သီးဝလံအနေနဲ့ ဖရဲသီး၊ သခွါးမွှေး၊ ထောပတ်သီး၊ သရက်သီး၊ ကွဲကောသီး၊ ဟင်းခတ်အမွှေးအကြိုင်အနေနှင့် ချင်း၊ နနွင်း၊ ဂျုံးမြစ်၊ ငရုတ်ကောင်း၊ ငရုတ်သီး၊ မန်ကျည်းသီး၊ ဟင်းသီးဟင်းရွက်မျိုးစုံတို့ဖြစ်သည်။

ဆန်တင်ပို့ရာတွင် ၂၀၁၆-၂၀၁၇ခုနှစ်၌ ဆန်တန်ချိန် နှစ်သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်ရရှိခဲ့သည်။ ၂၀၁၇-၂၀၁၈ခုနှစ်၌ ဆန်တန်ချိန် ၃ ဒသမ ၅၈ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ရရှိခဲ့သည်။ ၂၀၁၉-၂၀၂၀ ခုနှစ်၌ ဆန်တန်ချိန် လေးသန်းတင်ပို့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ရရှိရန် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။ ထို့အတူ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ စသည့် ပဲမျိုးစုံတို့ကိုလည်း တိုးချဲ့တင်ပို့နိုင်ရန် ကြိုးပမ်းစိုင်းပြင်းလျက်ရှိသည်။

သစ်သီးဝလံဖရဲသီးသည် ၂၀၁၇-၂၀၁၈ ခုနှစ်၌ တန်ချိန် ရှစ်သိန်းကျော် တင်ပို့ခဲ့ရာ ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၅၀ ရရှိခဲ့သည်။ ၂၀၂၀ ခုနှစ်၌ ဖရဲသီးတန်ချိန် တစ်သန်းထိတိုးမြှင့်တင်ပို့ရန် ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်ထိရရှိရန် မျှော်မှန်းထားသည်။ ၂၀၁၇-၂၀၁၈ ခုနှစ်၌ သခွားမွှေးကို တန်ချိန် တစ်သိန်းခွဲကျော် တင်ပို့ခဲ့ရာ ၂၀၂၀ ခုနှစ်တွင် တန်ချိန် သုံးသိန်းထိ တင်ပို့ရန် ကြိုးပမ်းလျက်ရှိသည်။ ၂၀၁၇-၂၀၁၈ ခုနှစ်၌ ထောပတ်သီးကို တန်ချိန်တစ်သောင်းခွဲ တင်ပို့နိုင်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် တန်ချိန်ငါးသောင်း ထိတိုးချဲ့တင်ပို့ရန် အားသွန်လျက်ရှိသည်။ ထို့အတူပင် စိန်တစ်လုံး သရက်သီးကို ၂၀၁၇-၂၀၁၈ ခုနှစ်၌ တန်ချိန် ငါးသောင်းထိတင်ပို့နိုင်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် တန်ချိန် တစ်သိန်းထိ တင်ပို့နိုင်ရန် မျှော်မှန်းထားသည်။ ဟင်းခတ်အမွှေးအကြိုင် ချင်း၊ နနွင်း၊ ဂျုံးမြစ်၊ ငရုတ်ကောင်း၊ မန်ကျည်းသီးစသည်များကိုလည်း တိုးမြှင့်တင်ပို့နိုင်ရန် စီစဉ်လျက်ရှိသည်။

မြန်မာ့လယ်ယာထွက်ကုန်သီးနှံများကို အဓိကတင်ပို့သောနိုင်ငံများမှာ အာဖရိက၊ အီးယူနိုင်ငံများ၊ တရုတ်၊ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ စသည့်နိုင်ငံများပင်ဖြစ်သည်။ ဤသို့ မြန်မာ့ပြည်ပပို့ကုန်လယ်ယာထွက် သီးနှံများဖော်ပြပါ နိုင်ငံအသီးသီးသို့ တင်ပို့ရာတွင် ဈေးကွက်တည်ငြိမ်မှုမရှိဘဲ ဝယ်လိုက်မဝယ်လိုက် ဝယ်ယူသည့်ပမာဏကလည်း ရေရာမှုမရှိဘဲ တိုးလိုက်လျော့လိုက်ဖြစ်နေပြီး ပို့ကုန်လုပ်ငန်းစဉ်ကို ထိခိုက်လျက်ရှိသည်။ ဤသို့ဖြစ်ရသည်မှာ မြန်မာနိုင်ငံတွင် ပို့ကုန်အစီအမံများ ရေရာသေချာမှုမရှိခြင်းက အကြောင်းရင်းခံဖြစ်နေသည်ကို တွေ့ရှိရသည်။

> **အရည်အသွေး အဆင့်မမီသည့် ရိက္ခာများနှင့် ဘေးကင်းလုံခြုံမှု မရှိသည့် ရိက္ခာများကြောင့် လူသားများ အဆိပ်သင့်ခံရမှုသည် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီဖြစ်သည်။**

မြန်မာနိုင်ငံမှာ "ဘာသီးနှံပဲ ပြည်ပတင်ပို့တင်ပို့ ဝယ်လက်နိုင်ငံရဲ့ သတင်းအချက်အလက်၊ ဈေးကွက်အခြေအနေ၊ သတင်းရရှိမှုနှောင့်နှေးတဲ့အတွက် ကျွန်တော်တို့ရဲ့သီးနှံတွေဟာ အမြဲ နောက်ကောက်ကျပြီး ဒုက္ခရောက်ကြရတယ်လို့" မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက တာဝန်ရှိသူတစ်ဦးက ပြောသည်။ သူဆက်ပြီး သုံးသပ်ပြတာကတော့ "ကျွန်တော်တို့နိုင်ငံမှာ ဆွတ်ခူးပြီး သီးနှံများကို မရောင်းရသေးရင်လည်း စနစ်တကျသိုလှောင်ထားနိုင်မယ့် သိုလှောင်ရုံစနစ် မပျက်စီးအောင် စနစ်တကျ ထိန်းသိမ်းထားနိုင်တဲ့ နည်းပညာအလွန်အားနည်းတော့ တရုတ်က မဝယ်တော့ဘူးဆိုပြီး ဖြတ်လိုက်တာနဲ့ နယ်စပ်ဒေသမှာ ဖရဲသီး၊ သခွားမွှေးသီး၊ သရက်သီး အကုန်ပုပ်ကုန်ပြီး ပျက်စီးခြင်း ဒုက္ခလှလှကြီးခံကြရတာ ဒီနေ့ထိပါပဲဗျာ"ဟု ဆိုသည်။

မြန်မာနိုင်ငံသည် ပြည်ပပို့ကုန်လယ်ယာထွက်ကုန်များ တိုးချဲ့တင်ပို့နိုင်ရန် အစီအမံများချမှတ်ဆောင်ရွက်ရန် လိုနေပြီဖြစ်သည်။ သို့ဆိုလျှင် မြန်မာနိုင်ငံတွင် ပြည်ပပို့ကုန်လယ်ယာထွက်ကုန်များ သတင်းအချက်အလက်စင်တာ နှစ်ခုကို မြန်မာပြည်အောက်ပိုင်းဒေသများအတွက် စင်တာတစ်ခုနှင့် မြန်မာပြည်အထက်ပိုင်းဒေသများအတွက် စင်တာတစ်ခုကို ခေတ်မီနည်းပညာများတပ်ဆင်၍ အမြန်ဆုံးထူထောင်ရန် လိုအပ်ပါသည်။ ထို့အတူပင် မြန်မာ့လယ်ယာထွက်ကုန်များဝယ်ယူကြသော အဓိကနိုင်ငံကြီးများ (ဥပမာ-အိန္ဒိယ၊ အာဖရိက၊ အီးယူနိုင်ငံများ)တွင်လည်း မြန်မာနိုင်ငံပိုင်ဆိုင်သည့် ပြည်ပပို့ကုန်လယ်ယာထွက်ကုန်များ သတင်းအချက်အလက်စင်တာကြီးများ တည်ထောင်ရန်လိုအပ်ပါသည်။ သို့မှသာ နိုင်ငံတကာဝယ်လက်နိုင်ငံများနှင့် ဈေးကွက်သတင်းအချက်အလက်များ အချိန်မီ (Up-to-date)ရရှိနေမည်ဖြစ်သည်။ ယခုစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် နိုင်ငံတကာ မြန်မာပိုင်ငံသံရုံးများတွင် စီးပွားရေးသံမှူးများထားရှိရုံမျှဖြင့် ပြည့်စုံလုံလောက်မှု မရှိနိုင်ပါ။

အဆိုပါသတင်းအချက်အလက်စင်တာများမှတစ်ဆင့်ပြည်တွင်းရှိ သတင်းအချက်အလက်စင်တာများနှင့် ချိတ်ဆက်ပြီး ဈေးကွက်အခြေအနေ ဈေးကွက်စူးစမ်းလေ့လာသုံးသပ်မှုအခြေအနေ၊ ထိုနိုင်ငံများ၏ ရာသီဥတုကြိုတင်ခန့်မှန်းမှုအခြေအနေ၊ သီးနှံများစိုက်ပျိုးထုတ်လုပ်ထွက်ရှိနိုင်မှု အခြေအနေ၊ ဝယ်လိုအားဖြစ်ပေါ်လာနိုင်မှု အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သိရှိရမည်ဖြစ်ပြီး မိမိနိုင်ငံအတွင်း တောင်သူလယ်သမားများသို့ သတင်း အချက်အလက်မျှဝေ၍ သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ကြိုတင်စီမံနိုင်မည်ဖြစ်သည်။

နောက်တစ်ချက်မှာ သီးနှံများ၏ ဈေးကွက်ကိုထိန်းနိုင်ရန်နှင့် အရည်အသွေးမပျက်စီးအောင်ထိန်းနိုင်ရန်အတွက် ခေတ်မီစနစ်ကျသော သိုလှောင်ရုံကြီးများ တည်ထောင်ပေးခြင်းပင်ဖြစ်သည်။ မြန်မာပြည် အထက်ပိုင်းဒေသများအတွက် မန္တလေးနှင့် မူဆယ် (၁၀၅ မိုင်)တွင် လည်းကောင်း၊ မြန်မာပြည်အောက်ပိုင်းဒေသများအတွက် ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးများတွင်လည်းကောင်း တည်ဆောက်သင့်ပါသည်။ သို့မှသာလျှင် ရိတ်သိမ်းချိန်လွန် နည်းပညာကို လိုက်နာနိုင်ပြီး မရောင်းရသေးသဖြင့် သီးနှံများ ပုပ်ပျက်သည့် ဒုက္ခမှ ကင်းဝေးနိုင်မည်ဖြစ်သည်။ ဈေးကွက်မြူးကြွချိန်မှ ထုတ်ရောင်းသည့်စနစ် များသွားနိုင်လျှင် အကျိုးအမြတ်များစွာ ရရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းဥက္ကဋ္ဌ ဦးရဲမင်းအောင်ကတော့ "ကျွန်တော်တို့ပို့ကုန်တိုးမြှင့်ရေးလုပ်တော့မယ်ဆိုရင် အဓိကလုပ်ရမယ့် သော့ချက်က သီးနှံ များရဲ့ အရည်အသွေးထိန်းသိမ်းရေး (Quality Control)နဲ့ အစားအစာဘေးကင်းလုံခြုံရေး (Food Safety) ပဲ ဖြစ်ပါတယ်။ နိုင်ငံတကာဘယ်နိုင်ငံကိုပဲ ပစ္စည်းပို့ပို့ ဒီနှစ်ချက်မပါရင် ဘယ်လောက်အရှိန်အဟုန်နဲ့ ပို့ချင်ပို့ချင် အဟန့်အတား ဖြစ်နေမှာ အမှန်ပါပဲ။ ဒါ့ကြောင့် မိမိဘက်က ထုတ်ကုန်တွေ အရည်အသွေးကောင်းကောင်း၊ ဓာတ်ကြွင်းအာနိသင်ကင်းပြီး ရိက္ခာဘေးကင်းလုံခြုံမှုရှိအောင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)နဲ့ တိတိကျကျ စိုက်ပျိုးထုတ်လုပ်ကြဖို့လိုမယ်လို့" ထောက်ပြပါသည်။

လယ်ယာစိုက်ပျိုးရေး မွေးမြူရေးနှင့် စိုက်ပျိုးရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက "လယ်ယာသီးနှံပို့ကုန်တွေ တိုးမြှင့်တင်ပို့နိုင်ဖို့ဆိုရင်တော့ လက်ရှိမှာက ပို့ကုန်ပို့ဖို့ဆိုပြီး သီးနှံအမယ်လိုက်လျာထားစိုက်ပျိုး ထုတ်လုပ်တာမရှိဘူးဆရာ၊ ထွက်လာတဲ့သီးနှံတွေကို ဈေးကွက်ရှိရင် ပို့နေတဲ့သဘောပါပဲ။ အမှန်တကယ် ပြည်ပပို့ကုန် တိုးမြှင့်ဖို့ဆိုရင် သီးနှံများကို ဟိုနားနည်းနည်း၊ ဒီနားနည်းနည်း စိုက်ပျိုးထုတ်လုပ်မယ့်အစား သီးနှံအမယ်လိုက် ဘယ်သီးနှံ ဘယ်နှတန်ပို့မယ်၊ ဘယ်နှဧကစိုက်ပျိုးထုတ်လုပ်မယ်ဆိုတာကို သေချာ Plan လုပ်ပြီး သီးနှံအမယ်လိုက် ဇုန်အလိုက် စိုက်ပျိုးဖို့လုပ်ရမှာပဲ၊ ဒီလိုစိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် သက်ဆိုင်ရာပြည်နယ်နဲ့တိုင်းဒေသကြီး အစိုးရအဖွဲ့တွေရယ်၊ ပြည်နယ်နဲ့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနတွေရယ်နှင့် ညှိနှိုင်းပေါင်းစပ်ပြီး Exporter ကြီးများ၊ ကုန်သည်ကြီးများ၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့နှင့် တောင်သူလယ်သမားကြီးများ ကန်ထရိုက်လယ်ယာစနစ်ဆောင်ရွက်နိုင်အောင် Plan ရေးဆွဲဆောင်ရွက်မှသာ အောင်မြင်နိုင်မှာဖြစ်ပါတယ်"လို့ ဆွေးနွေးပါသည်။

အရည်အသွေးအဆင့်မမီသည့်ရိက္ခာများနှင့် ဘေးကင်းလုံခြုံမှုမရှိသည့် ရိက္ခာများကြောင့် လူသားများ အဆိပ်သင့်ခံရမှုသည် စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီဖြစ်သည်။ သို့အတွက် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးမှလည်း အရည်အသွေး စံချိန်စံညွှန်းပြည့်မီပြီး၊ ဘေးကင်းလုံခြုံသည့် စားနပ်ရိက္ခာများ ထုတ်လုပ်ရေးအတွက် မူဝါဒများ၊ ဥပဒေများ၊ စည်းကမ်းသတ်မှတ်ချက်များ၊ ပြဋ္ဌာန်းသတ်မှတ်၍ နှိုးဆော်ထားပြီးဖြစ်ပါသည်။

သို့ပါ၍ လယ်ယာထွက်ကုန်သီးနှံများ ပြည်ပသို့တိုးချဲ့တင်ပို့နိုင်ရန်အတွက် အထက်ဖော်ပြပါ အစီအမံများကို အမြန်ဆုံးချမှတ်ဆောင်ရွက်ရန် အချိန်တန်နေပြီဖြစ်ပါသည်။

# စီးပွား/ကူးသန်းဝန်ကြီးဌာန ဒုဝန်ကြီး ဦးအောင်ထူး "Transformation to Digital Economy: Opportunities & Challenges" ဆွေးနွေးပွဲသို့ တက်ရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် E-Commerce လုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ကျင်းပသော "Transformation to Digital Economy: Opportunities & Challenges" ဆွေးနွေးပွဲသို့ တက်ရောက်အဖွင့် မိန့်ခွန်းပြောကြားခဲ့သည်။

ဆွေးနွေးပွဲကို ဇွန် ၂၁ ရက်က ရန်ကုန်မြို့၊ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးတွင် ပြုလုပ်ခဲ့သည်။

“ဒီနေ့ဟာ မင်္ဂလာရှိတဲ့နေ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ရှေ့ခြေတစ်လှမ်းကို စပြီးတော့ လှမ်းလိုက်တဲ့ခြေလှမ်းတစ်ရပ်လို့ပဲ ယုံကြည်ပါတယ်။ ကျွန်တော်တို့ စီးပွား/ကူးသန်းဝန်ကြီးဌာနအနေနဲ့ ပုဂ္ဂလိကကဏ္ဍကို ယုံကြည်ပါတယ်။ တိုးတက်မှုအများကြီးကိုလည်း ဖန်တီးနိုင်မယ်လို့လည်း ယူဆပါတယ်။ ပုဂ္ဂလိကကဏ္ဍထဲမှာ Digital Economy ဟာ နောက်ဆုံးပေါ်ပေါက်လာတဲ့ကဏ္ဍတစ်ခု ဖြစ်ပါတယ်။ ဒီကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အများကြီးအထောက်အကူဖြစ်မှာ ဖြစ်တဲ့အတွက် Transformation to Digital Economy မှာ Opportunities တွေကို ဘယ်လို အသုံးချမလဲ၊ Challenges တွေကို ဘယ်လို Overcome လုပ်မလဲ။ Opportunities နဲ့ Challenges ပေါင်းပြီး ကျွန်တော်တို့အတွက် အကောင်းဆုံးအကျိုးရှိအောင် ဘယ်လိုအသုံးချမလဲ စဉ်းစားဖို့ အချိန်တန်နေပြီလို့ ပြောကြားလိုပါတယ်”ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဦးအောင်ထူးက ပြောကြားသည်။




ထို့နောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများကို ဒီဂျစ်တယ်အသွင်ကူးပြောင်းလုပ်ကိုင်မှု အတွေ့အကြုံများ၊ အခွင့်အလမ်းများ၊ စိန်ခေါ်မှုများနှင့် ဒစ်ဂျစ်တယ်ငွေပေး ချေမှုဆိုင်ရာ အဓိက အသုံးပြုမှုစနစ် စသည့် ဒီဂျစ်တယ် စီးပွားရေးအသွင် ကူးပြောင်းမှုများကို ဌာနဆိုင်ရာအရာရှိများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ Myanmar Digital Economy Association တို့က ကြီးမှူးကျင်းပခဲ့ခြင်း ဖြစ်သည်။

**သန်းထိုက်အောင်**

# ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မည်

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် (MCEF) နှင့် European Chamber of Commerce of Myanmar(EuroCham) တို့သည် မြန်မာ-ဥရောပ ဆောက်လုပ်ရေးနှင့်အခြေခံအဆောက်အအုံရေရှည် တည်တံ့ဖွံ့ဖြိုးရေးအတွက် ပူးပေါင်း ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို MCEF ခန်းမတွင် ဇွန် ၁၈ ရက်က ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

ယခုနားလည်မှုစာချွန်လွှာအရ အပြန်အလှန် လုပ်ဆောင်ချက်ရှစ်ရပ်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်(MCEF)က တင်ပြသော ပူးပေါင်းဆောင်ရွက်ချက်လေးရပ်မှာ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပတ်သက်၍ အသိပညာနှင့်အတွေ့အကြုံ ဖလှယ်ခြင်း၊ မူဝါဒရေးဆွဲသည့် လုပ်ငန်းစဉ်နှင့်ပတ်သက်သည့် သတင်းအချက်အလက်မျှဝေခြင်း၊ နှစ်ဦးနှစ်ဖက် ဆက်သွယ်လုပ်ဆောင်ရေးလွယ်ကူချောမွေ့စေရန်အတွက် ဆောက်လုပ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ထောက်ခံတိုက်တွန်းအားပေးသည့်အဖွဲ့နှင့် သုံးလတစ်ကြိမ်ခန့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခြင်း၊ ဆောက်လုပ်ရေးဆိုင်ရာ ထောက်ခံတိုက်တွန်းအားပေးသည့်အဖွဲ့မှ ပင်ကိုစွမ်းရည်ရှိသူများ ရှာဖွေစုံစမ်းမေးမြန်းမှုများကိုဆန်းစစ်ခြင်း တို့ဖြစ်ကြောင်း သိရသည်။ European Chamber of Commerce of Myanmar (EuroCham) မှ တင်ပြသည့် ပူးပေါင်းဆောင်ရွက်ချက်လေးရပ်မှာ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပတ်သက်၍ အသိပညာနှင့် အတွေ့အကြုံဖလှယ်ခြင်း၊ ပုဂ္ဂလိကကဏ္ဍနှင့် ဆွေးနွေးညှိနှိုင်းခြင်းအကြံပေးခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပတ်သက်သည့် မူဝါဒများအကြံပြုခြင်း၊ အလုပ်သင်၊ ပုံမှန်လစ်လပ်သောရာထူးများနှင့် ပတ်သက်သည့်အချက်အလက်များ ဖော်ထုတ်ပြောကြားခြင်းတို့ဖြစ်ကြောင်း သိရသည်။

ယခုအခမ်းအနားသို့ MCEF ဥက္ကဋ္ဌဦးရှိန်ဝင်း၊ ဒုဥက္ကဋ္ဌ ဦးကျော်ပိုင်၊ ဗဟိုအလုပ်အမှုဆောင်များနှင့် ပြည်တွင်း၊ ပြည်ပဆက်ဆံရေးကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး European Chamber of Commerce of Myanmar မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# ရန်ကုန်တိုင်း ဒေသကြီးအတွင်း သစ်ပင်ပေါင်း ခြောက်သောင်းကျော် စိုက်ပျိုးသွားမည်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၃ မြို့နယ်တွင် ယခုနှစ်အတွင်း သစ်ပင်ပေါင်း ခြောက်သောင်းကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးခြင်းကို သစ်တောဦးစီးဌာနနှင့် ဂရင်းဖြူစင်အသင်းတို့ ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ပြီး လူတစ်ယောက်အသက်ရှင်ရန်အတွက် သစ်ပင်လေးပင် လိုအပ်သည်ဆိုသည့် ရည်ရွယ်ချက်နှင့်အညီ ပူးပေါင်းလုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

“ရန်ကုန်တိုင်း တစ်တိုင်းလုံးစာအတွက်ဆို သစ်ပင်ပေါင်း ငါးသိန်းခွဲလောက်ရှိပေမယ့် တစ်မြို့နယ်ကို အပင်နှစ်ထောင်နှုန်းနဲ့ စိုက်သွားမှာပါ။ ပထမအကြိမ် စိုက်ပြီးသွားပါပြီ။ အခုက အထက (၂) စမ်းချောင်းမှာ စိုက်တာပါ။ နောက်ထပ် လှော်ကားဥယျာဉ်နဲ့ ရွှေတိဂုံဘုရားတို့မှာ ထပ်စိုက်သွားမှာပါ”ဟု ရန်ကုန်တိုင်း အနောက်ပိုင်းခရိုင်၊ သစ်တောဦးစီဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်သီတာထွန်းက ပြောသည်။

ထိုကဲ့သို့ လုပ်ဆောင်ခြင်းကို အရပ်ဖက် အဖွဲ့အစည်း၊ သစ်တောဦးစီးဌာန၊ အစိုးရမဟုတ်သော အဖွဲ့အစည်း၊ ရဲတပ်ဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စည်ပင်သာယာရေးဌာနနှင့် အစိုးရအဖွဲ့အစည်းတို့မှ ပူးပေါင်းစိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

“အန်တီတို့အသင်းအဖွဲ့အနေနဲ့ ပြည်တွင်းမှာ သဘာဝဘေးအန္တရာယ် မကျရောက်ဖို့အတွက် တတ်နိုင်တဲ့ဘက်ကနေ ကူညီမှုတွေလုပ်ဆောင်နေပါတယ်”ဟု ဂရင်းဖြူစင်အသင်းဥက္ကဋ္ဌ ဒေါ်သိန်းသိန်းက ပြောသည်။

ဂရင်းဖြူစင်အသင်းအဖွဲ့အစည်းသည် လူအင်အား ၂၁၀ ဝန်းကျင်ဖြင့် ၂၀၁၅ ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးရာတွင်လည်း မြေနေရာလိုအပ်ချက်များရှိသလို၊ အပင်များကြီးထွားရှင်သန်ရန်အတွက် ဂရုစိုက်မှုများပြုလုပ်ရန် လိုအပ်ကြောင်း သိရသည်။

**ချောစု**

# ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မြန်မာ့ခရီးသွားဘဏ်မှ ငွေထုတ်ချေးပေးမည်

ပြည်တွင်းရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မြန်မာ့ခရီးသွားဘဏ်မှ ချေးငွေများကို စတင်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ချေးငွေထုတ်ချေးရာတွင် လုပ်ငန်းအမျိုးအစားပေါ် မူတည်၍ ချေး ငွေများပေးအပ်သွားမည်ဖြစ်ပြီး ချေးငွေပမာဏမှာလည်း ကွာခြားသွားမည်ဖြစ်ကြောင်း သိရသည်။

“ချေးငွေကတော့ စချေးလို့ရနေပါပြီ။ ကျွန်တော်တို့ဘက်က ချေးငွေနဲ့ပတ်သက်တဲ့ Product တွေလည်း အားလုံးအဆင်သင့် ဖြစ်နေပါပြီ။ စိတ်ဝင်စားတဲ့သူတွေအနေနဲ့လည်း တင်ပြလို့ရပါတယ်။ လိုအပ်ချက်တွေရှိခဲ့ရင်လည်း ပြင်ဆင်နိုင်အောင်လို့ဆောင်ရွက်ပေးနေပါတယ်။ Client ရဲ့ စိတ်ဝင်စားတာနဲ့ ကျွန်တော်တို့ဘက်က ပရောဂျက်က ကိုက်ညီတယ်ဆိုရင် အသေးစိတ်ဆွေးနွေးပြီးတော့ ချေးပေးသွားမှာပါ။ လုပ်ငန်းပိုင်းဆိုင်ရာ မြန်ဆန်အောင်လည်း လုပ်ဆောင်ထားပါတယ်”ဟု မြန်မာ့ခရီးသွားဘဏ်မှ မန်နေဂျင်းဒါရိုက်တာ ဦးဘိုဘိုဝေမောင်က ပြောသည်။

လက်ရှိတွင် ခရီးသွားလုပ်ငန်းများအတွက် ချေးငွေဝန်ဆောင်မှုလုပ်ငန်း ငွေကြေးလည်ပတ်နိုင်စေရန် Demand Site နှင့် Supply Site ဟူ၍ အပိုင်းနှစ်ပိုင်းခွဲကာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ခရီးသွားလုပ်ငန်းများသာမက နိုင်ငံခြားခရီးသွားမည့် သူများ၊ ပြည်တွင်းခရီးသွားမည့် သူများအတွက်ကိုလည်း ဝန်ဆောင်မှုပေးအပ် သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ခရီးသွားဘဏ် (MTB) အနေဖြင့် Team Loans, Overdraft, hire purchase, SMEs, Home Loans, Staff Loans, Travel Loans နှင့် Education Loans အစရှိသော ချေးငွေအမျိုးအစားကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး Cash Flow နှင့် Risk အပေါ်မူတည်၍ အတိုး နှုန်းသတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

# Potential of Myanmar Stock Market ဟောပြောပွဲ ပြုလုပ်မည်

Myanmar Securities Exchange Centre ကုမ္ပဏီက စီစဉ်ကျင်းပသော Potential of Myanmar Stock Market ဟောပြောပွဲကို ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်စတော့အိတ်ချိန်းဆွေးနွေးပွဲခန်းမ၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ယခုဟောပြောပွဲသို့ တက်ရောက်သူများအနေဖြင့် ရင်ခုန်စိတ်လှုပ်ရှားဖွယ် Game အစီအစဉ်တွင် ပါဝင်နိုင်မှာဖြစ်ပြီး Game Winner ငါးဦးကို တစ်ဦးလျှင် ကျပ်၃၀၀၀၀ ချီးမြှင့်မည်ဖြစ်ပြီး ဆုပေးအပ်မည့် အစီအစဉ်၊ ဆုခံစားခွင့်ရှိသူအား ဟောပြောပွဲတွင် အသေးစိတ် ကြေညာမည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲတက်ရန်အတွက် ဖုန်း- ၀၁ -၃၇၆၈၂၂လိုင်းခွဲ (၁၀၅၊ ၁၀၇ )သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းကို မြန်မာ့စီးပွားရေးဘဏ်၊ ဂျပန်နိုင်ငံမှ Diawa Institute of Research နှင့် Japan Exchange Group တို့ ပူးပေါင်းတည်ထောင်ခဲ့သည်။

လက်ရှိအချိန်တွင် ရန်ကုန်စတော့ အိတ်ချိန်းတွင် FMI,MTSH,MCB, FPB နှင့် TMH အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိသည်။ **သန်းထိုက်အောင်**

# စားသုံးသူများ အန္တရာယ်ကင်းဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

မုံရွာခရိုင် အရာတော်မြို့နယ်သည် ရပ်ကွက်/ကျေးရွာအုပ်စု ၄၁ အုပ်စု၊ ကျေးရွာပေါင်း ၁၅၅ ရွာရှိပြီး လူဦးရေ ၁၆၀၀၆၆ ကျော်နေထိုင်လျက်ရှိသည်။ ယခင်ကအရာတော်မြို့နယ်မှာ ရွှေကိုမလို ရေကိုလိုသည်ဆိုသည့် ဒေသသည် ယခုအခါ ဒေသထွက်ကုန်ဖြစ်သော အရာတော်သနပ်ခါးနှင့် လျှော်ဖြူစီးပွားဖြစ် စိုက်ပျိုးထွက်ရှိမှုကြောင့် စီးပွားရေးအဆင်ပြေတိုးတက်လာပြီဖြစ်သဖြင့် အရာတော်မြို့နယ်သည် စစ်ကိုင်းတိုင်းဒေသကြီးအတွက် ဂုဏ်ယူစရာမြို့နယ်တစ်ခုဖြစ်ခဲ့သည်။ ယခုအခါ အရာတော်မြို့နယ်အနေဖြင့် သရက်ကိုတိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

အရာတော်မြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံအနေဖြင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ရပ်ကွက်ကျေးရွာများ၌ ၂၀၁၈ ခုနှစ်တွင် စားသုံးသူအသိပညာပေးဟောပြောသည့်အကြိမ်ပေါင်း (၂၈)ကြိမ်၊ ကျောင်းမုန့်ဈေးတန်း စစ်(၈)ကြိမ်၊ ဈေးစစ်(၈)ကြိမ်၊ မြို့နယ်တွင်းလုပ်ငန်းရှင်နှင့် တွေ့ဆုံခြင်း (၇)ကြိမ်၊ စက်ရုံအလုပ်ရုံကုန်ထုတ်လုပ်မှု အဆင့်ဆင့် တွေ့ဆုံဆွေးနွေးခြင်း (၆)ကြိမ်၊ အသင်းအဖွဲ့ /အစုအဖွဲ့ ဖွဲ့စည်းခြင်း (၂)ကြိမ်၊ ဖွဲ့စည်းပြီးဖြစ်သော အသင်းအစုအဖွဲ့များ ရှင်သန်မှုနှင့် လက်ရှိအခြေအနေ တွေ့ဆုံဆွေးနွေးခြင်း(၄)ကြိမ်တို့ကို ကွင်းဆင်း ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အရာတော်မြို့နယ် စားသုံးသူပြည်သူဦးရေ ၆၃၆၆ ကျော်လွှမ်းခြုံနိုင်ခဲ့ပြီး စားသုံးသူရေးရာ ဦးစီးဌာန၏ လက်ကမ်းစာစောင်များ ၁၀၅၆ စောင် ဖြန့်ဝေနိုင်ခဲ့သည်။

ဇွန် ၁၁ ရက်တွင် ကျန်းမာရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရပ်/ကျေးဥက္ကဋ္ဌ၊ ဆရာ/ဆရာမများနှင့် အတူပူးပေါင်း၍ ကျောင်းသား/သူများနှင့် မိဘပြည်သူများအား စားသုံးသူကာကွယ်ရေး ဟောပြောဆွေးနွေးပွဲပြုလုပ်ခြင်း၊ သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းတို့အား အတူပူးပေါင်းဆောင်ရွက်ခဲ့သည်။ ဇွန် ၁၈ ရက်တွင်လည်း စားသုံးသူရေးရာ ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ် လျှပ်စစ်၊ ရပ်ကွက်ဥက္ကဋ္ဌများအတူ ပူးပေါင်း၍ အရာတော်မြို့ပေါ်ရှိ စားသောက်ကုန်ရောင်းချသော ဈေးဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့သည်။ ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စားသုံးသူများအတွက် စားသုံးရန် မသင့်အစားအစာများ၊ ကုန်ပစ္စည်းများ၊ သက်တမ်းလွန်အစားအစာများ၊ ဓာတုဆိုးဆေးများ၊ လျှပ်စစ်ပစ္စည်းများ၊ ကျန်းမာရေးအရခြင်ပေါက်ပွားနိုင်သည့်ရေအိုရေဟောင်းများစွန့်ပစ်ရာတွင် ရေလမ်းကြောင်းကောင်းမကောင်း၊ ပိုးလောက်လန်းများမရှိစေရေးနှင့် ဂက်စ်မီးဖိုများ စနစ်တကျသုံးစွဲနိုင်ရေးတို့အတွက် မိတ်ဖက်ဌာနများနှင့်အတူ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာ ဦးစီးဌာန၊ မြို့နယ်တာဝန်ခံက မိမိတို့ဌာနမှ (၂၀၁၉)ဥပဒေအရ စီးပွားရေးလုပ်ငန်းရှင်များလိုက်နာရမည့်တာဝန်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ လုံခြုံစိတ်ချရမှုရှိစေရေး၊ တားမြစ်ကုန်ပစ္စည်းများ ဈေးကွက်အတွင်းဖြန့်ဖြူး ရောင်းချခြင်းမရှိစေရေး၊ မိမိတို့ ကုန်ပစ္စည်းများအပေါ် တာဝန်ယူမှု တာဝန်ခံမှုရှိစေရေး၊ ကုန်စည်ဝယ်ယူသူနှင့် ရောင်းချသူများ ငွေပေးချေမှုပြေစာများ တောင်းခံကြရန်နှင့် ကြော်ငြာနှင့်မကိုက်ညီဘဲ နစ်နာဆုံးရှုံးမှုဖြစ်ပေါ်ပါက စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာခရိုင်ဦးစီးမှူးရုံး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သို့ တိုင်ကြားနိုင်ကြောင်း ရှင်းလင်းဆွေးနွေးပြီး စားသုံးသူရေးရာဦးစီးဌာန ရည်မှန်းချက်၊ မျှော်မှန်းချက်အတိုင်း မြို့နယ်အတွင်းရှိ လူဦးရေအားလုံးအား လွှမ်းခြုံနိုင်ရေးအတွက် စားသုံးသူများ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ဆွေးနွေးပြောကြားပြီး ဌာနလက်ကမ်းကြော်ငြာများ ဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။

**ဒေလီ (အရာတော်)**

## အိန္ဒိယအစိုးရက ပဲစင်းငုံ ဝယ်ယူမည့်ပမာဏ နှစ်ဆတိုးမြှင့်၊ ပြည်တွင်း၌ ပဲစင်းငုံလက်ကျန် တန်ချိန် ငါးသောင်းဝန်းကျင်သာရှိ

အိန္ဒိယနိုင်ငံအစိုးရက ပြည်ပမှပဲစင်းငုံတင်သွင်းခွင့်ပမာဏကို ထပ်မံ တိုးမြှင့်လိုက်သော်လည်း မြန်မာနိုင်ငံတွင် ရောင်းချနိုင်သည့် ပဲစင်းငုံပမာဏမှာ တန်ချိန် ငါးသောင်းဝန်းကျင်သာ ကျန်ရှိနေကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ သိရသည်။

“တစ်နှစ်လုံးလို့ ပြောထားရာကနေ အောက်တိုဘာ ၃၁ ရက်နောက်ဆုံးထားပြီး ပစ္စည်းကို အိန္ဒိယဆိပ်ကမ်းကို အရောက်ပို့ရမယ်ဆိုပြီး ထုတ်ပြန်တယ်။ မြန်မာနိုင်ငံမှာက ခက်တာက ပဲစင်းငုံလက်ကျန်က တော်တော် နည်းသွားပါတယ်။ ပြည်တွင်းမှာ တန်ချိန် ငါးသောင်းဝန်းကျင်လောက်ပဲ မှန်းတဲ့အခါကျတော့ နောက်ထပ် တန်ချိန်နှစ်သိန်း တိုးသည့်တိုင်အောင် ရောင်းနိုင်တဲ့ ပမာဏသိပ်မရှိဘူး” ဟု အဆိုပါအသင်းအတွင်းရေးမှူး ဦးမင်းကိုဦးက ဇွန် ၂၀ ရက်တွင် ပြောသည်။

၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ အစိုးရက ပဲစင်းငုံတန်ချိန်နှစ်သိန်း၊ မတ်ပဲနှင့် ပဲတီစိမ်း တန်ချိန် တစ်သိန်းခွဲကို ပြည်ပမှ တင်သွင်းရန် ပြီးခဲ့သည့် ဧပြီလက ခွင့်ပြုပေးခဲ့သော်လည်း လိုအပ်ချက်ရှိသည်ဟုဆိုကာ ယခု ဇွန်လအတွင်း ပဲစင်းငုံတန်ချိန် နှစ်သိန်းခန့် ထပ်မံတင်သွင်းရန် ကြေညာခဲ့သည့် အတွက် စုစုပေါင်းတန်ချိန် လေးသိန်းခန့်ကို အောက်တိုဘာလ နောက်ဆုံးထားကာ တင်သွင်းသွားမည်ဖြစ်ကြောင်း ဦးမင်းကိုဦးကပြောသည်။

အဆိုပါ နိုင်ငံသည် ကမ္ဘာတွင် ပဲအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံဖြစ်သကဲ့သို့ ပဲစားသုံးမှု အများဆုံး နိုင်ငံလည်းဖြစ်ကာ နိုင်ငံ၏ မူဝါဒ အပြောင်းအလဲများနှင့် ပဲအထွက်နှုန်း မြင့်မားခြင်း၊ လျော့နည်းခြင်းက မြန်မာနိုင်ငံ၏ ပဲဈေးကွက်ကိုသာမက နိုင်ငံတကာပဲဈေးကွက်အတွင်းရှိ ပဲဈေးများအပေါ်လည်း ရိုက်ခတ်မှုရှိသည်ဟု ဆိုသည်။

“သူတို့ အိန္ဒိယအစိုးရ အနေနဲ့က စားသုံးသူတွေ ဈေးနှုန်း သိပ်မကြီးမြင့်အောင်၊ စိုက်ပျိုးတဲ့ တောင်သူလည်း ဈေးရအောင် လုပ်ရှားတဲ့ ပုံစံမျိုးဖြစ်နေတာ။ အဲတော့ ပဲဈေးကွက်အပေါ်မှာ ထဲထဲဝင်ဝင် အခုလိုမျိုး လိုရင်လိုသလို ကိုတာကိုတင်မယ် လျှော့မယ်ဆိုတာကတော့ အိန္ဒိယနိုင်ငံကို မှီခိုပြီးစိုက်ပျိုးတဲ့ ပဲတွေအပေါ်မှာ အန္တရာယ်တော့ ရှိတာပေါ့”ဟု ၎င်းက သုံးသပ်သည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံဘက်မှ မြန်မာ့ပဲများကို အနည်းငယ်ချင်းစီ စတင်ဝယ်ယူနေပြီဖြစ်ရာ ရန်ကုန်ပဲ ဈေးကွက်၌ မတ်ပဲ၊ ပဲစင်းငုံ ဈေးနှုန်းများမှာ ဈေးနှုန်းအမြင့်ဘက်ကို ဦးတည်လျက် ရှိနေကြောင်း ၎င်းက ပြောသည်။ ဈေးကွက်အတွင်း ယခုဇွန်လ ပထမပတ်က တစ်တန်လျှင် ကျပ် ၉၅၀၀၀၀ ခန့်ရှိသော ပဲစင်းငုံမှာ ဇွန်လ ၁၈ ရက်တွင် ကျပ် ၉၇၀၀၀၀ ဝန်းကျင်သို့ မြင့်တက်လာသည့်အပြင် မတ်ပဲဈေးနှုန်းမှာလည်း တစ်တန်လျှင် ကျပ် ၈၆၀၀၀၀ မှ ကျပ် ၈၈၄၀၀၀ သို့မြင့်တက်လျက်ရှိကြောင်း ၎င်းကပြောသည်။

အလားတူ တရုတ်ဈေးကွက်သို့ ၆၀ ရာခိုင်နှုန်းထိ အဓိကထား တင်ပို့နေသည့် ပဲတီစိမ်း ဈေးနှုန်းမှာလည်း ပြည်တွင်းဈေးကွက်တွင် တစ်တန်လျှင် ကျပ် ၁၁ သိန်းကျော်နှင့် ၁၄ သိန်းအကြား ဈေးရှိနေကြောင်း ၎င်းကပြောသည်။ ၂၀၁၇ ခုနှစ်မှစ၍ အိန္ဒိယအစိုးရက အမျိုးသားအကျိုးစီးပွားကို ကာကွယ်ရန် ပြည်ပမှ ပဲစင်းငုံအပါအဝင် မတ်ပဲ၊ ပဲတီစိမ်း တင်သွင်းမှုပမာဏကို တန်ချိန် ကန့်သတ်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံအတွင်း ပဲဈေးနှုန်းများ ကျဆင်းကာ တောင်သူများ အရှုံးပေါ်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ အိန္ဒိယအစိုးရက ဝယ်ယူတင်သွင်းမှု ကန့်သတ်ထားသည့် မတ်ပဲနှင့် ပဲစင်းငုံသီးနှံ စိုက်ပျိုးမှုများကို ပြည်တွင်း၌ လျှော့ချစိုက်ပျိုးခဲ့သည့်အတွက် ယခုနှစ်တွင် စိုက်ဧက ကျဆင်းသွားခဲ့ကြောင်း သိရသည်။

**ပန်းဆု**

## မောင်းမကန်ကျေးရွာရှိ မောင်းမကန်ဈေး၊ အလှကုန်ပစ္စည်းဆိုင်များနှင့် ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြော

တနင်္သာရီ တိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဇွန် ၁၁ ရက်တွင် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များနှင့် ပူးပေါင်း၍ မောင်းမကန်ကျေးရွာ၊ မောင်းမကန်ဈေးအတွင်းရှိဈေးဆိုင်များတွင် အများပြည်သူစားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချနေမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်း၊ သံသယရှိ အစားအသောက်များအား နမူနာများဝယ်ယူ၍ Mobile Lab Van တွင်ပါရှိသော Rapid Test Kit များဖြင့် အစားအသောက် နမူနာများအား ဓာတ်ခွဲစစ်ဆေးခြင်းများ ဆောင်ရွက်ခြင်း၊ ကျေးရွာအတွင်းရှိ ဆေးဆိုင်များနှင့် အလှကုန်ပစ္စည်းဆိုင်များတွင် သက်တမ်းလွန်နှင့် သုံးစွဲရန်မသင့်ကြော်ငြာထားသော ဆေးဝါးများ၊ ဆေးပစ္စည်းများ၊ အလှကုန်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အလှကုန်ပစ္စည်းဆိုင် သုံးဆိုင်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သုံးစွဲရန်မသင့် ကြော်ငြာထားသော အလှကုန်ပစ္စည်းများ တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့ပြီး နောက်နောင်ရောင်းချခြင်း မပြုရန် ခံဝန်ကတိ လက်မှတ်ရေးထိုးစေခဲ့သည်။

ဆက်လက်၍ မောင်းမကန် ကမ်းခြေ သာယာလှပရေးကော်မတီရုံး အစည်းအဝေးခန်းမတွင် စားသောက်ဆိုင်ရောင်းချသူများအား တနင်္သာရီ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးကျော်မင်းက စားသုံးသူ ကာကွယ်ရေး ဥပဒေသစ်ပါ ပြဌာန်းချက်များကို စီးပွားရေးလုပ်ငန်းရှင်များမှ နားလည်သဘောပေါက်ပြီး သိရှိလိုက်နာဆောင်ရွက်သွားရန်ရည်ရွယ်၍ အသိပေး ရှင်းလင်းဆွေးနွေခဲ့သည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်မေသန်းနိုင်က ဌာန၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ၊ အများပြည်သူသုံးစွဲရန် မသင့်ကြော်ငြာထားသောအလှကုန်၊ ဆေးဝါး၊ စားသောက်ကုန်ပစ္စည်းများ အကြောင်းကိုလည်းကောင်း၊ အစားအစာများ ထားသိုရာတွင် စနစ်တကျသန့်ရှင်းစွာထားရှိရန်၊ ချက်ပြုတ်ပြင်ဆင်ရာတွင် လိုက်နာရမည့် နည်းလမ်းများကိုလည်းကောင်း အသိပညာပေး ဟောပြောဆွေးနွေးခဲ့သည်။

**ရွှေဝယ်သား**

## ယင်းမာပင်ခရိုင်၌ စတုတ္ထအကြိမ် စားသုံးရန်မသင့် သက်တမ်းလွန်ကုန်ပစ္စည်းများ မီးရှို့/မြေမြှုပ်ခြင်းဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ ဇွန် ၁၈ ရက်တွင် ယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနရုံးဝင်းအတွင်း စတုတ္ထအကြိမ် သက်တမ်းလွန်၊ မှိုတက်၊ စားသုံးရန် မသင့် သိမ်းဆည်းပစ္စည်းများအား မီးရှို့ / မြေမြှုပ် ဖျက်ဆီးခြင်း ဆောင်ရွက်ရာ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ၊ ခရိုင်မြို့နယ်ဌာနဆိုင်ရာများ၊ ဈေး၊ ရပ်ကွက်စားသုံးသူအဖွဲ့ဝင်များ၊ စုစုပေါင်း ၂၄ ဦး တက်ရောက်ကြောင်း သတင်းရရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနသည် ခရိုင်အတွင်းရှိ မြို့နယ်လေး မြို့နယ်မှ ကျောင်း၊ ဈေး၊ ရပ်ကွက်ရှိ ကုန်မျိုးစုံဆိုင်၊ စားသောက်ဆိုင်များအား အငြင်းပွားအဖွဲ့ဝင်များ သက်ဆိုင်ရာမြို့နယ်အတွင်းရှိ မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ မတ်၊ ဧပြီ၊ မေ၊ ဇွန်လများအတွင်း ဈေးကွက်စောင့်ကြည့် ကွင်းဆင်းစစ်ဆေးခြင်း၊ ရှောင်တခင် စစ်ဆေးခြင်း တွေ့ရှိသည့် သက်တမ်းလွန်၊ မှိုတက် စားသောက်ကုန်များ FDA အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စားသုံးရန်မသင့် ကြော်ငြာထားသည့် ပစ္စည်းများ ရောင်းချနေခြင်း၊ တွေ့ရှိသည်များကို သိမ်းဆည်း၍ ခရိုင်စားသုံးသူအငြင်း ပွားမှု ဖြေရှင်းရေးဆုံးဖြတ်ချက်နှင့် အတူ စားသုံးသူများ ဘေးကင်းလုံခြုံစိတ်ချရမှုရှိစေရန် မီးရှို့/မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။ **ခိုင်မို့မို့ (မြင်းမူ)**

Vol: 19, No.23 Monday June 24 2019

# မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ (၂)ဈေးနှင့် (ဃ) ဈေးတို့တွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူးဦးဆောင်သော အဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ(၂) ရပ်ကွက်ဈေးနှင့် (ဃ) ဈေးတို့မှ စည်ပင်ဈေးတာဝန်ခံနှင့် ဝန်ထမ်းအဖွဲ့တို့ ပူးပေါင်း၍ ဈေးတာဝန်ခံရုံးအသီးသီးတို့တွင် ၎င်းတို့ဈေးများ၌ လက်လီလက်ကားရောင်းချလျက်ရှိသော ဈေးသူ/ဈေးသားများအား ဇွန်လဒုတိယပတ်အတွင်း စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ကြသည်။




အဆိုပါဟောပြောပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဦးစီးအရာရှိ ဒေါ်နွယ်ဇင်ဝင်းက စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ကုန်စည်နှင့် စပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ အာမခံချက်နှင့် စပ်လျဉ်း၍ စားသုံးသူက တောင်းဆိုနိုင်သည့် အခွင့်အရေး စသည့်အချက်များ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ပြဌာန်းလိုက်သော ဥပဒေအသစ်တွင်ပါဝင်သည့် ဥပဒေအခန်း(၁၈) ပါကုန် အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် ပတ်သက်သော ပြဌာန်းချက်များသည် ဤဥပဒေကို ထုတ်ပြန်ပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့်နေ့ရက်မှ စတင်အာဏာတည်စေခြင်း၊ အခန်း (၁၉)ပါ တိုင်ကြားခြင်းနှင့် စိစစ်ညှိနှိုင်းဖြေရှင်းဆောင် ရွက်ခြင်း၊ အခန်း(၂၀) ပါစီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း၊ အခန်း(၂၃)ပါ တားမြစ်ချက်များ၊ အခန်း(၂၄) ပါပြစ်မှုပြစ်ဒဏ်များ စသည့် အချက်အလက်များအား အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး လက်လီရောင်းချလျက်ရှိသော ဈေးသူ/ဈေးသားများအနေဖြင့် တစ်ဆင့်ပြန်လည်ထုပ်ပိုးလိုက်သော ကုန်ပစ္စည်းများကို မိမိတို့၏ ကုန်အညွှန်းအမှတ်အသား ထည့်သွင်းထုတ်ပိုးရောင်းချမှသာ စားသုံးသူအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိမည်ဖြစ်ကြောင်း နှင့် ဥပဒေပါအကြောင်းအရာတို့ကို အကျယ်တဝင့်ရှင်းပြဆွေးနွေးခဲ့ပြီး တက်ရောက်သူ ဈေးသူ/ဈေးသားများနှင့် ဈေးတာဝန်ခံတို့မှ သိလိုသည့်မေးမြန်းချက်များကို ပြန်လည်ဖြေရှင်းပေးခဲ့သည်။

ဆက်လက်၍ မြောက်ဥက္ကလာပမြို့နယ် (၂) ရပ်ကွက်ဈေးတာဝန်ခံက မိမိတို့ဈေးသူ/ဈေးသားများအနေဖြင့် တစ်ဆင့်ပြန်လည် ထုပ်ပိုးပြုပြင်ရောင်းချနေခြင်းအပေါ် ကုန်အညွှန်းအမှတ်အသားများ ထည့်သွင်းရောင်းချကြစေလိုကြောင်း၊ ၎င်းကိစ္စကိုအထူးဂရုပြုကြစေလိုကြောင်းနှင့် ယခုလို ဈေးသူ/ဈေးသားများအမှန်တကယ် သိရှိထားရမည့် အချက်များ၊ သိလိုသည့်အချက်များအား အသေးစိတ်ဟောပြောဆွေးနွေးရှင်းလင်းပေးခဲ့ပါသော ရန်ကုန်အရှေ့ပိုင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူးဦးဆောင်သောအဖွဲ့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

ထို့နောက် (၂) ရပ်ကွက်ဈေးနှင့် (ဃ) ဈေးတို့တွင် လက်လီလက်ကားရောင်းချလျက်ရှိသော ကုန်ခြောက်ဆိုင်ကြီးများ၊ ကုန်မျိုးစုံ၊ မုန့်မျိုးစုံဆိုင်များရှိ ကုန်ပစ္စည်းများတွင် စားသုံးသူဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိစေရေးတို့အတွက် ပူးပေါင်းအဖွဲ့နှင့် စစ်ဆေးခဲ့ပြီး ဈေးဝယ်လာသူများနှင့် ဈေးသူ/ဈေးသားများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင်မင်း (ရန်ကုန်)**

# ငါးလုပ်ငန်းသင်တန်းကျောင်းတွင် စားသုံးသူကာကွယ်ရေးအသိပညာပေးဟောပြော

စစ်ကိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် စစ်ကိုင်းခရိုင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၊ ခရိုင်ငါးလုပ်ငန်း သင်တန်းကျောင်း (အထက်မြန်မာပြည်)တွင် စားသုံးသူ ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၈ ရက်တွင် ကျင်းပခဲ့ပြီး အခမ်းအနားသို့ သင်တန်းသူ/သားများ စုစုပေါင်း ၂၃ ဦး တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် စစ်ကိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးတင်အောင်ကျော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) ပြဌာန်းချက်များပါ စားသုံးသူရရှိမည့် အခွင့်အရေးနှင့်လိုက်နာရမည့် တာဝန်များအကြောင်း၊ လုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်နှင့်တားမြစ်ချက်များ၊ ကုန်အညွှန်းအမှတ်အသား ဖော်ပြချက်များ၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ မိမိတို့ ဌာနတွင် ဖွင့်လှစ်ထားရှိသည့် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) ၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းဆွေးနွေးပြီး စားသုံးသူတို့၏ အခွင့်အရေးနှင့် နစ်နာ ဆုံးရှုံးမှုများ ကြုံတွေ့လာပါက (CICC)သို့ တိုင်ကြားနိုင်ကြောင်း၊ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်း ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ စစ်ကိုင်းမြို့နယ်တာဝန်ခံ ဒုတိယ ဦးစီးမှူး ဦးခင်မောင်ဝင်းက FDA မှ စားသုံးမသင့် ထုတ်ပြန်ထားသော စားသောက်ကုန်များအကြောင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံး၏ ဆောင်ရွက်နေသည့် စားသုံးသူကာကွယ်ပေးရေး လုပ်ငန်းများအကြောင်း ဟောပြောဆွေးနွေးခဲ့ကြပြီး လက်ကမ်းစာစောင်များ ပေးဝေခဲ့သည်။ **ယဉ်အောင် (စစ်ကိုင်း)**

# မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း(ကချင်ပြည်နယ်) မှ အသင်းသူ/အသင်းသားများအား စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဌာန်းချက်များ ရှင်းလင်းဆွေးနွေး

ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း (ကချင်ပြည်နယ်)မှ အသင်းဝင်များအား စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့်ဥပဒေပုဒ်မများ ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၁၄ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဦးစီးမှူး ဦးဖေသန်းဝင်းက ၂၀၂၀ ပြည့်နှစ်၊ မတ် ၁၆ ရက်တွင် စတင်အာဏာ သက်ရောက်မည့် စားသုံးသူ ကာကွယ်ရေး ဥပဒေအခန်း(၁၈)ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် ပတ်သက်သည့် ပုဒ်မ ၄၁၊ ၄၂၊ ၄၃ တွင် ပါရှိသော ပြဌာန်းချက်များကို အသေးစိတ်ရှင်းလင်း ဆွေးနွေး၍ လုပ်ငန်းရှင်များအနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရန်နှင့် ဥပဒေ အာဏာသက်ရောက်သည့်ကာလတွင် အရေးယူဆောင်ရွက်မှုများရှိလာမည်ဖြစ်ကြောင်း၊ ဥပဒေပါကျန်ပုဒ်မများသည် စတင်ပြဌာန်းသည့် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့မှစပြီး အာဏာသက်ရောက်သဖြင့် ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရေးအရာရှိများ ခန့်အပ်၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယပြည်နယ်ဦးစီးမှူး ဦးစန်းလွင်ဦးက စီးပွားရေးလုပ်ငန်းရှင်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ် တွင် တာဝန်ရှိမှု၊ စီးပွားရေးလုပ်ငန်းရှင်များ ရှောင်ကြဉ်ရမည့်တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်း ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများ၏မေးမြန်းမှုများကိုပြန်လည်ဖြေကြားဆွေးနွေးခဲ့ပြီး ရှင်းလင်းဆွေးနွေးပွဲသို့ အသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးအပါအဝင် စုစုပေါင်း ၁၁ ဦး တက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြမြမွန်**

# တောင်နီ(အ ႉ ထ ႉ က )၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော၊ ကျေးရွာကုန်စုံဆိုင်များအား စစ်ဆေးခြင်းနှင့် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး

တောင်ကြီးမြို့နယ်၊ တောင်နီ(အ. ထ. က)ကျောင်းတွင် ရှမ်းပြည်နယ် ဦးစီးမှူးရုံး၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစီးအရာရှိ ဒေါ်ဧခိုင်ခေါင်းဆောင်သော ဝန်ထမ်းများနှင့်အဖွဲ့သည် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၂၀ ရက်တွင် ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ဒု-ဦးစီးမှူးဒေါ်စောယုထွေးက စားသုံးသူများကို ပိုမိုထိရောက်စွာ ကာကွယ်ပေးနိုင်ရန်အတွက် ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်တွင်ထုတ်ပြန်ခဲ့သော စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် စားသုံးသူကာကွယ်ရေးဥပဒေဟု ပြန်လည်ပြင်ဆင်ထွက်ရှိပြီးဖြစ်ကြောင်း ပြောကြားခဲ့ပြီး စားသုံးသူ၏ အဓိပ္ပာယ်၊ စားသုံးသူပြည်သူများနှင့် သက်ဆိုင်သောအခွင့်အရေးနှင့် တာဝန်များအကြောင်း၊ စားသုံးသူများအပေါ် ထိခိုက်နစ်နာနေသည့် စားသောက်ကုန်မှတစ်ဆင့် ထိခိုက်နစ်နာမှုများ၊ လူသုံးကုန်မှတစ်ဆင့်ထိခိုက်နစ်နာမှုများ၊ ဆေးဝါးမှ တစ်ဆင့်ထိခိုက်နစ်နာမှုများ၊ ဝန်ဆောင်မှုများမှတစ်ဆင့် ထိခိုက်နစ်နာမှုများအကြောင်း ဟောပြောဆွေးနွေးခဲ့ပြီး ထိခိုက်မှုများရှိလာပါက တိုင်ကြားမှုများ ပြုလုပ်နိုင်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ကျောင်းမုန့်ဈေးတန်းအား လှည့်လည်စစ်ဆေးခဲ့ပြီး စားသုံးသူကာကွယ်ရေးအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များအား ကျောင်းအုပ်ဆရာမကြီးအစား တာဝန်ခံဆရာမထံသို့ ပေးအပ်ခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသို့ ကျောင်းသား/ကျောင်းသူများ၊ ဆရာမများ၊ ရပ်ရွာအုပ်ချုပ်ရေးမှူးများနှင့် စုစုပေါင်းအင်အား ၂၀၀ တက်ရောက်ခဲ့သည်။

ထို့ပြင် ကျေးရွာတွင်းရှိ ကုန်စုံဆိုင်များကိုလည်း ထုတ်ကုန်လုံခြုံစိတ်ချမှုရှိစေရန် စစ်ဆေးခြင်းနှင့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၅ ရက်တွင် စတင်အာဏာတည်မြဲမည့် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် ပတ်သက်သည့် ဥပဒေအကြောင်းများ၊ ထိုဥပဒေအကြောင်းမှ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် ကုန်စည်များ၌ မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြစေခြင်းစသည်များကို အသိပညာဗဟုသုတများသိရှိစေရန် လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခြင်း၊ ရှင်းလင်းဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **မြင့်မွန်အေး (တောင်ကြီး)**

# ကုန်အညွှန်းအမှတ်အသားနှင့် စပ်လျဉ်း၍ စားသောက်ကုန် လက်လီ/လက္ကား ဖြန့်ဖြူးရောင်းချသော လုပ်ငန်းရှင်များအား ရှင်းလင်းအသိပေး

ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကုန်အညွှန်းအမှတ်အသားနှင့် စပ်လျဉ်း၍ စားသောက်ကုန်များ လက်လီ/လက္ကား ဖြန့်ဖြူးရောင်းချနေသော လုပ်ငန်းရှင်များ လိုက်နာနိုင်ရေး ရှင်းလင်းအသိပေးပွဲကို ဇွန် ၂၀ ရက်တွင် ကျင်းပရာ လုပ်ငန်းရှင်များ၊ မိတ်ဖက်ဌာနဆိုင်ရာများနှင့် သတင်းမီဒီယာ စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့သည်။

အဆိုပါရှင်းလင်းအသိပေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ဝင်းက ၂၀၁၉ စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသားနှင့်စပ်လျဉ်း၍ စားသောက်ကုန် လက်လီ/လက္ကား ဖြန့်ဖြူးရောင်းချသော လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် တက်ရောက်လာသောလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**ကျော်ဇင်ထွေး (စားသုံးသူ၊ ကယား )**

# ရေသန့်လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) ရှင်းလင်းဆွေးနွေး

စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) ပါ အခန်း (၁၈) ကုန်အညွှန်းအမှတ်အသားပြဋ္ဌာန်းချက်များကို ထုတ်လုပ်တင်သွင်း ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအားလုံး သိရှိလာရေး အသင်းအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၆ ရက်တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ရေသန့်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဆောင်သောအဖွဲ့က ရေသန့်လုပ်ငန်းရှင်များအသင်း အစည်းအဝေးတွင် စားသုံးသူကာကွယ်ရေးဥပဒေအား ချပြအသိပေး ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တိုင်းတာဝန်ခံ ဒေါက်တာပြည့်ထူးက အသင်းအနေဖြင့် စည်းစည်းလုံးလုံးနှင့် ဆောင်ရွက်သွားရန်၊ စားသုံးသူရေးရာဦးစီးဌာနမှ Labelling Law (၂၀၂၀) ပြည့်နှစ် မတ်လတွင် အသက်ဝင်လာသည့်အခါ လုပ်ငန်းရှင်များဘက်က ကြိုတင်ပြင်ဆင်ထားကြရန်၊ အချို့လုပ်ငန်းရှင်များက ဥပဒေကို လက်တစ်လုံးကြားလုပ်ဆောင်နေခြင်းများရှိသည့်အတွက် အသင်းအနေဖြင့် ခိုင်မာအားကောင်းရန်လိုအပ်ကြောင်း၊ လုပ်ငန်းရှင်အချင်းချင်းယှဉ်ပြိုင်ရာတွင်လည်း ကောင်းသောနည်းလမ်းဖြင့် ယှဉ်ပြိုင်စေလိုကြောင်း၊ ရေသန့်များ ထုတ်လုပ်ရာတွင် GMP စနစ်နှင့်အညီထုတ်လုပ်သွားရန်လိုအပ်ကြောင်း၊ ယခုနောက်ပိုင်းတွင် ပြည်သူကိုဗဟိုပြုသည့် အစိုးရဖြစ်သည့်အတွက် ဥပဒေအရ စားသုံးသူပြည်သူများကို အပြည့်အဝအကာအကွယ်ပေးသွားမည်ဖြစ်၍ လုပ်ငန်းရှင်များနှင့် သက်ဆိုင်သည့် ဥပဒေများကို လေ့လာသိရှိရန်လိုအပ်ကြောင်း၊ စားသုံးသူပြည်သူနှင့်လုပ်ငန်းရှင်အကြား ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်လာပါက နှစ်ဦးနှစ်ဖက် အားနည်းချက်ခြင်း တူညီနေစေကာမူ စားသုံးသူကိုသာ ဥပဒေမှအကာအကွယ်ပေးသွားမည်ဖြစ်သည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် မိမိနှင့်သက်ဆိုင်သော ဥပဒေများကို သိရှိနားလည်ထားရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့ပြီး အသင်းအနေဖြင့် ယခုကဲ့သို့ စည်းစည်းလုံးလုံးနှင့် အခက်အခဲစိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားရန် အကြံပြုလိုကြောင်း ဆွေးနွေးသည်။

ထို့နောက် ရေသန့်အသင်းမှ တက်ရောက်လာသည့် စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနတို့အား ၎င်းတို့အသင်းတိုးတက်အောင်မြင်ရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ လက်ကမ်းစာစောင်များ၊ ဥပဒေစာအုပ်များ ဖြန့်ဝေပေးခဲ့မှုအပေါ် အမှတ်တရ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**ညွှန့်ညွှန့်စိန်**

# လှည်းကူးပညာရေးကောလိပ်၌ စားသုံးသူ ကာကွယ်ပေးရေးအကြောင်း ဟောပြောဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများသည် ဇွန် ၁၈ ရက်တွင် လှည်းကူးမြို့နယ်၊ လှည်းကူးပညာရေးကောလိပ်၊ ပညာ့အားမာန်ခန်းမ၌ စားသုံးသူကာကွယ်ရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ရာ လှည်းကူးပညာရေးကောလိပ်မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမများ၊ ဘာသာရပ်အလိုက် ပညာသင်ကြားနေသည့် ပထမနှစ်နှင့် ဒုတိယနှစ်ကျောင်းသား/ကျောင်းသူများ စုစုပေါင်း ၆၆၀ ဦး တက်ရောက်ခဲ့သည်။

ဟောပြောဆွေးနွေးပွဲတွင် လှည်းကူးမြို့နယ် လှည်းကူးပညာရေးကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးလွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်နန်းမေသက်နိုင်က စားသုံးသူကာကွယ်ရေးဥပဒေသစ်ကို ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်တွင် ပြဋ္ဌာန်းခဲ့ကြောင်း၊ ဥပဒေသစ်တွင် အခန်း (၂၅) ခန်းနှင့်ပုဒ်မ (၈၄) ခုရှိကြောင်း၊ စားသုံးသူများတွင် ကိုယ်တိုင် ရွေးချယ်ဝယ်ယူသုံးစွဲပိုင်ခွင့်ရှိသည့် အခွင့်အရေးများရှိပြီး စားသုံးသူများလိုက်နာရမည့် တာဝန်များလည်းရှိကြောင်း၊ စားသုံးသူများက မိမိတို့၏အခွင့်အရေးများကို ကောင်းစွာသိရှိနားလည်ပြီး အခွင့်အရေး ချိုးဖောက်ခံရခြင်း/ နစ်နာခြင်းများရှိပါက ဥပဒေသစ်အရ တိုင်ကြားနိုင်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်အတွက် တာဝန်နှင့်တားမြစ်ချက်များရှိကြောင်း၊ ဥပဒေတွင် ပြစ်မှုပြစ်ဒဏ်များလည်းပါဝင်ကြောင်း၊ ဥပဒေအရ နေပြည်တော်ကောင်စီနယ်မြေ၊ ပြည်နယ်/တိုင်းဒေသကြီးစားသုံးသူရေးရာကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ဌာနမှ အသိပညာပေးဟောပြောဆွေးနွေးခြင်း၊ တိုင်ကြားစာများကို လက်ခံဖြေရှင်းပေးခြင်းနှင့် စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရန်အတွက် ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း စသည်တို့ကို အကျယ်တဝင့်ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ဟောပြောပွဲသို့တက်ရောက်လာကြသော ကျောင်းသား/ကျောင်းသူများအနေဖြင့် သင်တန်းပြီး၍ မိမိနယ်မြေဒေသသို့ ပြန်ရောက်တာဝန်ထမ်းဆောင်ပါက မိမိပတ်ဝန်းကျင်နှင့် တာဝန်ကျရာဒေသများတွင် စားသုံးသူအနေဖြင့် ကိုယ်တိုင်ရွေးချယ်ဝယ်ယူနိုင်သည့် အလေ့အကျင့်ကောင်းတစ်ခုကို ရရှိပြီး ကျောင်းသား/ကျောင်းသူများကိုလည်း စားသုံးသူအခွင့်အရေးနှင့် ပတ်သက်သည့် အသိပညာ၊ ဗဟုသုတတို့ကို ပြန်လည်သင်ကြားပေးခြင်းကိုဆောင်ရွက်စေလိုကြောင်း၊ စားသုံးသူများ၏နစ်နာဆုံးရှုံးမှုနှင့်ပတ်သက်၍ စားသုံးသူများ၏ တိုင်ကြားမှုများအနက် ဖြေရှင်းဆောင်ရွက်ခဲ့သည့် စားသောက်ကုန်၊ လူသုံးကုန်၊ ခရီးသွားဝန်ဆောင်မှု အွန်လိုင်းမှပစ္စည်းဝယ်ယူမှု ငွေလွှဲမှုစသည့် တိုင်ကြားမှုများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မိမိတို့သိရှိလိုသည်များကို မေးမြန်းနိုင်ကြောင်း ဖိတ်ခေါ်ခဲ့ရာ ဒုတိယနှစ်သင်တန်းသို့တက်ရောက်နေသော ကျောင်းသားတစ်ဦး၏ မေးမြန်းမှုကို ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ပြန်လည်ဖြေကြားကာ လှည်းကူးပညာရေးကောလိပ်မှ ဘာသာစကားဌာနမှူး ဒေါ်ခင်သန်းစိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**လဲ့လဲ့ငွေး (စားသုံးသူ၊ ရန်ကုန်)**

# ရွှေတောင် အထက၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော ကျောင်းမုန့်ဈေးတန်း စစ်ဆေး

ပြည်ခရိုင်၊ ရွှေတောင်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများသည် ကျန်းမာရေးဌာနနှင့်ပူးပေါင်း၍ အ. ထ. က (ရွှေတောင်) ကျောင်းတွင် ဇွန် ၁၇ ရက်၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပသည်။

ဟောပြောပွဲတွင် စားသုံးသူကာကွယ်ရေးလုပ်ငန်းများ၏ အရေးပါပုံ၊ စားသုံးသူကာကွယ်ရေး ဥပဒေတွင် ပြဋ္ဌာန်းထားသည့် စားသုံးသူများ ရရှိမည့်အခွင့်အရေးနှင့် လိုက်နာရမည့် တာဝန်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကိုအသုံးပြုရာတွင် သတိထားကြည့်ရှုဝယ်ယူအသုံးပြုရမည့် ကုန်အညွှန်းအမှတ်အသား သတ်မှတ်ချက်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ၏ အာမခံချက်နှင့်စပ်လျဉ်း၍ ပျက်ကွက်ခဲ့ပါက စားသုံးသူမှ တောင်းဆိုနိုင်သည့် အခွင့်အရေးများ၊ ကုန်စည်/ဝန်ဆောင်မှုများကြောင့် နစ်နာဆုံးရှုံးမှုရှိပါက (CICC) သို့ တိုင်ကြားနိုင်မည့်နည်းလမ်းများ၊ ဓာတုဆိုးဆေး အန္တရာယ်များအကြောင်း၊ ဆေးလိပ်နှင့် ကွမ်းယာသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများအကြောင်း၊ တာရှည်ခံ ဖော်မလင်ဆေးသုံးစွဲထားသည့် အစားအစာများအကြောင်း ရှင်းလင်းဆွေးနွေး အသိပညာပေး ဆောင်ရွက်ခဲ့သည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးအဖွဲ့ တို့သည် ကျောင်းအတွင်း ရောင်းချနေသော ဈေးဆိုင်များတွင် သက်တမ်းလွန်မုန့်များ၊ တားမြစ်ထားသည့် စားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချမှု မရှိစေရေး၊ အစားအသောက်များ ရောင်းချရာတွင် သန့်ရှင်းသပ်ရပ်စွာ အဖုံးအအုပ်များဖြင့် ရောင်းချစေရေး၊ သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်မရှိသောမုန့်များရောင်းချခြင်း မရှိစေရေးအတွက် ဈေးရောင်းချသောဆိုင်များသို့ အသိပညာပေးဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိသည်။

**ဝင်းလဲ့ဝါ (ပြည်)**

# မုံရွာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကျင်းပ၊ သိမ်းဆည်းပစ္စည်းများ မြေမြှုပ်ဖျက်ဆီး

မုံရွာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အကြိမ်(၂၀)မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ဇွန် ၁၄ ရက်က ကျင်းပခဲ့ရာ အဖွဲ့ဝင်နှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက မုံရွာ ခရိုင်အနေဖြင့် အသိပညာပေးဟောပြောပွဲများကို ကွင်းဆင်းဆောင်ရွက်ရာတွင် ကျေးရွာအနှံ့ရောက်အောင် ကွင်းဆင်းပြီး ကျေးရွာရပ်မိ/ရပ်ဖများနှင့် ၎င်းကျေးရွာရှိ စာသင်ကျောင်းများကိုတွဲလျက် ဟောပြောပွဲများ ဆောင်ရွက်သင့်ကြောင်း၊ ပြည်သူများဆီ အရောက်သွားစေလိုကြောင်း၊ ဇူလိုင်လတွင် ခရိုင်အဆင့်ဌာနဆိုင်ရာ များအား ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ စားသုံးသူကာကွယ်ရေး ဥပဒေသစ်နှင့် ယှဉ်ပြိုင်မှုဥပဒေအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲဆောင်ရွက်နိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မုံရွာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်ရီလင်းထွဋ်က ယခင်လ အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ မုံရွာခရိုင် CICC သို့တိုင်ကြားမှုများအပေါ် ဖြေရှင်းဆောင်ရွက်ပြီးစီးမှုအခြေနေများ၊ မုံရွာခရိုင်အနေဖြင့် မေလနှင့် ဇွန်လအတွင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းတင်ပြဆွေးနွေးပြီး အစည်းအဝေး တက်ရောက်လာသူများက စားသုံးသူရေးရာကိစ္စရပ်များအား အကြံပြုဆွေးနွေးခြင်းနှင့် အစည်းအဝေးဆုံးဖြတ်ချက်လေးချက် ချမှတ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းမြေကွက်လွတ်၌ မုံရွာခရိုင်အတွင်း ဈေးများနှင့် ကျောင်းမုန့်ဈေးတန်းများသို့ ကွင်းဆင်းစစ်ဆေးရာတွင် သိမ်းဆည်းခဲ့သော စားသုံးရန်မသင့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း စုစုပေါင်း တန်ဖိုးကျပ် လေးသောင်းခြောက်ထောင်ကျော်ဖိုးကို မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သန်းသန်းတင်(မုံရွာ)**

# စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးနှင့် ကျောင်းမုန့်ဈေးတန်းအား စိစစ်ပညာပေးဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒု-ဦးစီးမှူး ဦးမျိုးအောင်သည် ဇွန် ၁၇ ရက်တွင် ဝက်လက်မြို့ပေါ်ရှိ အမှတ်(၃)၊အလက(ခွဲ)ကျောင်းတွင် ဆရာ/ဆရာမ ၁၉ ဦး၊ ကျောင်းသား/ကျောင်းသူ ၁၀၁ ဦးတို့အား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ဆက်လက်၍ ကျောင်းစားသုံးသူရေးရာအဖွဲ့များ ပူးပေါင်း၍ကျောင်းမုန့်ဈေးတန်းအား အန္တရာယ်ရှိ စားသောက်ကုန်များရောင်းချမှုမရှိစေရေး စိစစ်ပညာပေး ဆောင်ရွက်ကာ အဆိုပါကျောင်း၌ စားသုံးသူများ အကြံပြုအရေးဆို တိုင်တန်းနိုင်ရေးအတွက် စားသုံးသူတိုင်ကြားမှုလက်ခံစာတိုက်ပုံး ထားရှိဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးအောင်**

# စပိန်တိုက်စစ်မှူးဟောင်း ဖာနန်ဒိုတောရစ် ကစားသမားဘဝမှ အနားယူ



STRIKE GREAT

| CLUB | GAMES | GOALS |
|---|---|---|
| Atletico Madrid 2001-07 | 24 | 91 |
| Liverpool 2007-11 | 142 | 81 |
| Chelsea 2011-15 | 172 | 45 |
| AC Milan 2014-15 | 10 | 1 |
| Atletico Madrid 2014-18 | 160 | 38 |
| Sagan Tosu | 28 | 4 |
| TOTAL | 756 | 260 |

စပိန်တိုက်စစ်မှူးဟောင်း ဖာနန်ဒိုတောရစ်သည် ဘောလုံးကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း ဇွန် ၂၁ ရက်က တရားဝင်ထုတ်ဖော်ကြေညာလိုက်သည်။အသက် (၃၅)နှစ်ရှိ ဖာနန်ဒိုတောရစ်သည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ၁၈ နှစ်ကြာ ဖြတ်သန်းခဲ့ပြီးနောက် အနားယူလိုက်ခြင်းဖြစ်သည်။

'ကျွန်တော် ဘောလုံးကို ၁၈ နှစ် ကစားခဲ့ပါတယ်။ အသက်ကလည်း(၃၅)နှစ်ရှိပြီဖြစ်တာကြောင့် ဒီအချိန်ဟာ အနားယူသင့်ပြီလို့ ထင်ပါတယ်။ ဘောလုံးအတွက် အချိန်တွေ အများကြီးပေးဆပ်ပြီးပြီဖြစ်တာကြောင့် ကျန်တဲ့အချိန်တွေမှာ စီးပွားရေးလုပ်ငန်းနဲ့ မိသားစုကို အချိန်ပေးသွားမှာပါ။ ဒီလောကက ထွက်ခဲ့ပေမယ့် ကျွန်တော့်အပေါ်ကအသင်းတွေကို အမြဲသတိရနေမှာပါ'ဟု မီဒီယာများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် ဖာနန်ဒိုတောရစ်က မိမိအနေဖြင့် လောလောဆယ်တွင် နည်းပြဘဝဖြင့် ဘောလုံးလောကထဲသို့ပြန်လည်ဝင်ရောက်ရန် အစီအစဉ်မရှိသေးကြောင်း၊ မိသားစုအတွက် အချိန်ပိုပေးသွားမည်ဖြစ်ကြောင်း ထပ်မံပြောကြားခဲ့သည်။

စပိန်နိုင်ငံသား ဖာနန်ဒိုတောရစ်သည် ၁၉၉၅ ခုနှစ်တွင် လူငယ်ကစားသမားဘဝကို အက်သလက်တီကို အသင်းမှစတင်ခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် အက်သလက်တီကိုအသင်းကြီးသို့ ပြောင်းရွှေ့ကစားခဲ့သည်။ ၎င်းသည် ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ လီဗာပူးအသင်း၊ ၂၀၁၁ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ချယ်လ်ဆီးအသင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အေစီမီလန်အသင်း(အငှား)၊ ၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ အေစီမီလန်အသင်း (အက်သလက်တီကိုအသင်းသို့ အငှား)၊ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အက်သလက်တီကိုအသင်းနှင့် ၂၀၁၈ ခုနှစ်မှ လက်ရှိ အနားယူချိန်အထိ ဂျပန်ကလပ် ဆာဂန်တိုဆူအသင်းတို့တွင် ကစားခဲ့သည်။

# ပီအက်စ်ဂျီအသင်းတွင် ကစားလိုစိတ် မရှိတော့ကြောင်း နေမာ ဖွင့်ဟ




ဘရာဇီးတိုက်စစ်မှူး နေမာက မိမိအနေဖြင့် ပီအက်စ်ဂျီအသင်းတွင် ဆက်လက်ကစားလိုစိတ်မရှိတော့ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။ လက်ရှိအချိန်တွင် ခြေချင်းဝတ်ဒဏ်ရာကြောင့် ဘရာဇီးအသင်း၏ ကိုပါအမေရိကပွဲစဉ်များကို လွဲချော်ခဲ့ရသည့် နေမာသည် ၂၀၁၇ ခုနှစ်က ဘာစီလိုနာအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပေါင် ၁၉၈ သန်းဖြင့် ပြောင်းရွှေ့လာသူ ဖြစ်သည်။

ပီအက်စ်ဂျီအသင်းတွင် မကြာခဏ ဒဏ်ရာပြဿနာများဖြင့် ကြုံတွေ့နေရသည့် နေမာကို အသင်းဟောင်း ဘာစီလိုနာအသင်းက ပြန်လည်ခေါ်ယူရန် ဆန္ဒရှိနေသလို ရီးရဲလ်အသင်းကလည်း ၎င်းကစားသမားကိုခေါ်ယူရန် ကမ်းလှမ်းနေကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် နေမာကို ခေါ်ယူရရှိနိုင်ရေးအတွက် အသင်းမှ တောင်ပံကစားသမား ဂါရက်ဘေးလ်ကို အလိုက်ပေး၍ ကမ်းလှမ်းနေသည်။ သို့သော် နေမာကမူ ပြင်သစ်မြေကို ပြန်လည်ခြေချရန် ဆန္ဒမရှိတော့ကြောင်းနှင့် အသင်းဟောင်း ဘာစီလိုနာသို့သာ ပြန်သွားလိုကြောင်း ပြောဆိုလာခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းအနေဖြင့်လည်း ရီးရဲလ်မက်ဒရစ်အသင်းနှင့်အပြိုင် နေမာကို ခေါ်ယူရန် ကြိုးပမ်းလျက်ရှိရာ ယူရိုသန်း ၁၀၀ နှင့် ကော်တင်ဟိုကို အလိုက်ပေး၍ ခေါ်ယူရန် ကမ်းလှမ်းလိုက်ကြောင်းသိရသည်။ သို့သော် ကစားသမားကိုယ်တိုင်က ဘာစီလိုနာအသင်းကို ရွေးချယ်နေသော်လည်း ပီအက်စ်ဂျီအသင်းကမူ ဈေးပိုပေးသည့် အသင်းသို့သာ ရောင်းချသွားရန်ရှိနေသည်။

# မန်ယူအသင်း ဂိုးသမား ဟန်ဒါဆင်ကို ပြန်ခေါ်ကာ မက်ဂွိုင်ယာကို စာချုပ်နိုင်ရန်ကြိုးပမ်းနေ



မန်ယူအသင်းသည် ရှက်ဖီးယူနိုက်တက်အသင်းသို့ အငှားချထားသည့် အင်္ဂလန်လူငယ်ဂိုးသမား ဟန်ဒါဆင်ကို ပြန်လည်ခေါ်ယူရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ဟန်ဒါဆင်သည် မန်ယူအသင်းပိုင် ဂိုးသမားတစ်ဦးဖြစ်သော်လည်း ၂၀၁၆ ခုနှစ်မှစ၍ တခြားအသင်းများသို့ အငှားချထားခြင်း ဖြစ်သည်။ မန်ယူအသင်းသည် ဟန်ဒါဆင်ကို ၂၀၁၆ ခုနှစ်တွင် စတော့ပို့ကောင်တီအသင်း(အငှား)၊ ၂၀၁၆-၂၀၁၇ တွင် ဂရမ်စဘီတောင်းအသင်း (အငှား)၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ရှရူးဘူရီတောင်း(အငှား)နှင့် ၂၀၁၈ ခုနှစ်တွင် ရှက်ဖီးယူနိုင်တက်အသင်း(အငှား) တို့သို့ အငှားချထားခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ဟန်ဒါဆင်သည် အင်္ဂလန် ယူ-၂၁ လက်ရွေးစင်အသင်းတွင် လက်စွမ်းပြလျက်ရှိခြင်းကြောင့် ၎င်းကစားသမားကို မန်ယူအသင်းက ပြန်ခေါ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အသင်းရှိ ဂိုးသမား ဒီဂီယာမှာလည်း အသင်းပြောင်းရန် ပြင်ဆင်နေခြင်းကြောင့် ၎င်း၏နေရာတွင် အစားထိုးနိုင်ရန် နည်းပြ ဆိုးလ်ရှားက ဟန်ဒါဆင်ကို ပြန်လည်ခေါ်ယူထားရန် ဆုံးဖြတ်လိုက်ခြင်းလည်းဖြစ်သည်။

အခြားတစ်ဖက်တွင် မန်ယူအသင်းသည် လက်စတာအသင်းမှ အင်္ဂလန်ခံစစ်ကစားသမား မက်ဂွိုင်ယာကို ပေါင်သန်း ၈၀ ဖြင့် ခေါ်ယူစာချုပ်နိုင်ရေး ကြိုးပမ်းနေကြောင်း သိရသည်။ မက်ဂွိုင်ယာကို မန်စီးတီးအသင်း ကလည်း ခေါ်ယူရန် ပြင်ဆင်နေရာ မန်ယူအတွက် အခက်အခဲ ရှိလာနိုင်ကြောင်း သိရသည်။ အဆိုပါ ကစားသမားကို ခေါ်ယူနိုင်ရေးမှာ ကစားသမားကိုယ်တိုင်၏ ရွေးချယ်မှုအပေါ်တွင်သာ အဓိကကျနေကြောင်း သိရသည်။

ဟန်နေသစ် စုစည်းသည်



# ဂါရက်ဘေးလ်နှင့် အစ္စကိုအပါ ကစားသမား ၁၃ ဦးအထိ ရီးရဲလ် ထုတ်ရောင်းဖွယ်ရှိ

စပိန်လာလီဂါကလပ် ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းမှ တောင်ပံကစားသမားများ ဖြစ်သည့် ဂါရက်ဘေးလ်နှင့် အစ္စကိုတို့ အပါအဝင် ကစားသမား ၁၃ ဦးအထိ ထုတ်ရောင်းသွားဖွယ်ရှိနေကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ်အသင်းကို တစ်ကျော့ပြန်လည်ကိုင်တွယ်ခွင့်ရရှိခဲ့သည့် ဇီဒန်းသည် ရာသီသစ်အတွက် ကစားသမားသစ် ခေါ်ယူမှုကို ကြယ်စင်စုစီမံကိန်းတစ်ခု ချမှတ်ထားပြီး ထိပ်တန်းကစားသမားများကို ခေါ်ယူရန်ပြင်ဆင်နေရာ လက်ရှိအချိန်တွင် ကစားသမားသစ် ငါးဦးအထိ ခေါ်ယူထားပြီး ဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်းမှ ဘယ်လ်ဂျီယံကစားသမား ဟာဇက်ကို ယူရို သန်း ၁၀၀၊ ဖရန့်ဖတ်အသင်းမှ ဆားဘီးယားတိုက်စစ်မှူး လူကာဂျိုဗစ်ကို ယူရို သန်း ၆၀ တို့ဖြင့် ခေါ်ယူနိုင်ခဲ့သလို ပေါ်တိုအသင်းမှ ဘရာဇီးကွင်းလယ်/ခံစစ်ကစားသမား အီဒါမီလီတာအိုကို ယူရို သန်း ၅၀၊ လိုင်ယွန်အသင်းမှ ပြင်သစ် ဘယ်နောက်ခံကစားသမား မန်ဒီကို ယူရို ၄၈သန်းနှင့် ဆန်းတို့စ်အသင်းမှ ဘရာဇီးလူငယ်တိုက်စစ်မှူး ရိုဒရီဂိုကို ယူရို ၄၅ သန်းတို့ဖြင့် ခေါ်ယူထားသည်။

ထိုကဲ့သို့ ရီးရဲလ်မက်ဒရစ်အသင်းသည် ကစားသမားသစ် ငါးဦးအထိ ခေါ်ယူထားပြီးဖြစ်သော်လည်း ပီအက်စ်ဂျီအသင်းမှ ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီနှင့် မန်ယူအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာတို့ကိုထပ်မံခေါ်ယူရန် ကြိုးပမ်းနေရာ ၎င်းကစားသမားများကို ခေါ်ယူနိုင်ရန် အသင်းရှိ ကစားသမားအချို့ကို ထုတ်ရောင်းသွားရမည်လည်းဖြစ်သည်။ ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် ဂါရက်ဘေးလ်နှင့် အစ္စကိုတို့ အပါအဝင် ကစားသမားအများအပြားကို ထုတ်ရောင်းသွားရန် ပြင်ဆင်နေခြင်းဖြစ်သည်။

# အထည်ချုပ်လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာနိုင်

အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေး အကျပ်အတည်းများကြောင့် ဟောင်ကောင်ဒေသအား ချွတ်ချုံကျစေနိုင်သော်လည်း ဟောင်ကောင်ဒေသအနေဖြင့် အာဆီယံဒေသနှင့် လွတ်လပ်စွာ ကုန်သွယ်ရေးဆောင်ရွက်နိုင်ခြင်း ဈေးကွက်အသစ်နှင့် နည်းလမ်းများ ရှာဖွေခဲ့ခြင်းကြောင့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်းကို ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသအစိုးရ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ကြီး Mr.Edward Yau Tang-wah က ပြောကြားသည်။ ယခင်ကတည်းက အမေရိကန်နှင့် ဥရောပနိုင်ငံများ၏ ဈေးကွက်များတွင် မှီခိုလျက်ရှိသော ဟောင်ကောင်ကုမ္ပဏီများအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ၁၀ နိုင်ငံသည် အရေးပါသော နိုင်ငံများ ဖြစ်ကြသည်။

ဟောင်ကောင်နှင့် လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူစာချုပ် ချုပ်ဆိုထားသော တရုတ်ပြည်မကြီးအပါအဝင် အခြားနိုင်ငံများ၌ ဈေးကွက်အသစ်များ၌ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ဟောင်ကောင်အစိုးရက ဟောင်ကောင်ဒေါ်လာ ဘီလီယံနှင့်ချီ၍ ဘဏ္ဍာငွေထောက်ပံ့ပေးထားသည်။ လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက်များမှ အကျိုးသက်ရောက်မှုများ ရှိစေသည်မှာ ဟောင်ကောင်ကုမ္ပဏီများ စီးပွားရေးချိတ်ဆက်မှုများ ရရှိစေပြီး စီးပွားရေးလုပ်ငန်းနေရာ အသစ်များကို ရရှိစေသည်။ ကုန်သွယ်ရေးအကျပ်အတည်းအား ကြိုတင်ပြင်ဆင်ရန်အတွက် အာဆီယံဈေးကွက်ထဲသို့ ကျယ်ကျယ်ပြန့်ပြန့် ဝင်ရောက်နိုင်ရန် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများမှ ဘဏ္ဍာငွေအများစုကို အသုံးပြုလျက်ရှိသည်။ ၂၀၁၉ ခုနှစ် ဇွန် ၁၁ရက်တွင် အာဆီယံ ၁၀နိုင်ငံထဲမှ ကျန်ရှိနေသည့် ငါးနိုင်ငံဖြစ်သော စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ မြန်မာနိုင်ငံတို့နှင့် ဟောင်ကောင်ဒေသအကြား လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက် အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ကြမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံချင်း ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်များအား ၂၀၁၉ ခုနှစ်၊ ဇွန် ၁၇ ရက်တွင် စတင်သက်ရောက်မည်ဖြစ်သည်။

သဘောတူညီချက်အတည်ပြုရန် ကျန်ရှိနေသော အာဆီယံနိုင်ငံ ငါးနိုင်ငံဖြစ်သော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံတို့နှင့် ချုပ်ဆိုထားသော အလားတူ သဘောတူညီချက်များ စတင်သက်ရောက်မည့် ရက်စွဲကိုလည်း နောင်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။ အာဆီယံ လွတ်လပ်စွာ

**အေးသီခိုင် (စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့)**

ကုန်သွယ်မှု သဘောတူညီချက်အား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် ရေးထိုးခဲ့ကြပြီး တရုတ်ပြည်မကြီးပြီးလျှင် ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်ဒေသဖြစ်သော ဟောင်ကောင်ဒေသအား ဒေသပိုင်းဆိုင်ရာ ပိတ်ပင်ထားသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ ယခုလအတွင်း G20 ထိပ်သီးအစည်းအဝေးတွင် တွေ့ဆုံခဲ့ပြီးနောက် အခွန်မကောက်ခံရသေးသော တရုတ်သွင်းကုန်ပစ္စည်းများအား ၂၅ ရာခိုင်နှုန်းအခွန်ကောက်ခံရန် ကြေညာခဲ့သည်။

G20 ထိပ်သီးအစည်းအဝေးအပြီး နှစ်ပတ်ခန့်အကြာတွင် ဆုံးဖြတ်ချက်ချမည်ဟု ဒေါ်နယ်ထရန့်က ပြောကြားခဲ့ကာ အကယ်၍ အခွန်စနစ်သစ်သာ ကောက်ခံဖြစ်လျှင် တရုတ်နိုင်ငံတွင် ထုတ်လုပ်သော လူသုံးကုန်ပစ္စည်းအားလုံးသည် အမေရိကန်သို့ ရောင်းချခြင်းဖြစ်သောကြောင့် အခွန်ကောက်ခံရမည်ဖြစ်သည်။ အဆိုပါသက်ရောက်မှု နောက်ဆက်တွဲအနေဖြင့် ဟောင်ကောင်ဒေသ၏ပို့ကုန်အား ထိခိုက်နိုင်မည်ဖြစ်ပြီး လွန်ခဲ့သောနှစ်ကာလတူနှိုင်း ယှဉ်ကြည့်လျှင် ဟောင်ကောင်ဒေသ၏ ပို့ကုန်သည် ၂၀၁၉ ခုနှစ် ပထမလေးလပတ်အတွင်း ၂ ဒသမ ၅ ရာခိုင်နှုန်း လျော့ကျသွားပါသည်။ အမေရိကန်သို့ တင်ပို့သည့် ၂၀၁၈ခုနှစ် တရုတ်ပြည်မကြီး၏ စုစုပေါင်း ပို့ကုန်၏ ၇ ရာခိုင်နှုန်းမှာ ဟောင်ကောင်ဒေသမှ တစ်ဆင့်ဖြစ်သည်။

ဒေါ်နယ်ထရန့်က အမေရိကန်စီးပွားရေးလုပ်ငန်းရှင်အချို့အား တရုတ်ပြည်မကြီးမှ ဝယ်ယူသော ပစ္စည်းများအပေါ်တွင် အခွန်ကောက်ခံမည်ဖြစ်ကြောင်း ကြေညာအပြီး ပထမလေးလပတ်အတွင်း ပစ္စည်းအမှာစာရရှိမှု ထက်ဝက်ခန့် လျော့ကျသွားကြောင်း Guangdong ဒေသ၌ အားသွင်းကေဘယ်လ်ကြိုးများ ထုတ်လုပ်သော ဟောင်ကောင်ကုမ္ပဏီတစ်ခုဖြစ်သည့် winsonic Electric မှ Director ဖြစ်သူ Eva Leung Fung-wah က ပြောကြားခဲ့သည်။ ၎င်းတို့ထံတွင် ကုန်ပစ္စည်းလက်ကျန်များ ရောင်းမကုန်လျှင် နှစ်သစ်မကူးခင်အထိ ထပ်မံမှာယူကြမည်မဟုတ်ကြောင်း၊ သုံးစွဲသူများက ပစ္စည်းမှာယူလျှင် မိမိတို့အနေဖြင့် ၎င်းတို့ဝယ်ယူလိုသော ပမာဏ၏ ၁၀ ပုံ ၁ ပုံသာ ထုတ်လုပ်မည်ဖြစ်ကြောင်း၊ အမေရိကန်နှင့် အာဆီယံနိုင်ငံတို့အကြား ပစ္စည်းအရည်အသွေးစစ်ဆေးမှုနှင့် ဈေးနှုန်းကွာခြားမှုရှိသောကြောင့် ကုမ္ပဏီအနေဖြင့် အမေရိကန်ဈေးကွက်နှင့် ကိုက်ညီနိုင်မည့် ဈေးကွက်အသစ်အား ရှာဖွေရန်အတွက် နှစ်ချီကြာမည်ဖြစ်ကြောင်းနှင့် လက်ရှိတွင် ဈေးကွက်အသစ်အား စတင်နိုင်မည့် နည်းလမ်းစဉ်းစား၍ မရသေးကြောင်း၊ Chinese Manufacturer's Association နှင့်တွဲဖက်လုပ်ကိုင်နေသည့် စက်မှုကဏ္ဍမှ ဥပဒေပြုကောင်စီဝင် Jimmy Ng Wing-gau SME တစ်ခုထဲ ဈေးကွက်အသစ်ဆီသို့ မဝင်ရောက်သင့်ကြောင်း၊ ဝယ်သူများနှင့် ထိပ်တိုက်တွေ့ဆုံနိုင်ရန် အတွက် ကုန်စည်ပြပွဲများ ပြုလုပ်၍ အုပ်စုလိုက်ဆောင်ရွက်သင့် ကြောင်းနှင့် မည်သည့်အကြောင်းကိစ္စမှ မရှိသည့်ထက်စာလျှင် လွတ်လပ်စွာ ကုန်သွယ်မှုနှင့် ပတ်သက်နေခြင်းသည်။ ကောင်းမွန် ကြောင်း၊ အထည်ချုပ်ကဏ္ဍမှ ဥပဒေပြုကောင်စီဝင် Felix Chung Kwok-pan က ပြောကြားရာတွင် လွတ်လပ်စွာကုန်သွယ်ရေးရှိလျှင် ပိုမိုကောင်းမွန်ကြောင်း၊ စင်ကာပူနိုင်ငံမှလွဲ၍ အာဆီယံဈေးကွက်အများစုမှာ ဖွံ့ဖြိုးဆဲ ဖြစ်ကြောင်း၊ ဗီယက်နမ်၊ မြန်မာနှင့် အင်ဒိုနီးရှားနိုင်ငံများ၌ ထုတ်လုပ်မှု လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်သော်လည်း သုံးစွဲမည့်သူဈေးကွက်မှာ အဆင်သင့်မဖြစ်သေးဟု ပြောကြားခဲ့သည်။

မြို့တော်၏ ၂၀၁၉-၂၀၂၀ဘဏ္ဍာငွေ သုံးစွဲမှုအရ ပြည်တွင်းကုမ္ပဏီများအနေဖြင့် ကုန်ပစ္စည်း အမည်ပေါက်ရရှိရေး၊ အဆင့်မြှင့်တင်ရေးနှင့် ဒေသတွင်းရောင်းချနိုင်ရန်အတွက် ဟောင်ကောင်ဒေါ်လာ တစ်ဘီလီယံအား ရန်ပုံငွေထောက်ပံ့ပေးမည်ဖြစ်သည်။ ဟောင်ကောင်ဒေသနှင့် လွတ်လပ်စွာကုန်သွယ်ရေး ဆောင်ရွက်မည့် ဒေသများရှိ ဈေးကွက်များသို့ ချဲ့ထွင်မည်ဆိုပါက ကုမ္ပဏီတစ်ခုလျှင် ဟောင်ကောင်ဒေါ်လာ နှစ်ဘီလီယံအထိ လျှောက်ထားခွင့်ပြုမည်ဖြစ်ကြောင်းနှင့် တရုတ်ပြည်မကြီးဈေးကွက်သို့ သွားရောက်မည့်သူများအတွက် ဟောင်ကောင်ဒေါ်လာ တစ်သန်းအထိ ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၌ အထည်ချုပ်လုပ်ငန်းများ၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာနိုင်ကြောင်း၊ တင်ပို့ရောင်းချမည့် နိုင်ငံ၏ စံသတ်မှတ်ချက်နှင့် ကိုက်ညီသည့် အရည်အသွေးကောင်းကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်၊ ကုန်ပစ္စည်းထုတ်လုပ်သည့် ဝန်ထမ်းများ၏ ထုတ်လုပ်မှုစွမ်းရည် အရည်အသွေးများ တိုးတက်ရန်လိုအပ်ပြီး၊ လုပ်ငန်းခွင်သင်တန်းများ လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

■

## ဗီယက်နမ်ထုတ်တီဗွီများ တင်သွင်းမှုကို တားဆီးပေးရန် အိန္ဒိယလျှပ်စစ်ပစ္စည်းထုတ်လုပ်သူများ တောင်းဆို




ပြီးခဲ့သည့် တစ်နှစ်အတွင်း အိန္ဒိယသို့ ဗီယက်နမ်ထုတ် တီဗွီတင်သွင်းမှု တန်ဖိုး ရူပီးကုဋေ ၁၅၀၀ ခန့်ထိ ရှိလာပြီး ယခင်ထက် ၂၅ ဆခန့် မြင့်တက်လာသောကြောင့် အဆိုပါကုန် စည်များတင်သွင်းမှုကို ချက်ချင်းတား မြစ်ပိတ်ပင်ရန်နှင့် သွင်းကုန်ခွန် ဖွဲ့စည်းမှုပုံစံအား ပြောင်းလဲပေးရန် အိန္ဒိယ လျှပ်စစ်ပစ္စည်း ထုတ်လုပ်သူများ အဖွဲ့ (Indian Cellular and Electronics Association -ICEA) က အစိုးရထံ တင်ပြတောင်းဆိုထားကြောင်း သိရှိရသည်။

ထို့အတူ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ထံ တင်ပြသည့်စာများတွင်လည်း လက်ရှိ သွင်းကုန်ခွန်ဖွဲ့စည်းပုံ အရ အစိုးရသည် GST ခွန်တစ်မျိုးတည်းအတွက်ပင် ရူပီးကုဋေ ၁၀၀၀ နီးပါး ဆုံးရှုံးနေပြီး Colour TV တရားမဝင်ဈေးကွက် (grey market) တစ်ခုကို ဖြစ်ပေါ်စေလျက်ရှိသည်ဟု ICEA က ထည့်သွင်းတင်ပြထားကြောင်း သိရှိရသည်။

ဗီယက်နမ်က တင်သွင်းလာသည့် Colour TV သွင်းကုန်များအပေါ် ဝန်ကြီးဌာန ပေါင်းစုံပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ဖြင့် သုံးလအတွင်း စစ်ဆေးပေးရန် အိန္ဒိယလျှပ်စစ်ပစ္စည်းထုတ်လုပ်သူအသင်းက တောင်းဆိုထားကြောင်း၊ Samsung က Colour TVs စက်ရုံအား ဗီယက်နမ်သို့ ရွှေ့ပြောင်းလိုက်ခြင်းကြောင့် အိန္ဒိယတွင် တိုက်ရိုက်/သွယ်ဝိုက် အလုပ်အကိုင်ပေါင်း ၁၀၀၀၀ နီးပါးဆုံးရှုံးမှုကို ဖြစ်စေခဲ့သည်ဟု ယင်းအဖွဲ့အစည်းက ထည့်သွင်းပြောကြားထားကြောင်း သိရှိရသည်။

အိန္ဒိယအစိုးရသည် ၂၀၁၈ ပြည်ထောင်စုဘတ်ဂျက်စတင်စဉ်က LCD and LED TV panels သွင်းကုန်များအပေါ် သွင်းကုန်ခွန်အား ယခင် ၇ ဒသမ ၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့ နှစ်ဆတိုးမြှင့် သတ်မှတ်ခဲ့သည့်အပြင် TV ထုတ်လုပ်ရာတွင် အသုံးပြုသည့် 'Open cells' အပေါ်တွင်လည်း သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်းသို့တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း၊ အဆိုပါ 'Open cells' များသည် TV panel ထုတ်လုပ်ရာတွင် အဓိကအကျဆုံး အစိတ်အပိုင်းများဖြစ်ပြီး၊ ထုတ်လုပ်မှုတန်ဖိုး၏ ၆၅-၇၀ ရာခိုင်နှုန်းထိ ပါဝင်နေကြောင်း၊ ယင်းပစ္စည်းများအပေါ် အခွန်တိုးမြှင့်လိုက်ခြင်း၏ အကြီးမားဆုံးဆုံးရှုံးမှုမှာ Samsung သည် အိန္ဒိယရှိ TVs ထုတ်စက်ရုံကို ပိတ်သိမ်းပြီး အိန္ဒိယနှင့် အကောက်ခွန်မဲ့ကုန်သွယ်မှုသဘောတူစာချုပ်ရှိသည့် ဗီယက်နမ်သို့ပြောင်းရွှေ့သွားခြင်းပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အိန္ဒိယအစိုးရသည် open cell အပေါ် သွင်းကုန်ခွန် ပြန်လည်ရုပ်သိမ်းရန် စဉ်းစားနေသော်လည်း လက်ရှိအချိန်ထိ ဖော်ဆောင်နိုင်ခြင်းမရှိသေးကြောင်း သိရှိရသည်။

ယဉ်ယဉ်နွယ်

# ထိုင်းနိုင်ငံအနေဖြင့် အီးယူနှင့် ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ဆွေးနွေးမှု ပြန်လည်စတင်ရန်ကြိုးပမ်း

ထိုင်းနိုင်ငံအနေဖြင့် အီးယူနှင့် လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်(FTA)အတွက် အစိုးရသစ်ဖွဲ့စည်းပြီးချိန်တွင် ပြန်လည် စေ့စပ်ဆွေးနွေးရန် အဆင်သင့်ရှိနေကြောင်း၊ ၎င်းမှာ ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှု ကျဆင်းခြင်းအပေါ် ထိုင်းနိုင်ငံအနေဖြင့် ကာမိစေရန်လည်းဖြစ်ကြောင်း ကုန်သွယ်ရေးအရာရှိ၏ ပြောကြားချက်အရ သိရှိရသည်။ ထိုင်းနိုင်ငံအနေဖြင့် ထိုင်း-အီးယူ FTA စေ့စပ်ဆွေးနွေးမှုပြောဆိုမှုများသည် ၂၀၁၄ ခုနှစ် ထိုင်းစစ်တပ်မှ အာဏာသိမ်းပြီးချိန်မှစ၍ ရပ်တန့်ခဲ့ကြောင်း၊ ထိုင်းကုန်သွယ်ရေး အရာရှိများအနေဖြင့် အီးယူနှင့် စေ့စပ်ဆွေးနွေးရန် မဖြစ်ဖြစ်အောင် ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုင်းနှင့် အီးယူကုန်သွယ်ရေး အရာရှိများသည် ဇွန် ၁၀ ရက်တွင် ဘယ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့၌ ပြန်လည်စေ့စပ်ဆွေးနွေးပြောဆိုမှုပြန်လည် အသက်ဝင်နိုင်မည့် အလားအလာများကို တွေ့ဆုံဆွေးနွေးခဲ့သည်။ သို့ရာတွင် ထိုင်းနိုင်ငံ၌ အစိုးရသစ်ဖွဲ့စည်းရန် လုပ်ငန်းစဉ်များ ရှိနေခြင်းကြောင့် ကုန်သွယ်ရေးဆိုင်ရာ အလားအလာများနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးကြမှာ မဟုတ်ကြောင်း၊ ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Auramon Supthaweethum က ပြောကြားခဲ့သည်။

၎င်းက မိမိတို့အနေဖြင့် ယခုနှစ် ဒုတိယ နှစ်ဝက်တွင် တရားဝင်စေ့စပ်ညှိနှိုင်း ဆွေးနွေး နိုင်ရန်ပြင်ဆင်လျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် တရုတ်-အမေရိကန်ကုန်သွယ်ရေးတင်းမာမှုကြောင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုသည် ၂၀၁၈ ခုနှစ် နှစ်လယ်လောက်မှစ၍ ကျဆင်းခဲ့ရကြောင်း၊ အဆိုပါကိစ္စရပ်သည် ထိုင်း-အီးယူကုန်သွယ်မှုအပေါ်တွင်လည်း ရိုက်ခတ်ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် တိုးတက်မှု ၁၀ ဒသမ ၈ ရာခိုင်နှုန်းရှိရာမှ ၂၀၁၈ ခုနှစ်တွင် ခြောက်ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း၊ ဆက်လက်ပြီး ၂၀၁၉ ခုနှစ် ပထမလေးလပတ်အတွင်း ထိုင်းအီးယူကုန်သွယ်မှုမှာ ယမန်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၁၁ ရာခိုင်နှုန်း အထိ ကျဆင်းခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် ပထမလေးလပတ်အတွင်း ထိုင်းအီးယူကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၄ ဘီလီယံ (ထိုင်း ဘတ် ၄၂၀ ဒသမ ၃ ဘီလီယံ)ဖြစ်ပြီး ထိုင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံ (ထိုင်းဘတ်ငွေ ၂၁၉ ဒသမ ၆ ဘီလီယံ)နှင့် သွင်းကုန်မှာ အမေရိကန်ဒေါ်လာခြောက်ဘီယီယံ (ထိုင်း ဘတ်ငွေ ၁၈၈ ဒသမ ၂ ဘီလီယံ)ဖြစ်ကြောင်း၊ ယခုအခြေအနေမှာ နှစ်နိုင်ငံကုန်သွယ်မှု သိသိသာသာ ကျဆင်းသွားခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် ပထမလေးလပတ်တွင် ထိုင်း-အီးယူ ကုန်သွယ်မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၁ ဘီလီယံ (ထိုင်းဘတ်ငွေ ၄၇၃ ဒသမ ၇) ဘီလီယံရှိကြောင်း သိရှိရသည်။

ထိုင်း-အီးယူ ကုန်သွယ်မှုမှာ ဒုတိယနှစ်ဝက်တွင် ဆက်လက်ကျဆင်းမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံအနေဖြင့် အီးယူနှင့် လျင်လျင်မြန်မြန် စေ့စပ်ဆွေးနွေးခြင်းမပြုနိုင်ပါက ရှေ့ဆယ်စုနှစ်အထိ မျှော်လင့်ချက်ရောင်ခြည် နည်းပါးနိုင်ကြောင်း ထိုင်းကုန်သည်ကြီးများအသင်း ဗဟိုအပြည်ပြည်ဆိုင်ရာ လေ့လာရေးတက္ကသိုလ် ညွှန်ကြားရေးမှူး Aat Pisanwanich က သတိပေးပြောကြားခဲ့သည်။

ထိုင်းနိုင်ငံအနေဖြင့် ၎င်း၏ အဓိကပြိုင်ဘက် ဗီယက်နမ်အနေဖြင့် အီးယူနှင့် FTA သဘောတူညီချက်ကို တည်ထောင် အကောင်အထည်ဖော်ခဲ့ခြင်းမှာလည်း အချက်တစ်ချက်ဖြစ်ကြောင်း၊ ၎င်း FTA မှာ ယခုနှစ် တတိယလေးလပတ်တွင် အသက်ဝင်လာမှာဖြစ်ကြောင်း၊ ၎င်းအချက်က ထိုင်းနိုင်ငံပို့ကုန်များဖြစ်သော လျှပ်စစ်ပစ္စည်း၊ ဆန်နှင့် သစ်သီးဝလံတို့အတွက် ဗီယက်နမ်အနေဖြင့် FTA ကြောင့် အခွန်နည်းပါးစွာရရှိပြီး ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိမှာဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် အီးယူနှင့် FTA ကိစ္စ လျင်လျင်မြန်မြန် မဆောင်ရွက်နိုင်သေးသရွေ့ ထိုင်းပို့ကုန်များအတွက် ကာလရှည်ကြာ အနုတ်လက္ခဏာအဖြစ် ထိခိုက်နေမှာဖြစ်ကြောင်း၊ ထိုင်းကုန်သည်ကြီးများအသင်း ဗဟိုအပြည်ပြည်ဆိုင်ရာ လေ့လာရေးတက္ကသိုလ်၏ လေ့လာချက်အရ ဗီယက်နမ်-အီးယူ FTA အသက်ဝင်ပါက ဗီယက်နမ်အနေဖြင့် အီးယူဈေးကွက်သို့ ပို့ကုန် တန်ဖိုး အမေရိကန်ဒေါ်လာဘီလီယံ ၅၀ မှ ၇၀ အထိ နှစ်စဉ်တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ၎င်းသည် ထိုင်းပို့ကုန်များအတွက် ယခုနှစ် ဒုတိယလေးလပတ်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ခန့် လျော့ကျစေမည်ဖြစ်ကြောင်း၊ နောင်နှစ်နှစ်အကြာတွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ အထိ လျော့ကျစေနိုင်ကြောင်း သိရှိရသည်။

**Source: Bangkok Post**

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**

**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ဗီယက်နမ်နိုင်ငံ၏ သစ်တောထွက်ကုန် ပြည်ပတင်ပို့မှုတစ်ဟုန်ထိုးမြင့်တက်

ဗီယက်နမ်နိုင်ငံ၏ သစ်နှင့်သစ်တောထွက်ပစ္စည်းများ ပြည်ပသို့တင်ပို့မှုသည် တစ်နှစ် ထက်တစ်နှစ် ၁၈ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်မှုဖြင့် ၂၀၁၉ ခုနှစ်၏ ပထမလေးလအတွင်း အမေရိကန် ဒေါ်လာ ၃ ဒသမ ၁၂ ဘီလီယံနီးပါးသို့ရောက်ရှိခဲ့ကြောင်း အကောက်ခွန်အထွေထွေဦးစီးဌာန၏ ပြောပြချက်အရ သိရှိရသည်။ ဗီယက်နမ်နိုင်ငံမှ သစ်နှင့်သစ်တောထွက်ပစ္စည်းများကို အများဆုံးတင်သွင်းသည့် ဈေးကွက် ၁၀ ခုမှာ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ ဗြိတိန်၊ ဂျာမနီ၊ ကနေဒါ၊ ဩစတြေးလျ၊ ပြင်သစ်နှင့် နယ်သာလန်နိုင်ငံများတို့ ဖြစ်ကြသည်။

ပြီးခဲ့သောနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ချက်အရ အချို့ဈေးကွက်များသို့ တင်ပို့ခဲ့မှုများက တိုးတက်မှုအားကောင်းခဲ့ကြောင်း၊ ဩစတြေးလျနိုင်ငံသို့ တင်ပို့မှုမှာ ၁၈၁ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်မှုဖြင့် အမေရိကန်ဒေါ်လာ ၇၀၆၀၈၁၊ ပေါ်တူဂီနိုင်ငံသို့ တင်ပို့မှုမှာ ၅၆ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်မှုဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၄ သန်း၊ မက္ကဆီကိုနိုင်ငံသို့ တင်ပို့မှုမှာ ၅၃ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်မှုဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၉ သန်း၊ ဆော်ဒီအာရေဗီးယားနိုင်ငံသို့ တင်ပို့မှုမှာ ၄၃ ရာခိုင်နှုန်းတိုးတက်မှုဖြင့် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄၂ သန်းနှင့် အမေရိကန်နိုင်ငံသို့ တင်ပို့မှုမှာ ၃၄ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်မှုဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၂ ဘီလီယံတို့ဖြစ်ကြောင်း အဆိုပါ အကောက်ခွန်အထွေထွေဦးစီးဌာန၏ ပြောပြချက်အရ သိရှိရသည်။

တူရကီနိုင်ငံသို့ တင်ပို့မှုမှာ ၈၁ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းမှုဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်း၊ ကမ္ဘောဒီးယားနိုင်ငံသို့ တင်ပို့မှုမှာ ၄၉ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းမှုဖြင့် အမေရိကန် ဒေါ်လာ ၁ ဒသမ ၉၂ သန်း၊ ဟောင်ကောင်နိုင်ငံသို့ တင်ပို့မှုမှာ ၄၅ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းမှုဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၂ သန်းနှင့် ဖင်လန်နိုင်ငံသို့ တင်ပို့မှုမှာ ၄၁ ရာခိုင်နှုန်းကျဆင်းမှုဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၄၈ သန်းတို့ဖြင့် အဆိုပါဈေးကွက်များသို့တင်ပို့မှုများမှာ သိသိသာသာကျဆင်းခဲ့သည်။

၂၀၁၉ ခုနှစ် ပထမခြောက်လအတွင်း ဗီယက်နမ်နိုင်ငံ၏ သစ်နှင့်သစ်တောထွက်ကုန်များ ပြည်ပသို့တင်ပို့မှုသည် ၂၀၁၈ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၆-၁၈ ရာခိုင်နှုန်း တိုးတက်လိမ့်မည်ဟု အကောက်ခွန်အထွေထွေဦးစီးဌာနက ခန့်မှန်းထားသည်။

ပြီးခဲ့သောနှစ် သစ်နှင့် သစ်တောထွက်ပစ္စည်းများ ပြည်ပသို့တင်ပို့မှုမှ ရရှိသော ပို့ကုန်ဝင်ငွေသည် လယ်ယာကဏ္ဍစုစုပေါင်း ပို့ကုန်ဝင်ငွေ၏ ၂၃ ရာခိုင်နှုန်းကျော်ဖြင့် အမေရိကန်ဒေါ်လာ ၉ ဒသမ ၄ ဘီလီယံနီးပါးရှိခဲ့ကြောင်း ဟိုချီမင်မြို့လက်မှုပစ္စည်းနှင့် သစ်တောထွက်လုပ်ငန်းအသင်း (Hawa) ၏ ပြောပြချက်အရ သိရှိရသည်။

သစ်တောထွက်ပစ္စည်းထုတ်လုပ်သည့် ကဏ္ဍအနေဖြင့်လည်း ကုန်သွယ်မှုပိုငွေအမေရိကန် ဒေါ်လာ ၇ ဘီလီယံကျော် ရှိခဲ့ပြီး လာမည့်ငါးနှစ်မှ ၁၀နှစ်အတွင်း ပြည်ပသို့ ပရိဘောဂတင်ပို့မှုဝင်ငွေကို အမေရိကန်ဒေါ်လာ ၂၀-၃၀ ဘီလီယံရရှိရန် ရည်မှန်းထားသည်။

**Source; vietnamnews.vn**

**ချိုချိုမာ (ရန်ကုန်)**

# နိုင်ငံတကာသို့ ဟွာဝေးစမတ်ဖုန်းတင်ပို့မှုကျဆင်း

ဇွန် ၁၆ ရက်တွင် Bloombergမှ ထုတ်ပြန်သော အစီ ရင်ခံစာအရ ဟွာဝေးသည် နိုင်ငံတကာသို့ စမတ်ဖုန်းတင်ပို့မှု များတွင် ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းထိ ကျဆင်းမှုအတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

တရုတ်နည်းပညာကုမ္ပဏီသည် Honor 20ဟု အမည်ရသည့်၎င်း၏ ပြည်ပဈေးကွက်သို့ရောင်းချသည့် စမတ်ဖုန်း၏ နောက်ဆုံးထုတ်မော်ဒယ်ကို ဆွဲတင်ခြင်း အပါအဝင် ရွေးချယ်စရာနည်းလမ်းများကို ရှာဖွေလျက်ရှိသည်။

၎င်းဖုန်းကို ဗြိတိန်နှင့် ပြင်သစ်အပါအဝင် ဥရောပနိုင်ငံအချို့တွင် ဇွန် ၂၁ ရက်က စတင်ရောင်းချခဲ့သည်။ အမှုဆောင်အရာရှိများက စတင်ရောင်းချမှုကို ထိန်းကျောင်းကြပ်မတ်သွားမည်ဖြစ်ပြီး အကယ်၍ ရောင်းချမှု အားမကောင်းပါက သဘော်တင်ပို့မှုများကို လျှော့ချသွားနိုင်သည်။

ယခုနှစ်အတွင်း နေရာအနှံ့၌ စမတ်ဖုန်းရောင်းချမှု ပမာဏ သန်း ၄၀ မှ သန်း ၆၀အကြား ကျဆင်းနိုင်ကြောင်း နည်းပညာကုမ္ပဏီကြီး၏ ဈေးကွက်ရှာဖွေရေးနှင့် အရောင်းမန်နေဂျာများက မျှော်လင့်ထားကြသည်။




ပြည်ပတွင်ကျဆင်းနေသော အရောင်းပမာဏကို တန်ပြန်ကိုင်တွယ်ရန် အလို့ငှာ ၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံ၏ စမတ်ဖုန်းဈေးကွက်၏ ထက်ဝက်ကို သိမ်းပိုက်သွားရန် ဟွာဝေးက ရည်ရွယ်ထားသည်။

အမေရိကန်အစိုးရသည် မေလအတွင်းက ကမ္ဘာ့အကြီးဆုံး တယ်လီဖုန်းဆက်သွယ်ရေးကုမ္ပဏီဖြစ်သည့် ဟွာဝေးကို အမျိုးသား လုံခြုံရေးစိုးရိမ်မှု အကြောင်းပြချက်ဖြင့် နာမည် ပျက်စာရင်းသို့ သွတ်သွင်းခဲ့သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ၎င်းနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းမပြုရန် အမေ ရိကန်ဘက်မှ လုပ်ငန်းရှင်များကို တားမြစ်လိုက်ခြင်းဖြစ်သည်။ ထိုအချိန်တွင် ဟွာဝေးတည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ RenZhengfei က "ကုမ္ပဏီ၏တိုးတက်မှုအပေါ် အနည်းငယ်မျှသာ နှောင့်နှေးနိုင်မည်"ဟု ပြောကြားခဲ့ဖူးသည်။

ယခုနှစ်အတွင်း ဟွာဝေး၏ အရောင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၂ဘီလီယံခန့် ကျဆင်းနိုင်ကြောင်း ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း Broadcom က ခန့်မှန်းလိုက်ရာ ကမ္ဘာလုံးဆိုင်ရာချစ်ပ်ပြားများ ထုတ်လုပ်သည့် လုပ်ငန်းအပေါ် ရိုက်ခတ်မှုဖြစ်သွားခဲ့ကြောင်း သိရသည်။

**ရင်းမြစ်၊ REUTERS**

**ဒေါက်တာရွှေစင်ကို**

**စီးပွားရေးသံမှူး (နန်နင်းမြို့)**

# ယာယီ အတက်အကျရှိသော်လည်း တရုတ်ယွမ်ငွေ တည်ငြိမ်နေမည်

မကြာသေးမီက တရုတ်ငွေကြေး ယွမ်မင်ဘီ (RMB)သည် ပြည်တွင်း၊ ပြည်ပဈေးကွက်နှစ်ရပ်စလုံးတွင် အတက်အကျကြမ်းမှုနှင့် ရင်ဆိုင်ခဲ့ရသော်လည်း တရုတ်နိုင်ငံ၏ ခိုင်မာသော စီးပွားရေးအုတ်မြစ်များ၏ အထောက်အကူဖြင့် ရေရှည်တွင် တည်ငြိမ်သွားလိမ့်မည်ဖြစ်သည်ဟု စီးပွားရေးပညာရှင်များက ယုံကြည်နေကြသည်။

တရုတ်ယွမ်ငွေနှင့် အမေရိကန်ဒေါ်လာ လဲလှယ်မှုနှုန်းသည် ဇွန် ၇ ရက်တွင် တစ်ဒေါ်လာလျှင် ၆ ဒသမ ၉၆ ယွမ်သို့လည်းကောင်း၊ ဇွန် ၁၀ ရက်တွင် တစ်ဒေါ်လာလျှင် ယွမ် ၆ ဒသမ ၉၃ သို့လည်းကောင်း တန်ဖိုးကျသွားခဲ့သည်။

Bank of China ၏ ဒုတိယအကြီးအကဲ Liu Guoqiang က တရုတ်နိုင်ငံသည် ၎င်း၏ခိုင်မာသော စီးပွားရေးအခြေခံအုတ်မြစ်များ၊ ကြီးကျယ်လှသည့် ဘေးဒဏ်ရင်ဆိုင် တုံ့ပြန်နိုင်စွမ်းနှင့် ကြီးမားသည့် အလားအလာများကို ထည့်သွင်းစဉ်းစားလျက် ဆီလျော်မှုရှိကာ မျှခြေအဆင့်ရှိပြီး ယေဘုယျအားဖြင့် တည်ငြိမ်သော ငွေလဲနှုန်းကို ထိန်းသိမ်းသွားရန် စွမ်းဆောင်ရည်နှင့် ယုံကြည်မှုရှိကြောင်း ပြောကြားခဲ့သည်။

အကောက်ခွန်ဌာန၏ စာရင်းများအရ ယခုနှစ် ပထမငါးလအတွင်း တရုတ်နိုင်ငံ၏ ကုန်သွယ်မှုပိုငွေမှာ ၄၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကာ ယွမ် ၈၉၃ ဒသမ ၁၆ ဘီလီယံ ရှိခဲ့ကြောင်း သိရသည်။

မေလအကုန်တွင် တရုတ်၏ နိုင်ငံခြားငွေကြေး အရန်ထားရှိမှု မှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၀၁ ထရီလီယံသို့ တိုးချဲ့ခဲ့ကာ ကိုးလအတွင်း အမြင့်ဆုံး ပမာဏဖြစ်ကြောင်း State Administration of Foreign Exchangeမှ ထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံ၏ ငွေကြေးတည်ငြိမ်စေရန်နှင့် ရေတိုငွေလဲနှုန်း အတက်အကျများကို အမြတ်ထုတ်သော ဈေးကစားသူများကို ထိရောက်စွာ ကာကွယ်ရန် တရုတ်နိုင်ငံတွင် ဈေးကွက်နှင့် မူဝါဒလက်နက်များစွာ ရှိကြောင်း Bank of Communications ၏ စီးပွားရေးအမှုဆောင်အရာရှိချုပ် Lian Ping က ပြောကြားခဲ့သည်။



တရုတ်နိုင်ငံသည် အဆုံးအဖြတ်ပေးသောနေရာတွင် ဈေးကွက်ကိုထားရှိသွားရန် ခွင့်ပြုလျက် ငွေလဲနှုန်းတည်ဆောက်ရေးယန္တရား၏ ဈေးကွက်ပြုမှုကို မြှင့်တင်သွားသင့်ကြောင်း၊ ထိုအချိန်အတောအတွင်း တရုတ်နိုင်ငံသည် တန်ပြန်လည်ပတ် ဆောင်ရွက်သော အကြောင်းရင်းများ၏ နည်းလမ်းများကို လက်ကိုင်ပြုကာ တည်ငြိမ်သော ငွေလဲနှုန်းကို ထိန်းထားရန်နှင့် နိုင်ငံပြင်ပမှ လိုနေသော ရောင်းချသူများကို ထောက်လှမ်းရန် ပြည်ပရှိ ယွမ်ဈေးကွက်များတွင် ဗဟိုဘဏ်ထုတ်ငွေသားများကို ထုတ်ပေးသင့်ကြောင်း Bank of China ၏ အကြီးတန်း သုတေသီတစ်ဦးဖြစ်သူ Zhou Jingtongက အကြံပြုထားသည်။

**ရင်းမြစ်။ Xinhua**
**ဒေါက်တာရွှေစင်ကို**
**စီးပွားရေးသံမှူး (နန်နင်းမြို့)**



# ဒစ်ဂျစ်တယ်ငွေကြေးစီမံကိန်းအတွက် အမေရိကန်အထက်လွှတ်တော် ခုံအဖွဲ့က ဖေ့စ်ဘွတ်ခ်ကို ဆင့်ခေါ်

ကမ္ဘာတစ်ဝန်းတွင် ဆောင်ရွက်မည့် ဖေ့စ်ဘွတ်ခ်၏ cryptocurrency ခေါ် ဒစ်ဂျစ်တယ်ငွေကြေးစီမံကိန်းကို ကြားနာစစ်ဆေးရန် အမေရိကန်အထက်လွှတ်တော် ဘဏ်လုပ်ငန်းကော်မတီက ဇွန် ၁၆ ရက်က ဆင့်ခေါ်ခဲ့ရာစီမံကိန်းနှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်းရှိ မူဝါဒရေးဆွဲသူတို့ စိုးရိမ်မှုရှိနေသည်ကိုပြသသည့် လက္ခဏာတစ်ရပ်ဖြစ်ကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။

ကော်မတီ၏ ကြားနာစစ်ဆေးမှုတွင် လိုင်ဘရာ (Libra) ဟုခေါ်သော ငွေကြေးစီမံကိန်းအကြောင်းနှင့် ဒေတာများခိုးယူမှုဖြစ်နိုင်မည့် အလားအလာများကို စစ်ဆေးမေးမြန်းမည်ဖြစ်ကြောင်း ကော်မတီက ဇွန် ၁၉ ရက်ကပြောသည်။ ထိုသို့ဖြစ်ပေါ်နိုင်သည့် သက်သေအထောက်အထားများကို ထုတ်ဖော်ကြေညာခြင်းမရှိသေးကြောင်း ကော်မတီပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဖေ့စ်ဘွတ်ခ်၏ ဆောင်ရွက်မှုများကို ကြီးကြပ်ဆောင်ရွက်နေသော ဒေးဗစ်မားကတ်က ကြားနာစစ်ဆေးမှုကိုဆောင်ရွက်မည်ဟု မျှော်လင့်ရကြောင်း ထိုကိစ္စနှင့်ရင်နှီးသော ဝါရှင်တန်မှ သတင်းရင်းမြစ်တစ်ခုက ပြောသည်။ ကမ္ဘာ့ဒစ်ဂျစ်တယ်ငွေကြေးတစ်ခုကို စတင်ထုတ်ဝေမည့် အစီအစဉ်များကို စတင်တော့မည်ဖြစ်ကြောင်း ဖေ့စ်ဘွတ်ခ်က ထုတ်ဖော်ပြောကြားပြီးနောက်ပိုင်း တစ်ရက်အကြာတွင်ကြေညာချက် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဖေ့စ်ဘွတ်ခ်အား အလားတူစစ်ဆေးမှုမျိုးကို ဆောင်ရွက်ရန် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း အောက်လွှတ်တော် ဘဏ္ဍာရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် မက်ကဇင်းဝါးတားက ဇွန် ၁၅ ရက်က ပြောသည်။ မူဝါဒချမှတ်သူတို့က လေ့လာစိစစ်နေစဉ်ကာလအတွင်း စီမံကိန်းကို ရပ်တန့်ထားရန်လည်း အကြောင်းကြားထားသည်။

**စံမီအောင်**

# H-1B ဗီဇာကိစ္စကို အိန္ဒိယနိုင်ငံက အမေရိကန်ပြည်တောင်စုနှင့် ဆွေးနွေးမည်

H-1B အလုပ်လုပ်ကိုင်ခွင့်ဗီဇာကိစ္စကို အမေရိကန်ပြည်ထောင်စုနှင့်ဆွေးနွေးမည်ဖြစ်ကြောင်း၊ သို့ရာတွင် အိန္ဒိယနိုင်ငံသားများအတွက် ဤဗီဇာအမျိုးအစားကိုထိန်းချုပ်မည်ဟု အမေရိကန်အစိုးရက တရားဝင်ပြောကြားခြင်းမရှိသေးကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန် ၂၀ ရက်တွင် ပြောသည်။

ဒေတာအချက်အလက်များကို ပြည်တွင်းမှာသာ သိုလှောင်ထိန်းသိမ်းရမည်ဟု နိုင်ငံခြားကုမ္ပဏီများအား အတင်းအကျပ်ထိန်းချုပ်နေသော နိုင်ငံများအတွက် H-1B အလုပ်လုပ်ကိုင်ခွင့်ဗီဇာကို ထိန်းချုပ်မည်ဟု အမေရိကန်နိုင်ငံက အိန္ဒိယနိုင်ငံကို ဇွန် ၁၉ ရက်က ပြောကြားကြောင်း ဤကိစ္စနှင့်နီးစပ်သည့် သတင်းရင်းမြစ်များကိုကိုးကား၍ ရိုက်တာသတင်းတွင်ဖော်ပြသည်။

အမေရိကန်မှ တရားဝင်ဆက်သွယ်မှုမရှိသေးကြောင်း သတင်းစာရှင်းလင်းပွဲတွင် ဤကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်ကို ဖြေကြားရာတွင်နိုင်ငံခြားရေးဝန်ကြီး ရာဗစ်ကူးမားက ပြောသည်။

'အမေရိကန်အစိုးရဆီက ကျွန်တော်တို့ ဘာမှ မကြားရသေးပါဘူး။ ဒီကိစ္စအတွက် အမေရိကန်အစိုးရနဲ့ ကျွန်တော်တို့ ဆက်သွယ်ဆောင်ရွက်နေပါတယ်' ဟု ကူးမားကပြောသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယို အိန္ဒိယနိုင်ငံသို့လာရောက်မလည်ပတ်မီ ရက်အနည်းငယ်အကြာတွင် အမေရိကန်ပြည်ထောင်စုက H-1B ဗီဇာကန့်သတ်မည့်သတင်း ပေါ်လာခြင်းဖြစ်သည်။ မကြာသေးမီ သီတင်းပတ်များအတွင်းကလည်း ကုန်သွယ်ရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံ လက်တုံ့ပြန်ဆောင်ရွက်မှုများဖြစ်ခဲ့သည်။ **စံမီအောင်**

# အာဆီယံ ထိပ်သီးအကြိုဆွေးနွေးပွဲများ ထိုင်းနိုင်ငံတွင် ကျင်းပ

(၃၄)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) ထိပ်သီးဆွေးနွေးပွဲ ပဏာမအစည်းအဝေးကို အမြဲတမ်းကိုယ်စားလှယ်များက ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဇွန် ၂၀ရက်က ကျင်းပကြောင်း plenglish ဝက်ဘ်ဆိုက်သတင်းတွင်ဖော်ပြသည်။

အစည်းအဝေးတွင် ပေါင်းစပ်ညှိနှိုင်းရေးကောင်စီ အစည်းအဝေးကို ဇွန် ၂၂ ရက်နှင့် ထိပ်သီးအစည်းအဝေးကို ဇွန် ၂၃ ရက်တို့တွင် ကျင်းပရန် အာဆီယံ ၁၀နိုင်ငံမှ အမြဲတမ်းသံမတ်များက သဘောတူခဲ့ကြသည်။

ထိပ်သီးအစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံတော်နှင့် အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်မည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် အရှေ့တောင်အာရှဒေသ၌ စီးပွားရေးနှင့် နိုင်ငံရေးပူးပေါင်းဆောင်ရက်မှုကို ခိုင်မာအောင်တည်ဆောက်ပေးနိုင်မည့် ယန္တရားတစ်ခုတည်ထောင်ရေးကို အလေးပေးဆွေးနွေးမည်ဖြစ်သည်။ ဤသို့ဖြင့် ဒေသကြီးကို ဒစ်ဂျစ်တယ်နည်းပညာသုံး၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာ အပြန်အလှန် ဆက်သွယ်မှုရှိသော စွမ်းအားထက်မြက်သည့် စီးပွားရေးဖွံ့ဖြိုးရေးဇုန်အဖြစ် ဖန်တီးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

အာဆီယံ၏ ရေတိုရည်မှန်းချက်တစ်ခုမှာ တရုတ်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ အိန္ဒိယ၊ ဂျပန်နှင့် နယူးဇီလန်နိုင်ငံတို့နှင့်အတူ ဒေသတွင်း စီးပွားရေး ပေါင်းစည်းသည့်အသင်းတစ်ခုအဖြစ် ထူထောင်ရန်ဖြစ်သည်။

သဘောတူစာချုပ်ကို ချုပ်ဆိုနိုင်မည်ဆိုပါက သဘောတူစာချုပ်တွင် ပါဝင်သော ၁၆ နိုင်ငံ၏ လူဦးရေမှာ ကမ္ဘာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းပါဝင်ပြီး ကမ္ဘာ့ဂျီဒီပီ၏ သုံးပုံတစ်ပုံရှိနေသည့်အတွက် ကမ္ဘာတွင် အကြီးမားဆုံးကုန်သွယ်ရေးဇုန်ဖြစ်လာမည်။

**စံမီအောင်**









MEGA DYNAMIC COMPANY LIMITED

HOTEL PARAMI
MAKING A DIFFERENCE

the village resort








Add : အမှတ်(၃) ရပ်ကွက်၊ မြို့မလမ်း၊ ငွေဆောင်မြို့နယ်၊
ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်း၊
Ph : ၀၉၅၀၈၉၃၅၁ ၊ ၀၉၇၇၃၀၀၇၀၀၀ ၊ ၀၉၂၅၄၂၅၄၃၄၅
Email : enquiry@village-resort.com

ASIA SPEED CONSTRUCTION CO., LTD.

CONSTRUCTION
PROMOTION

09 790 999 282



09 259 001 531


ID Card
Promotion
CHERRY OO
Get 15%
ဝန်ထမ်းကဒ်၊ကျောင်းသားကဒ်၊
သင်တန်းကဒ်ဖြင့်
Discount ရယူကြစို့..
https://www.facebook.com/cherryoowatchgallery
https://www.instagram.com/cherryoowatchgallery
https://www.cherryoo.com
Contact
09 730 222 48, 09 451 522 228

MOE HTET GABAR
COMPANY LIMITED
Address : No. 151, Room (B-702, B-704), Myawaddy Bank Luxury Complex,
Bogyoke Aung San Street (Corner of Wardan Street), Lanmadaw Township, Yangon, Myanmar.
Tel : 01-212311, 212837, 2301468~70

COMMERCE
INTERNATIONAL

# RCEP နှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံ၏ မျှော်လင့်ချက်




ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာမိတ်အဖွဲ့ Regional Comprehensive Economic Partnership (RCEP) ၏ဆွေးနွေးညှိနှိုင်းမှုများသည် ယခုနှစ် လွန်ခဲ့သောခြောက်လအတွင်း အနည်းငယ်မျှသာတိုးတက်မှုရရှိခဲ့ပြီး အားရစရာ မကောင်းခဲ့သော်လည်း ထိုင်းနိုင်ငံအနေဖြင့် နိုဝင်ဘာလတွင် နိုင်ငံပေါင်း ၁၆ နိုင်ငံ ပါဝင်လျက် သမိုင်းဝင်အပြီးသတ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အာဆီယံ ၁၀ နိုင်ငံအပြင် အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်တို့ပါဝင်ကြောင်း၊ စေ့စပ်ဆွေးနွေးမှုများမှာခုနစ်နှစ်ခန့်ကြာပြီဖြစ်ကြောင်း၊ လေ့လာသူများနှင့် ကျွမ်းကျင်သူများက ကမ္ဘာ့အကြီးမားဆုံးကုန်သွယ်မှုဆိုင်ရာအခက်အခဲများကို ဆွေးနွေးညှိနှိုင်းမှုများ အဆုံးသတ်စေခြင်းဖြင့် အာဆီယံ၏ အချက်အချာကျမှုကို ပြသရာရောက်စေမှာဖြစ်သည်ဟုယုံကြည်ကြောင်း၊ (၃၄)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ဇွန် ၂၀ ရက်မှ ၂၃ ရက်အထိကျင်းပမှာဖြစ်ကြောင်း သိရှိရသည်။

RCEPဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများ ယခုနှစ်အကုန်တွင် ပြီးဆုံးရန်မှာ ထိုင်းနိုင်ငံအတွက် ယခုနှစ်အလှည့်ကျ အာဆီယံဥက္ကဋ္ဌတာဝန်တစ်ခုဖြစ်ကြောင်း၊ ကုန်သွယ်မှုဆိုင်ရာကိစ္စတွင် အာဆီယံကုန်သွယ်မှုဆိုင်ရာတစ်ခုတည်းသော ပြတင်းတစ်ပေါက်စနစ် (Asean Single Window Trade System)ပြီးဆုံးမှုနှင့် အာဆီယံနိုင်ငံများအနေဖြင့် Industry 4.0 သို့ ကူးပြောင်းရေးဆိုင်ရာ ကြေညာချက်များလည်း ပါဝင်သည်။

ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုမှာ အမေရိကန်-တရုတ် ကုန်သွယ်ရေးတင်းမာမှုများကြောင့် လှုပ်ယမ်းနေခဲ့ကြောင်း၊ အာဆီယံ ၁၀ နိုင်ငံအနေဖြင့် ယခုနှစ်အကုန်တွင် RCEP စေ့စပ်ဆွေးနွေးမှုများ ပြီးဆုံးရန် တစ်သဘောတည်းဆန္ဒရှိကြောင်း၊ စူပါပါဝါ နှစ်နိုင်ငံအငြင်းပွားမှုကြောင့် ထိုင်းနိုင်ငံအနေဖြင့် တရုတ်သို့တင်ပို့သည့်ပို့ကုန်များ ယခုနှစ်တွင်တစ်စထက်တစ်စ လျော့နည်းခဲ့ရကြောင်း၊ ယခုနှစ် ပထမလေးလပတ်အတွင်း ထိုင်းပို့ကုန်တင်ပို့မှုမှာ နှစ်အလိုက် နှိုင်းယှဉ်မှုတွင် ၈ ဒသမ ၁ ရာခိုင်နှုန်း ခန့်လျော့ကျခဲ့ကြောင်း၊ ပို့ကုန်တင်ပို့မှုလျော့ကျခြင်းက ဧပြီလတွင်ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၅ ဘီလီယံရှိကြောင်း၊ RCEP စေ့စပ်ဆွေးနွေးမှု အဆုံးသတ်ပြီးဆုံးခြင်းဖြင့် ထိုင်းနိုင်ငံ၏ ပို့ကုန်များ ပိုမိုတိုးချဲ့တင်ပို့နိုင်မှာဖြစ်ကြောင်း၊ အခြားနိုင်ငံများနှင့်လည်း ပိုမိုလွတ်လပ်စွာ ကုန်သွယ်လာနိုင်မှာဖြစ်ကြောင်း၊ သို့ဖြစ်ရာ RCEPအဆုံးသတ်ရေးမှာ ထိုင်းနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌတာဝန်ယူနေစဉ်ကာလအတွင်း အဓိကဦးစားပေးကိစ္စဖြစ်ကြောင်း၊ ၎င်းမှာ အရေးကြီးဆုံး စိန်ခေါ်မှုလည်းဖြစ်ကြောင်း၊ အောင်မြင်ပါက အကြီးမားဆုံးအောင်မြင်မှုဖြစ်ကြောင်း၊ ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရှိရသည်။

RCEP ဆွေးနွေးမှုများ အောင်မြင်ပါက သမိုင်းတွင် အကြီးမားဆုံးနိုင်ငံစုံကုန်သွယ်မှုသဘောတူညီချက် ဖြစ်လာမှာဖြစ်ကြောင်း၊ RCEP အဖွဲ့ဝင်များအားလုံး၏GDP စုစုပေါင်းမှာ ကမ္ဘာလုံးဆိုင်ရာ GDP ၏ ၂၈ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ကုန်သွယ်မှုတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းအထိရှိကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ RCEP နိုင်ငံများနှင့် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၇၀ ဘီလီယံရှိကြောင်း၊ ထိုင်းနိုင်ငံမှ RCEP နိုင်ငံများသို့ ပို့ကုန်တင်ပို့မှုမှာစုစုပေါင်းတင်ပို့မှု၏ ၅၈ ရာခိုင်နှုန်းရှိကြောင်း၊ မနှစ်ကစင်ကာပူအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူနေစဉ်အတွင်း RCEP အခန်း (၂၀)အနက် ၇ ခန်းကို သဘောတူညီချက်ရခဲ့ကာ ပြီးစီးခဲ့ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ကျန်အခန်း ၁၃ ခန်းကို ပြီးစီးအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လွန်ခဲ့သည့်ခြောက်လအတွင်း အခန်း(၁)ခန်းမှ မပြီးစီးခဲ့ကြောင်း၊ သို့ရာတွင် တိုးတက်မှုများရှိကြောင်း၊ ကုန်စည်နှင့် ဝန်ဆောင် မှုကုန်သွယ်ရေး၊ ယှဉ်ပြိုင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့တွင် တိုးတက်မှုများရှိခဲ့ကြောင်း၊ အချို့နိုင်ငံများအနေဖြင့် ဆုံးဖြတ်ရန်ကျန်နေကြောင်း၊ RCEP ဒေသတွင်းနိုင်ငံတချို့ရှိ ရွေးကောက်ပွဲများကလည်း စေ့စပ်ဆွေးနွေးမှုများကို နှောင့်နှေးစေခဲ့ကြောင်း၊ ထိုင်းနှင့် အင်ဒိုနီးရှားတွင် မတ်လနှင့် ဧပြီလများတွင်လည်းကောင်း၊ အိန္ဒိယတွင်အထွေထွေရွေးကောက်ပွဲအပြီး ဧပြီ ၁၁ ရက်မှ မေ ၁၉ ရက်အထိကျင်းပခဲ့ကြောင်း၊ ရွေးကောက်ပွဲများကြောင့် RCEP နိုင်ငံများအနေဖြင့် စေ့စပ်ဆွေးနွေးမှုများအတွက် အသစ်ဖွဲ့စည်းပေါ်ပေါက်လာမည့်အစိုးရအဖွဲ့သစ်များကို စောင့်ဆိုင်းနေရကြောင်း၊ တချို့နိုင်ငံများအနေဖြင့် တရုတ်၊ အိန္ဒိယနိုင်ငံများနှင့် FTA ချုပ်ဆို လုပ်ကိုင်ကြခြင်းမရှိကြောင်းလည်း သိရှိရသည်။

ပို့ကုန်များအတွက် ပင်ရင်းနိုင်ငံဆိုင်ရာကိစ္စမှာ အချိန်ပိုမိုလိုအပ်မည်ဖြစ်ကြောင်း၊ RCEPဆွေးနွေးမှုများအတွက် ယခုနှစ် နိုဝင်ဘာလတွင် ပြီးဆုံးရန်ဖြစ်ကြောင်း၊ ကုန်သွယ်မှုနှင့်ပတ်သက်၍ လက်မှတ်ရေးထိုးနိုင်မှုကို ၂၀၂၀ ပြည့်နှစ်တွင် ရေးထိုးနိုင်မည်ဟု မျှော်လင့်ကြောင်း၊ လက်မှတ်ရေးထိုးပြီးနောက် နိုင်ငံများအနေဖြင့် သက်ဆိုင်ရာပါလီမန်သို့ တင်ပြအတည်ပြုချက်ရယူရန် ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် RCEP အသက်ဝင်လာနိုင်မည်ဖြစ်ကြောင်း၊ RCEP ပြီးဆုံးမှုက ထိုင်းနိုင်ငံအနေဖြင့် ပို့ကုန်များအတွက်သာမကဘဲ ထိုင်းနိုင်ငံအနေဖြင့် အာဆီယံ၏ အချက်အချာကျမှုကိုလည်း ဖော်ဆောင်ပြသရာရောက်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုများ ခေတ်စားနေချိန် အာဆီယံအနေဖြင့် ပို့ကုန်အပေါ် မှီခိုသောဒေသဖြစ်ပြီး နိုင်ငံစုံ လွတ်လပ်သောကုန်သွယ်မှုအပေါ် ရပ်တည်လျက်ရှိကြောင်း၊ ယခုနှစ်အကုန်တွင် RCEP ကိုဖော်ဆောင်နိုင်ခြင်းဖြင့် ထိုင်းနိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာက Supply Chain တွင်ပိုမိုနေရာရရှိလာမှာဖြစ်ကြောင်း၊ လာမည့်နှစ်များတွင် ကုန်သွယ်မှုဆိုင်ရာ မသေမချာမရေမရာမှုများအပေါ်တွင်လည်း ပိုမိုကိုင်တွယ်ဖြေရှင်းလာနိုင်မှာဖြစ်ကြောင်း သိရှိရသည်။

**Source:The Nation**

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

# အာရှတစ်ဝန်းတွင် ဝက်တုပ်ကွေးရောဂါ ပျံ့နှံ့နေသည့်အတွက် တရုတ်နှင့် ဗီယက်နမ်၌ ဝက်သန်းချီသုတ်သင်

အာဖရိက ဝက်တုပ်ကွေးရောဂါ ထိန်းချုပ်နိုင်ရေးကို ဦးစားပေးဆောင်ရွက်ရန် အာရှနိုင်ငံများအား ကုလသမဂ္ဂအစားအစာအေဂျင်စီက တိုက်တွန်းထားသည့်အတွက် တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ဝက်သန်းပေါင်းများစွာကို သုတ်သင်ခဲ့ရကြောင်း အေပီသတင်းတွင်ဖော်ပြသည်။

ကူးစက်ရောဂါသည် လာအိုနိုင်ငံအထိ ပြန့်ပွားနေကြောင်း ကုလသမဂ္ဂအစားအစာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO) ၏ ကြေညာချက်နှင့်အတူ ယခုရောဂါပြန့်ပွားမှုမှာ သမိုင်းတွင် အဆိုးရွားဆုံး တိရစ္ဆာန်ရောဂါပြန့်ပွားမှုဖြစ်ကြောင်း ကျွမ်းကျင်သူတို့ကပြောသည်။

တရုတ်နိုင်ငံတွင် လွန်ခဲ့သောဩဂုတ်လမှစ၍ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ဒေသတွင်းရှိ ဝက်ကောင်ရေ ၃ ဒသမ ၇ သန်းကျော်ကို သုတ်သင်ခဲ့ရကြောင်း ဇွန် ၂၀ ရက်က ထုတ်ပြန်သော FAO ၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံမှာ အဆိုးဆုံးထိခိုက်ခံရပြီး အနည်းဆုံးဝက်ကောင်ရေ ၂ ဒသမ ၆ သန်းကို သုတ်သင်ခဲ့ရသည် ။ တရုတ်နိုင်ငံကမူ ဝက်ကောင်ရေ ၁ ဒသမ ၁ သန်းကို သုတ်သင်ခဲ့ရသည်။ ဤကိန်းဂဏန်းအားလုံးမှာ ကပ်ဘေးသင့်ခံခဲ့ရသော နိုင်ငံများ၏ အစိုးရများကပေးသော ကိန်းဂဏန်းများဖြစ်သည်။



ဩဂုတ်လက တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းတွင် ပထမအကြိမ်ဖြစ်ပွားကြောင်း သတင်းများထွက်ပေါ်ပြီးနောက်ဟောင်ကောင်၊ထိုင်ဝမ်၊ မြောက်ကိုရီးယား၊ ကမ္ဘောဒီးယားနှင့် မွန်ဂိုလီးယားတို့တွင် အနည်းငယ်စီ ဖြစ်ပွားခဲ့သည်။

အာဖရိက ဝက်တုပ်ကွေးရောဂါသည် လူကိုအန္တရာယ်မဖြစ်စေသော်လည်း ဝက်များအတွက်မှာ အလွန်ပြင်းထန်သောရောဂါဖြစ်ပြီး ကူးစက်လွယ်သည်။ ကုသရန် ဆေးလည်းမရှိသေးပေ။

ဝက်သားထုတ်လုပ်မှု အများဆုံးဖြစ်သော တရုတ်နိုင်ငံနှင့် ဘေးဒဏ်အထိများသော ဗီယက်နမ်နိုင်ငံတို့တွင် ဝက်ကောင်ရေ အများအပြားကို သုတ်သင်ခဲ့ရသည့်အတွက် ဝက်သားရောင်းလိုအား ကျဆင်းကာ ကမ္ဘာ့ဝက်သားဈေး ၄၀ ရာခိုင်နှုန်း မြင့်တက်ပြီး ဈေးထဲတွင် ဝက်သားပြတ်လပ်ခဲ့သည်။

ဝက်သားကိုအလေးထားစားသုံးသော တောင်ကိုရီးယားတွင် ရောဂါပြန့်ပွားပါက ဝက်မွေးမြူရေးလုပ်ငန်းရှိဝက်ကောင်ရေ ၁၁ သန်းကို မွေးထားသော မွေးမြူရေးခြံ ၆၃၀၀၀ ကို ထိခိုက်နိုင်ဖွယ် ရှိနေသည်။

**စံမီအောင်**

Beat Plastic Pollution

**ပလတ်စတစ်ညစ်ညမ်းမှုကို**
**တိုက်ဖျက်ကြစို့။**